
www.burmeseclassic.com

# လွှန်းထားထား

(ဆေးတက္ကသိုလ်)

## ညှို့သခင်နဲ့ ကိုယ်ရောင်ပျောက်သူ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com





## အခန်း ... ၁

တကယ်တော့ ပြဿနာသည် ဒီကနေ စတင်ခဲ့ခြင်းဖြစ်သည်။ ပြဿနာကို ညို့က လိုက်ရှာခဲ့ရသည် မဟုတ်ဘဲ ထိုပြဿနာတွေက ညို့ဆီ သူ့အလိုလို ရောက်ရှိလာခဲ့ကြတာဖြစ်သည်။ ဘာနှင့်တူသလဲဆိုတော့ တဖွဲ့တနွဲ့ ဥပမာပေးရလျှင် ညို့ဆိုသော မေညို့မယ်က သံလိုက်မာတ်စက်ကွင်း တစ်ခုနှင့်တူပြီး အဲဒီ အလုံးစုံသော ပြဿနာ အထွေထွေက သံတိုသံစတွေနှင့်တူလေသည်။ တကယ်တော့လည်း ညို့က ရိုးရိုးစင်းစင်းသာမန်ဘဝကလေးတစ်ခုကိုသာ ဖြတ်သန်းချင်ခဲ့သူပါ။ စွမ်း



www.burmeseclassic.com

www.burmeseclassic.com



အင်တွေ၊ ပါဝါတွေဆိုတာ သိပ်လည်း အယုံအကြည် ကြီးမားခဲ့သူ မဟုတ်။ ရုပ်ရှင်တွေ ဘာတွေထဲမှာတော့ ကြည့်ဖူးသည်ပေါ့နော်။ အဲဒီတုန်းကတော့ ဘာရယ်မဟုတ် စိတ်ကူးကလေးယဉ်ပြီး စိတ်ရဲ့ စွမ်းအင်တွေ ဘာတွေတော့ ရချင်ခဲ့သားပင်။ အင်း . . . တစ်ခုတော့ ရှိပါသည်။ ညို့က ဆုတောင်းပြည့်ဝခြင်းနှင့် လိုတရခြင်းတို့ကိုတော့ အကြွင်းမဲ့ယုံကြည်တတ်ပါသည်။ ရှေးရှေးဘဝက ကိုယ်ပြုခဲ့သမျှ၏ ကုသိုလ်ကံ အကျိုးဆက်ရယ်၊ ပြီးတော့ . . . ဒီဘဝမှာ ကိုယ်က စိတ်ကောင်းစေတနာကောင်းထားလျှင် ထိုစိတ်စေတနာ၏ တန်ပြန်အကျိုးကို ပြန်၍ ခံစားရတတ်သည်ဆိုတာကိုတော့ ယုံကြည်သည်ပေါ့။ ညို့သည် ထိုဆုနှင့် အလိုလို ပြည့်နေခဲ့သည်ကို တစ်ခါတစ်ရံ ကြက်သီးမွေးညှင်းဖြာလောက်အောင်လည်း အံ့ဩမိသည်။ ဘယ်အချိန်ကတည်းက ထိုသို့ စိတ်စွမ်းအင်တွေ ထက်မြက်နေခဲ့မှန်းလည်း ညို့ မသိပါ။ ညို့ သိလိုက်ရချိန်မှာ





တော့ လူတွေက ညို့ကို စုန်းလိုလို၊ ကဝေလိုလို ထင်မှတ်မှားနေခဲ့ကြပြီ။ ညို့ကို ကွယ်ရာမှာ 'ညို့ကဝေ'ဟု ခေါ်ဝေါ်နေကြကြောင်းလည်း တဆင့်စကားတွေနှင့် ပြန်ကြားခွင့် ရခဲ့ပြီးပြီ။ ခက်သည်မှာ ညို့ ဘာတတ်နိုင်မည်နည်း။ ညို့သည် 'မေညို့မယ်'ဆိုသော နာမည်ကပဲ စီးခဲ့သလား၊ ဟိုရှေးရှေးဘဝကပဲ ဆုတောင်းကောင်းခဲ့သလား၊ ဒီဘဝမှာလည်း စိတ်ကောင်းစေတနာကောင်းထားလျက် စိတ်မှာ အညစ်အကြေး၊ အစွန်းအထင်းမရှိ ကြည်လင်ရှင်းသန့်နေစေသောကြောင့်ပဲလားမသိ။ ညို့သည် စိတ်ညို့တတ်သူတစ်ယောက်လို တစ်ခုခုကို စိတ်ညို့လိုက်မိလျှင် ထိုစိတ်အတိုင်း ဖြစ်လာတတ်ခြင်းကို လိုတရခြင်းဟုသာ အမည်တပ်လိုပါသည်။

ညို့ကိုယ်တိုင် သတိမထားမိသော အချိန်ကာလတွေကတည်းကပင် ညို့သည် တကူးတက စိတ်ညို့မနေရဘဲ တမ်းတလိုက်ရုံနှင့် အလိုလို ပြည့်စုံသွားတတ်သည်ကိုတော့



www.burmeseclassic.com

www.burmeseclassic.com



တအံ့တသြ ပျော်ရွှင်ရင်ခုန်ခဲ့ဖူးပါသည်။ ဥပမာဆိုပါတော့ လွန်ခဲ့သော တစ်လလောက်က ညို့နှင့် မေမေ ဈေးသို့သွားခဲ့ကြစဉ် မေမေက ဘုရားပန်းဝယ်ဖို့ ဝယ်နေကျ ပန်းသည်ဆီ လျှောက်သွားသည်။ အဲဒီမှာ ထူးထူးဆန်းဆန်း နှင်းဆီအဖြူဆိုလို့ တစ်စည်းတည်းသာရှိပြီး ကျန်သော နှင်းဆီတွေက ပန်းရောင်၊ အနီရောင်၊ လိမ္မော်ရောင်တွေချည်း ဖြစ်သည်။ ပန်းအဖြူစည်းကို အန်တီကြီးတစ်ယောက်က ဖျတ်ခနဲ ကောက်ကိုင်လိုက်တာ ဦးသွားချိန်တွင် ညို့သည် မေမေ့ကို . . .

"ဟယ် . . . မေမေရယ်၊ နှင်းဆီအဖြူတွေ ညို့ ဘုရားပန်း တင်ချင်လိုက်တာ"

ဟု . . . လှိုက်ခနဲ ညွတ်လိုက်မိသောစိတ်ဖြင့် လိုလိုချင်ချင် ပြောလိုက်မိသည်။ မေမေက . . .

"နှင်းဆီအဖြူမှ မရှိတော့တာ သမီးရယ်၊ သူများ ဦးသွားပြီ၊ ကဲ . . . မေမေတို့ အဝါပဲ ထိုးကြစို့"





ဟု . . . ဆိုဆဲ ညို့သည် မရည်ရွယ်ဘဲ နှင်းဆီအဖြူတွေဆီ စိုက်ပြီး ငေးကြည့်နေလိုက်မိသည်။ အဖြစ်အပျက်က အလွန်ပဲ လျှင်မြန်လှပါသည်။ နှင်းဆီအဖြူ ပန်းစည်းကို ကိုင်ထားသော ထိုအန်တီကြီးက ညို့ဆီ ဖျတ်ခနဲ လှည့်ကြည့်ကာ ပြုံးပြသည်။ ပြီးတော့ စိတ်ညို့ခံလိုက်ရသလို စိတ်ပြောင်းသွားကာ နှင်းဆီအဖြူစည်းကို ပြန်ချလိုက်ပြီး အဝါတစ်စည်းသာ ရွေးယူငွေရှင်းလျက် ပြန်ထွက်သွားသည်။ အဲဒီတော့မှ မေမေက အံ့သြပြုံးဖြင့် ညို့ကို လှည့်ပြုံးပြကာ . . .

"ကဲ . . . သမီးဆုတောင်း ပြည့်သွားပြန်ပြီ၊ မေမေ နှင်းဆီအဖြူတွေပဲ ယူလိုက်တော့မယ်"

ဟု . . . ဆိုလျက် နှင်းဆီအဖြူစည်းကို ယူပြီး ပိုက်ဆံရှင်းပေးလိုက်သည်။ အဲဒီတော့မှ စောစောက ပန်းအဝါယူသွားသော အန်တီကြီးက ဇဝေဇဝါ၊ ချီတုံချတုံ မျက်နှာပေးဖြင့် ပြန်ရောက်လာကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"အို . . . ပန်းအဖြူပဲ ယူပါတော့မယ်"

ဟု . . . နှုတ်မှ ရေရွတ်လျက် ညို့၏လက်ထဲမှာ ရောက်နေပြီဖြစ်သော နှင်းဆီဖြူပန်းစည်းကြီးကို မြင်မတော့ နောင်တရသလိုလို၊ နှမြောသလိုလို၊ အကြည့်မျိုးဖြင့် ကြည့်လျက် ကျန်ရစ်ခဲ့သည်။ ညို့သည် အန်တီကြီးကို အားနာစွာပင် ပြုံးပြခဲ့မိသေးသည်။ ဒါက အရိုးရှင်းဆုံးနှင့် အသိမ်မွေ့ဆုံးသော ဥပမာဖြစ်သည်။ နောက်ထပ် ဥပမာတွေက အများကြီး။ ညို့၏ ထူးခြားမှုကို သူငယ်ချင်းတွေကအစ အသိဆုံး။ အထူးသဖြင့် ကျောင်းရှိ ကန်တင်းမှာ လူတွေ သိပ်ကြပ်နေသော lunch time လို အချိန်မျိုးမှာဆို ညို့၏ အစွမ်းအစကို သူတို့ အလွန် ယုံကြည်ပြီးသား။

"ဟဲ့ . . . ညို့မယ်၊ ထိုင်စရာ နေရာကလေး ဘာလေး ရအောင် လုပ်ပေးဦးလေ"

ဟု . . . အပူကပ်တတ်မြဲ။ ညို့ကလည်း ဟုတ်





သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ရယ်ရယ်မောမောပင်။

"အေးဟယ် . . . စားပွဲဝိုင်းကလေး တစ်နေရာလောက် ရချင်လိုက်တာ၊ မြန်မြန်စားပြီးတဲ့သူတွေ မြန်မြန် ဖယ်ပေးကြပါစေ"

ဟု . . . ရွတ်နောက်နောက်ကလေး ပြောလို့မှ မဆုံးသေး၊ စားပွဲဝိုင်းတစ်ဝိုင်းဝိုင်းမှ လူတွေကတော့ ထစမြဲ။

"တွေ့လား . . . ညို့မယ် ညို့လိုက်တာ"

ဟု ခက်ဖြာဝေနှင့် ပုလဲသီတို့က ထုံးစံအတိုင်း ဝင့်ဝင့်ကြွားကြွားကလေးနှင့် မရိုးနိုင်အောင် ပြောမြဲဖြစ်သည်။ ဒီလိုအဖြစ်မျိုးကို တစ်ကြိမ်မက၊ အကြိမ်ပေါင်းများစွာ သူတို့ကြုံတွေ့ဖူးသည်ကိုး။ ညို့ကတော့ ထူးပြီး ငြင်းလည်း မငြင်းသလို ထူးပြီးတော့လည်း အကြွားမပိုခဲ့ပါ။ သို့သော် . . . သိတယ်မဟုတ်လား။ တစ်ဆင့်စကား တစ်ဆင့်နားဖြင့် မညို့မယ်၏ သတင်းသည် ကျောင်းတစ်ကျောင်းလုံးမှာရော၊ နီးစပ်



www.burmeseclassic.com

www.burmeseclassic.com



ရာ ပတ်ဝန်းကျင် အသိုင်းအဝိုင်းတွေမှာပါ မကြော်ကြားဘဲ ကျော်ဇောခဲ့လေသည်။ သူတို့ကလည်း ညို့ကို အမျိုးမျိုးကို စမ်းသပ်ခဲ့ကြတာပါ။ လူစည်ကားလှသော ကန်တင်းမှာ စားပွဲထိုးကလေးတွေက အလွန်အလုပ်များသော ပျားပိတုန်းကလေးတွေလို ဟိုဒီ ပြေးလွှားအော်ဟစ်အလုပ်များလျက် ရှိသည်မှာ တော်ရုံလူကို လှည့်မကြည့်နိုင်။

"ကဲ . . . ညို့မယ်၊ စားပွဲထိုးကလေးတွေကို ညို့ခေါ်ပါဦးဟယ်၊ ဒီမှာ ကျုပ်တို့ ဗိုက်ဆာလှပြီ"

"လုပ်ပြန်ပြီဟယ် . . . ကဲ ကဲ . . . သနားစရာ စားပွဲထိုးကလေးတွေရယ်၊ ကျုပ်တို့ စားပွဲကို လာခဲ့စမ်းပါဦး"

ညို့က အဲဒီလိုပြောပြီး လက်ခေါက်ကလေး တစ်ချက်မှုတ်ကာ ခေါ်လိုက်မိသည်နှင့် အံ့သြစရာကောင်းလောက်အောင် အလွန် အလုပ်များလျက်ရှိသော စားပွဲထိုး





ကောင်လေးသုံးယောက်ပူးကြီး ဖြိုင်တူလိုလိုပင် ညို့တို့စားပွဲဆီသို့ အပြေးအလွှား ရောက်လာခဲ့တော့သည်ကို ညို့ကတော့ ပါဝါတစ်ခုကြောင့်လို့ မယူဆဘဲ ရယ်ရွှင်ဖွယ်ရာ တိုက်ဆိုင်မှုတစ်ခုအဖြစ်သာ ရယ်မောမိပါသည်။ သို့သော်လည်း ညို့က နေနိုင်ပေမယ့် ပတ်ဝန်းကျင်က မနေနိုင်ပြန်ဘူးလေ။ ညို့မသိဘဲ ညို့ကို စောင့်ကြည့်အကဲခတ်နေသော မျက်လုံးတွေက အများသား။

"အစ်မလေးတို့ ဘာစားမလဲ . . . ဘာဝါးမလဲ"

ဆိုသော စကားကို သုံးယောက်သား ဖြိုင်တူဝိုင်းမေးနေကြပုံမှာ တကယ်ပဲ အညို့ခံယူထားရသည့်အလား။ ညို့က ဟက်ဟက်ပက်ပက် ပြုံးရင်း . . .

"တစ်ယောက်ဆို တော်ရောပေါ့ဟယ်၊ နင်တို့ လုပ်တာနဲ့ ငါတို့ဝိုင်းကို တခြားလူတွေ ခရှေ့(စ်)ရိုက်ကုန်ပါ့မယ်၊ ကဲ . . . မှာတော်မူကြ မိန်းမတွေ"



www.burmeseclassic.com

www.burmeseclassic.com



ညို့က ဘေးဘီဝဲယာဆီ ဘာရယ်မဟုတ် လှည့်ကြည့်မိလျှင် ထင်သည့်အတိုင်း ညို့တို့ကို (အထူးသဖြင့် ညို့ကို) ဝိုင်းကြည့်စူးစမ်းနေသူတွေ တပုံတပင်။

"အစ်မက ဝက်ထမင်းပေါင်း၊ အခေါက်ကင်၊ အသားကင် တစ်ပွဲ၊ ဆန်းကစ်ဖျော်ရည်"

"တို့ ပုစွန်ကြော်ဇကြော်နဲ့ ကန်စွန်းရွက်သုပ်၊ စထရော် ဘယ်ရီလက်ဖျော် တစ်ပွဲ . . . ညို့မယ် . . . ရှင်က ဘာဆွဲမှာလဲ"

"ကော်ရည်ခေါက်ဆွဲကို ငါးမိနစ်အတွင်း စားချင်တယ်ဟယ်၊ ပကြာစေနဲ့နော် . . . ပြီးတော့ ဒိန်ချဉ်တစ်ခွက်"

"ရမယ် အစ်မ . . ."

ဆိုပြီး စားပွဲထိုးကလေး လှစ်ခနဲ ထွက်ပြေးသွားသည်။





"ညို့ရယ် . . . ရှင်ကတော့ တကယ် ပါရမီရှင်ပဲ၊ သိပ်အံ့ဩဖို့ ကောင်းတယ် သိလား၊ ရှင် ဒီလောက် လိုတရနေတာ ထိလေးဘာလေး ထိုးပါလား . . . ထီပေါက်ချင်လိုက်တာဆိုပြီး"

"အဲဒီလောက်လဲ မဟုတ်သေးပါဘူ ခက်ရယ်၊ ရှင်တို့ကိုက ကျုပ်ကို အရမ်းပိုတွက်နေတာပါ၊ ကျုပ်က ဖြစ်ချင်တိုင်း ဖြစ်ရအောင် တန်ခိုးရှင်မှ မဟုတ်တာ၊ အဲဟိုမှာ ကောင်လေးလာပြီ"

ညို့၏စကားပင် မဆုံးသေး။ စောစောက စားပွဲထိုးကောင်လေးက အငွေ့တထောင်းထောင်း ထနေသောကော်ရည်ခေါက်ဆွဲပန်းကန်နှင့် ဒိန်ချဉ်ခွက်ကိုင်ကာ ချက်ချင်းရောက်လာသည်။

"ဟဲ . . . မြန်လှချည်လည်း၊ ငါးမိနစ်တောင် မပြည့်သေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အစ်မ . . . အစ်မလေး ကံကောင်းတာပေါ့၊ ဟိုစားပွဲက အစ်မတွေက မှာထားတာ ကြာပြီ ခုထက်ထိ မရသေးလို့ဆိုပြီး စိတ်ဆိုးပြီး ထထွက်သွားကြတော့ သူတို့မှာထားတဲ့ထဲက ကော်ရည်နဲ့ ဒိန်ချဉ်က ရလာတော့ အစ်မအတွက် ဖြစ်သွားတာပေါ့"

"ကြည့်စမ်း . . . ညို့မယ်တို့ ဘုန်းကံက အဲဒီလို"

ညို့က ပြုံးပြုံးကလေး ပြောပြီး ကော်ရည်ခေါက်ဆွဲပူပူတွေကို တူချောင်းကလေးတွေနှင့် အားပါးတရ စားနေတော့လျှင် ခက်နှင့် သီတို့မှာ မနာလိုသော မျက်ဝန်းကြီးတွေ အဝိုင်းသားဖြင့် ညို့ကို ငြူငြူစူစူ ကြည့်နေကြတော့သည်။ ပိုဆိုးသည်က စောစောက စိတ်ကောက်ပြီး ထပြန်သွားသော မိန်းကလေးတစ်အုပ်က စိတ်ပြောင်းသွားပြီး စူစူအောင့်အောင့်နှင့် ပြန်ရောက်လာကြကာ ခုနက စားပွဲထိုးကလေးကို ခေါ်ပြီး . . .





"ငါတို့ မှာထားတာတွေ ခုထက်ထိ မရသေးဘူးလား ဒီမှာ ဗိုက်ဆာလို့ သေတော့မယ်"

ဟု . . . ပြောနေသံကို ကြားရသည်။ စားပွဲထိုးကလေးက ခေါင်းကုတ်ရင်း . . .

"အစ်မတို့က စိတ်ကောက်သွားတာကိုး . . ."

ဟုသာ ပြောပြီး ညို့ဆီသို့ လှမ်းကြည့်တော့ ညို့က မျက်လုံးကလေးတစ်ဖက် မှိတ်ပြလိုက်သည်။ အဲဒီလို တိုက်ဆိုင်သော အဖြစ်အပျက်ကလေးတွေ များလာသောအခါ ညို့ကို 'ညို့ကဝေ'ဟု ကွယ်ရာမှာ ကင်ပွန်းတပ်ကြသည်မှာ မဆန်းချေ။ နောက်တော့ ကြည့်ပါဦး . . .။ စားသောက်ပြီး အတန်းပြန်တက်ရမှာ ပျင်းလျှင် . . .

"ညို့ရာ . . . ဆရာမ မလာအောင် စိတ်ညို့ပေးဟာ၊ အတန်းတက်ရမှာ ပျင်းတယ်"

ဟု ဗရွတ်ရွတ်တ စေခိုင်းတတ်ပြန်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ညို့က . . .

"ဒီတစ်ချိန်တော့ တက်လိုက်ပါဟယ်၊ နောက်တစ်ချိန် ဝင်မယ့် ဆရာကမှ ပျင်းဖို့ကောင်းတာ၊ အဲဒီဆရာ မလာပါစေနဲ့ . . . မလာပါစေနဲ့ . . . အလုပ်တွေ ရှုပ်နေပါစေ"

ဟု ပြန်လည်နောက်ပြောင်ပြောလျှင် ပြောသည့် အတိုင်းပင် ပထမတစ်ချိန် ဆရာမဝင်ပြီး နောက်တစ်ချိန် ဆရာမလာလို့ အတန်း မရှိပါဟု . . . လာကြေညာသွားလေ သည်။ ခက်ဖြာဝေနှင့် သီတို့က . . .

"ဟဲ . . . ကျုပ်တို့ မပြောဘူးလား၊ ရှင့်မှာ ပါဝါတစ်ခု ရှိနေပါတယ်ဆိုတာ . . . ရှင်က မယုံဘူး၊ ကိုယ့်ရဲ့ ပါဝါကို ဘယ်လို အသုံးချရမယ်ဆိုတာကိုလည်း ရှင် မသိဘူး၊ ဟဲ . . . ကျုပ်တို့ စမ်းသပ်ကြည့်ခဲ့တာတွေ လည်း များပြီ၊ ဒီတစ်ခေါက်လည်း စမ်းသပ်ကြည့်ရ





အောင်"

ဟု . . . တစ်မျိုး အဆန်းထွင်ပြန်သည်။ ညို့ ကတော့ ဘယ်တော့မှ သိပ်ပြင်းဆန်ရလေ့ရှိသူမဟုတ်။ နှင့်ိုက ပျော်ပျော်ရွှင်ရွှင်၊ ပေါ့ပေါ့ပါးပါး နေတတ်သူပီပီ ကိုယ့်အတွက် လည်း ပျော်စရာ၊ သူငယ်ချင်းတွေအတွက်လည်း အံ့ဩပျော် ရွှင်စေရလျှင် လုပ်ပေးဖို့ ဝန်မလေးတတ်။

"ကဲ . . . ဆိုပါဦး၊ ရှင်တို့က ဘာကိုများ စမ်းသပ်ချင် သေးလို့တုန်း"

ဟု . . . ပြန်မေးသောအခါ ခက်နှင့်သီတို့က နှစ်ယောက်သား တိုးတိုးကျိတ်ပြီး တိုင်ပင်လိုက်ကြသေးသည်။ ပြီးတော့မှ . . .

"ရှင် ဘယ်လောက်စွမ်းသလဲလို့ လူတစ်ယောက်ကို ညို့ ကြည့်ရအောင်၊ ရှင်ကြိုက်တဲ့ လူတစ်ယောက်ကို ရှင့် ဘာသာရှင် ရှာဖွေလိုက်၊ အဲဒီလူဟာ အစိမ်းသက်သက်



www.burmeseclassic.com

www.burmeseclassic.com



ကြီးကနေ ရှင့်ကို အရှုံးအမှုးရောဂါသည်းလာအောင် ရှင် ညှို့ရမယ် . . . ဘယ်လိုလဲ"

ဟု . . . ဆိုတော့ ညှို့မှာ သဘောကျစွာ ရယ်မောမိလေသည်။

"ရှင်တို့ဟာကလည်းဟယ် . . . အချစ်ဆိုတာ သူ့ဘာသာသူ လာထိမှန်တာက ပိုမကောင်းဘူးလားဟင်၊ မြားတစ်စင်းနဲ့ ကိုယ်က ရှာဖွေရွေးချယ်ပြီး သူ့ကို ထိအောင် ပစ်ရမှာ ရှက်စရာ"

"ဘယ်ကလာ ရှက်စရာရမှာလဲ ညှို့မယ်ရဲ့၊ အဲဒါကမှ ပိုပြီး Challenging ဖြစ်တာ၊ ပြီးတော့ အချစ်ကို သူက ရွေးချယ်တာကို စောင့်စရာမလိုဘဲ ကိုယ်က စိတ်တိုင်းကျ ရွေးချယ်ပြီး ကိုယ့်ကို ချစ်လာအောင် စိတ်ကလေးနဲ့ လှမ်းပြီး ညှို့ရတဲ့အလုပ်က ဘယ်လောက် စိတ်လှုပ်ရှားစရာ ကောင်းထားသလဲ"





"ဟုတ်ပါပြီ . . . ဟုတ်ပါပြီ၊ ရှင်ပြောတာကို ကျုပ် လက်ခံပါတယ်၊ နေပါဦး . . . ကျုပ် စိတ်တိုင်းကျ ရှာဖွေလိုက်ဦးမယ်"

ညှို့ကပြောရင်း ဘေးဘီဝဲယာရှိ လူတွေဆီ လှမ်း၍ ရှာဖွေသလို ကြည့်မိသည်။ အဲဒီမှာ မျက်ဝန်းတစ်စုံနှင့် တန်းမတ်စွာ ရင်ဆိုင်တိုးလိုက်မိခြင်းဖြစ်သည်။ ပြဿနာက အဲဒီကနေ စခြင်းဖြစ်ပါသည်။ ဘာဖြစ်လို့လည်းဆိုတော့ သူ့ဘေးမှာ အလွန် လှပချောမောလွန်းသော မိန်းကလေးတစ်ယောက် ရှိနေခဲ့သောကြောင့် ဖြစ်လေသည်။

www.burmeseclassic.com



"ဘာဖြစ်လို့ သွားကြည့်နေတာလဲ . . .၊ အဲဒီတစ်ယောက်ကို သွားမကြည့်နဲ့၊ သူက ညို့တတ်တယ်၊ သူ့ကို ညို့ကဝေလို့ ခေါ်ကြတာ"

လှပဂေးက သဝန်တို ဖြူစွသံကလေးနှင့် စွမ်းစကို လှမ်းပြောလိုက်သည်။ စွမ်းစက ပခုံးတစ်ချက်တွန့်ရင်း . . .

"ကိုယ် မကြည့်ပါဘူး . . . သူက လှမ်းကြည့်တာပါ၊ မျက်လုံးချင်းက မတော်တဆ ဆုံမိသွားတာ၊ သူက ဘာ





တွေများ ညို့တတ်လို့လဲ ပဂေးရဲ့၊ ပဂေးလောက် ညို့တတ်လို့လား"

"အမလေး . . . ညို့တတ်ပါ့၊ သူလိုချင်တာကို စိတ်နဲ့ ညို့ပြီးတောင်းလိုက်ရင် လိုတရတတ်တယ်တဲ့"

"အဲဒါ ဘယ်သူပြောတာလဲ . . ."

"သူ့ သူငယ်ချင်းတွေပြောတာ"

"မဖြစ်နိုင်တာကွာ . . . အလကား နာမည်မကြီး ကြီးအောင် လျှောက်လွှင့်ထားတာနေမှာပေါ့ ပဂေးရဲ့၊ ကောင်မလေးက ဘာမှ မထူးခြားတာ"

"အို . . . ဒါပေမယ့် ပဂေးကတော့ သဝန်တိုတယ်လေ၊ မတော်တဆ သူက စွမ်းကို သဘောကျပြီး လှမ်းညို့လိုက်ရင် ဘယ်လိုလုပ်မလဲ"

"ဟား ဟား . . . ရယ်ရတယ်ကွာ၊ ကိုယ့်ရဲ့ လှပဂေးက ဒီကျောင်းမှာ ကွင်းကွာ၊ ဒီကွင်းကလေးကို ဘေးမှာထား



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဘာမှ စွဲမက်စရာမကောင်းတဲ့ မိန်းကလေးတစ်ယောက်ရဲ့ အညို့ကို ကိုယ်က ခံရမလား၊ သူ ညို့ချင်သလောက် ညို့စမ်း၊ ကိုယ်က ကိုယ်ရောင်ဖျောက်တတ်တယ် ... ဟုတ်ပြီလား"

"အို ... သူတို့အုပ်စုက စွမ်းကို ဝိုင်းပြီးတော့ ကြည့်နေတယ်၊ ပြီးတော့ တစ်ခုခုလည်း ပြောနေကြတယ်၊ စွမ်းကတိပေးမလား၊ အဲဒီ ညို့ကဝေနဲ့ ဘယ်လိုမှ မပတ်သက်ပါဘူးလို့"

"စိုးရိမ်ရန်ကော ပဂေးရယ်၊ ယှဉ်စရာတောင် မလိုပါဘူးကွာ၊ ပဂေးတစ်ယောက်ကလွဲပြီး တခြား ဘယ်မိန်းကလေးကိုမှ ကိုယ် စိတ်မဝင်စားပါဘူး၊ ကိုယ် သစ္စာတောင် ဆိုပြလိုက်ဦးမယ်၊ အယူမသီးစမ်းပါနဲ့ ပဂေးရယ်၊ သူ ညို့တတ်တယ်ဆိုတာ ကိုယ် လုံးဝ မယုံဘူး၊ သူ ညို့တတ်ဦးတော့၊ ကိုယ့်ကို ဘယ်တော့မှ ညို့လို့ရ





မှာ မဟုတ်ဘူး ... အိုကေ"

"အိုကေ ... အဲဒါဆိုရင်တော့ စိတ်ချပြီ"

ပဂေးက စိတ်ချသွားသလို အပြုံးကလေးဖြင့် စွမ်းကို ပြုံး၍ကြည့်မိသည်။ တကယ်တော့လည်း ပဂေး အစိုးရိမ် ပိုမိသွားတာပါ။ စွမ်းအကြောင်းကို ပဂေး အသိဆုံးပေါ့။ သူ ပဂေးအပေါ် ဘယ်လောက် စွဲစွဲလမ်းလမ်း ချစ်မြတ်နိုးမက်မောသလဲဆိုတာ ပဂေးလောက် ဘယ်သူမှ ပိုမသိနိုင်။ ပြီးတော့ ... စွမ်းက အလှအပ၊ အကောင်းကြိုက်၊ ဘယ်အရာမဆို သူ ရွေးချယ်လိုက်၊ ကြိုက်လိုက်လျှင် ခေါင်ဆိုမှ ထိပ်ဆိုမှ ဆိုတာမျိုးထဲက ဖြစ်သည်။ ပဂေးရဲ့ အချစ်ကို ရဖို့အတွက် သူ ဘယ်လောက်တောင် အသည်းအသန် လိုက်ယူထားခဲ့ရသလဲဆိုတာ ပဂေးသာလျှင် အသိဆုံးပေါ့။ ဘာကြောင့်များ အဓိပ္ပာယ်မရှိစွာ 'ညို့ကဝေ' ဟု ... ကျောင်းမှာ နာမည်ကြီး သတင်းမွှေးနေသော မညို့မယ်နှင့်မှ စွမ်းစကို



www.burmeseclassic.com

www.burmeseclassic.com



သွားသနစ်တိုမိသလဲ မသိ။ မေညို့မယ်က ညို့တတ်သူဟုသာ နာမည်ကြီးတာ။ ရုပ်ရည်ရူပကာအရ ညို့မင်းသမီးတစ်ပါးလို မက်မက်စက်စက် ငေးယူရလောက်အောင် လှပချောမောသူ တစ်ယောက် မဟုတ်ဘဲ သာမန်မိန်းကလေးတစ်ယောက်သာ ဖြစ်သည်။ ပဂေးနှင့် ယှဉ်စရာတောင် မလိုချေ။ မတော်တဆ ယှဉ်ကြည့်မယ်ဆိုလျှင်တောင် ရွှေမင်းသမီးကလေးနှင့် ရုံရွှေ ဖော်ကလေးလောက်ကို ကွာခြားပါလိမ့်မည်။ သို့သော် . . . ခက်သည်က ဘာကြောင့်မှန်းမသိဘဲ ပဂေး၏ အာရုံက တစ်ခု ခုကို ထင့်ခနဲ ခံစားလိုက်မိခြင်းဖြစ်သည်။ မေညို့မယ်၏ မျက် ခန်းညို့ညို့တွေက စွမ်းစဆီမှာ ဘာကြောင့်ဝဲနေရပါသလဲ။

×××



မျက်လုံးချင်း ဆုံမိကိုက်မှာတော့ ညို့စိတ်ထဲ တစ် မျိုးကလေး ဖြစ်သွား၏။ ထိုသူ၏ မျက်လုံးတွေက အင်အား ရှိလိုက်တာ။ နက်မှောင်စူးရှဖြာလက်လို့။

"အဲဒီတစ်ယောက်ကတော့ မဆိုးပါဘူး၊ သူ့မျက် လုံးတွေကိုတော့ ကြိုက်သား၊ ဒါပေမယ့် သူ့ဘေးမှာက ပိုင်ရှင် လို့ ယူဆရတဲ့ အမှတ်တံဆိပ် Logo ကြီးနဲ့ကွယ့်"

ညို့က ထုံးစံအတိုင်း ရွှတ်နောက်နောက်ကလေး ပြောလိုက်မိသည်။ ခက်နှင့်သီတို့က ချက်ချင်း လှည့်ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သူတို့ပါ သဘောကျသွားကြသလို . . .

"အေး . . . မိုက်တယ်ဟ၊ ပုံစံကတော့ သားနားတယ် ဆရာ၊ classic ဖြစ်တယ်၊ ဘာဖြစ်လဲဟဲ့၊ ဘေးမှာ မိန်းကလေးတစ်ယောက် ရှိနေတာနဲ့ပဲ ပိုင်ရှင်လို့ သတ်မှတ်စရာလား၊ သူငယ်ချင်းတွေလည်း ဖြစ်ချင်ဖြစ်နိုင်တာပဲ၊ အဲဒီတစ်ယောက်ကို ဒီကျောင်းမှာ တစ်ခါမှ မတွေ့ဖူးပါဘူး၊ လာလည်တာ ထင်ပါတယ်၊ သူ့ဘေးက မိန်းကလေးကိုတော့ သိတယ်၊ နာမည်ကြီးပဲ . . .၊ Eco က ကွင်းလေ၊ သူတို့ကြည့်ရတာ အခုမှ ဇာတ်လမ်းစမယ် ကြံကာ ရှိသေးတယ် ထင်ပါတယ်၊ သူ့ရဲ့ဘေးမှာ ရှင့်ထက် အများကြီး ပိုလန်းတဲ့ မဒီချောချောကလေး ရှိနေတဲ့ကြားက ရှင် သူ့ကို ညှို့ကြည့်ဖို့ဆိုတာ ပိုပြီးတော့ challening ဖြစ်တာပေါ့၊ သူ့ကိုပဲ ပစ်မှတ်ထားလိုက်ကြစို့ဟယ်၊ ကျုပ်တို့လည်း ကြိုက်တယ် . . .





အမိုက်စားလေး"

ဟု . . . ဝမ်းသာအားရ တက်တက်ကြွကြွပင် အတည်ပြုသည်။

"ဒုက္ခပါပဲ . . . ရှင်တို့ ကြိုက်တာနဲ့ပဲ ပိုင်ရှင်ရှိပြီးသားကြီးကို ညှို့ကြည့်ရမှာလားဟယ်"

"မဟုတ်ပါဘူး . . . ဒါက ကျုပ်တို့က အပျော်သက်သက် စမ်းသပ်ရုံပဲ စမ်းသပ်ကြည့်တာလေဟာ၊ အတည်ပေါက်ကြီး သူ့ရည်းစားကို လုမှာမှ မဟုတ်တာ၊ ရှင့်ရဲ့ ညှို့ချက် ဘယ်လောက် အစွမ်းထက်သလဲဆိုတာကိုပဲ စမ်းသပ်ကြည့်မှာ . . . ဟုတ်ပြီလား၊ ကဲ . . . စမယ်၊ ပထမဆုံး သူ အဲဒီစားပွဲကနေ ရှင့်ဆီ ထလာပြီး ရှင့်ကို စကားတစ်ခုခု လာပြောအောင် ညှို့ကြည့်ကွာ"

ခက်တို့ကတော့ ဇာတ်လမ်းစချေပြီ။ သူငယ်ချင်းတွေရဲ့ စကားကို ဘယ်တုန်းကမှ ငြင်းလေ့မရှိတတ်သော ညို့၊



www.burmeseclassic.com

www.burmeseclassic.com



ကလည်း မျက်ခုံးကလေးပင့်ကာ ခပ်ဟဟ ရယ်မောရင်း ထိုသူဆီ ဒုတိယအကြိမ် စိတ်ကလေးထည့်ပြီး စိုက်ကြည့်လိုက်မိသည်။ ပြီးတော့ . . . စိတ်ထဲကနေ တိုးတိုးကလေး လှမ်းခေါ်ကြည့်သည်။

"ကဲ . . . ရွှေမင်းသားရေ၊ ကျွန်မဆီ ခဏလောက်လျှောက်လာခဲ့ပြီး ကျွန်မကို စကားလာပြောပါနော်၊ ကျွန်မ ရှင်နဲ့ စကားပြောချင်ပါတယ်"

ခက်နှင့် သီတို့က အခြေအနေကို ငြိမ်ငြိမ်သက်သက်ပင် စောင့်ကြည့်နေခဲ့ကြသည်။ ညို့သည် သူ့ကို လှမ်းကြည့်နေရင်း ခပ်သဲ့သဲ့ကလေး ရင်ခုန်လာသည်။ အဲဒီအချိန်မှာ သူ့ဆီမှ အကြည့်တစ်ခု ထပ်ရောက်လာခဲ့ပြန်ပြီ။ ဒုတိယအကြိမ်မြောက် မျက်ဝန်းချင်း ဆုံမိကြပြန်သည်။ ဒီတစ်ကြိမ်က ပထမအကြိမ်ထက် ပို၍ ကြာသည်။ ပြီးတော့ ဖြန်းဆိုထိုသူက ထိုင်နေရာမှ ထလျှောက်လာကာ ညို့တို့စားပွဲရှိရာ





ဆီသို့ လှမ်းလာနေလျှင် . . .

"ဟော . . . လာနေပြီ လာနေပြီ"

ဟူသော အသံကလေးတွေနှင့်အတူ ညို့၏ နှလုံးသားကလေးလည်း ခပ်သွက်သွက် ယိမ်းခါသွား၏။ တကယ်ပဲ ညို့ သူ့ကို ညို့ခေါ်နိုင်လိုက်သလားဟင်။

သူက ညို့ရဲ့ ရှေ့နားမှာ ရပ်လိုက်ပြီး ညို့ကို တည့်တည့်စိုက်ကြည့်ကာ . . .

"မင်းရဲ့ ခုံဘေးမှာ မင်းရဲ့ ဝေါလက် ကျနေတယ်"

ဟု . . . လှမ်းပြောသည်။ ညို့က နည်းနည်းကြောင်နေပြီး သူ ညွှန်ပြရာဆီသို့ ကြည့်မိလိုက်တော့ တကယ်ပဲ ညို့၏ chanel wallet ကလေး ပြုတ်ကျနေသည်။

"အို . . . ဟုတ်သားပဲ၊ ကျေးဇူး"

ဟု . . . ညို့ပြန်ပြောလိုက်မိစဉ် သူက နောက်ကနေ ပါလာသော Eco ကွင်းဆိုသူကလေးနှင့် ယှဉ်တွဲလျက်



www.burmeseclassic.com

www.burmeseclassic.com



ထွက်ခွါသွားတော့သည်။ ခက်နှင့်သီက ထိုတိုက်ဆိုင်မှုအတွက် တအံ့တသြ မျက်ခုံးချီလျက် ညို့ကို လှမ်းပြီး လက်ဝါးချင်း ရိုက်လိုက်ကြသည်။ ညို့၏ မျက်ဝန်းတွေက သူ့ရဲ့ ကျောပြင်ဆီ ဝေ့ဝဲလျက် ပါသွားလေသည်။ အရပ်မြင့်မားပြီး ပခုံးကျယ်သော ယောကျ်ားတစ်ယောက် စွဲဆောင်မှု အလွန်ရှိပါသည်။

"နံဘေးက မဒီကတော့ ဂျေနေပုံရတယ် ညို့မယ်၊ သူ ရှင့်ကို မျက်စောင်းချီသွားတယ်"

"ချီပါစေကွယ် . . . သူ့မှာ လွတ်လပ်စွာ သဝန်တိုခွင့် ရှိပါတယ်"

ညို့၏စိတ်ထဲမှာ ဘယ်သူ့ကိုမှ စိတ်မဆိုးတတ်၊ စိတ်မခုတတ်၊ အငြိုးအတေးလည်း မထားတတ်။ ညို့က ပျော်ပျော်သာနေတတ်သူ ဖြစ်သည်။ ဒီနေ့ အဖြစ်အပျက်ကိုလည်း ပြဿနာတစ်ခုရယ်လို့ ခေါင်းထဲမှာ ထည့်မထားခဲ့။ သို့သော် ထုံးစံအတိုင်း ပြဿနာကလေးတွေက ညို့ ဖိတ်မခေါ်ရဘဲ





ညို့ဆီ တိုက်ဆိုင်မှုကလေးတွေနှင့်အတူ ရောက်ရှိလာတတ်ခြင်းပဲ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"တွေ့လား . . . မပတ်သက်ပါနဲ့လို့ အခုနလေးတင်ကမှ ပြောထားတဲ့ ဥစ္စာ၊ ဘာကိစ္စ သူ့ကို သွားစကားပြောရတာလဲ စွမ်းရဲ့၊ အဲဒါပေ့ မိဘ်မချစ်ရာ၊ တော်ပြီ နောက်ကို ဘယ်တော့မှ ပဂေးရဲ့ ကျောင်းကို လာမလည်နဲ့တော့"

ပြောထားသည့်ကြားကနေ ညို့မယ်ကိုမှ စကားသွားပြောခဲ့သော စွမ်းစကို ပဂေးက လုံး၀ အစာမကြေနိုင်တော့။





"ဪ . . . တမင်သက်သက် သွားပြောတာမှ မဟုတ်တာ ပဂေးကလဲ၊ သူ့ wallet ပြုတ်ကျနေတာတွေ့လို့ ဒီလိုပဲ အမှတ်တမဲ့ လှမ်းပြောလိုက်တာပါ၊ သူမှ မဟုတ်ဘူး၊ တခြားသူတစ်ယောက်ဆိုရင်လည်း ကိုယ် ဒီလိုပဲ ပြောလိုက်မိမှာပဲ၊ ဒါပေးများ ကြံဖန် သဝန်တိုနေစရာလား ပဂေးရဲ့၊ ကိုယ့်ကို စိတ်ချပါလို့ ကိုယ် ပြောထားပြီးသားပဲ၊ ပဂေးကလွဲလို့ သူမှ မဟုတ်ဘူး . . . တခြားဘယ်မိန်းကလေးမှ ကိုယ့်ကို ညို့လို့ မရဘူး၊ အဲဒါကတိမဟုတ်ဘူး၊ သစ္စာ . . . ဟုတ်ပြီလား၊ ပဂေးရယ်၊ အဲဒီမိန်းကလေးနဲ့ လှပဂေးနဲ့ ယှဉ်ဖို့ကို မလိုပါဘူး"

"ပြောလိုက်ရင်တော့ အဲဒီလိုပဲ၊ ပြီးတော့ ချက်ချင်းကြီး သူ့ကိုမှ တည့်တည့်မတ်မတ် စကားသွားပြောတာကိုး၊ အဲဒီ မေညို့မယ်ရဲ့ မျက်လုံးတွေကိုက မရိုးသားပါဘူး၊ စွမ်းစကို ပြုံးပြုံးတော့ လိုက်ကြည့်နေတာ ပဂေး မြင်



www.burmeseclassic.com

www.burmeseclassic.com



နေရတယ်၊ ပဂေးတစ်ယောက်လုံး ရှိနေတာတောင်
သူမို့ အရှက်မရှိ"

ပဂေးက မကျေမနပ် ငြူစူရေရွတ်နေသမျှကို သူက သဘောကျသလိုသာ တသိမ့်သိမ့် ရယ်မောလျှက်ရှိသည်။ တကယ်တော့ သူက သူ့ရဲ့ အလုပ်တွေကို ပစ်ပြီး ပဂေးရှိရာဆီ အဝေးကြီး လာလည်ရရှာတာကို ပဂေး ကျေနပ်နှစ်သိမ့်နေခဲ့သော်လည်း မမျှော်လင့်ဘဲ မေညို့မယ်နှင့် ဆုံလိုက်ရပြီးချိန်မှာတော့ ပဂေးရဲ့စိတ်ထဲ ထင့်ခနဲ လေးသွားရတာတော့ အမှန်ပင်။ ဒီမတိုင်ခင်က ကျောင်းမှာ မေညို့မယ်၏ သတင်းတွေက တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုး ပျံ့လွင့်နေခဲ့ပြီးသား။ မယုံချင်လို့လည်း မရ။ ပဂေးတို့ ပြန်ကြားထားရသောသက်သေသာဓကတွေက တပုံတပင်။ သူမက စိတ်ညို့တတ်သူတစ်ယောက်ဆိုတော့ ကိုယ့်ရဲ့ ချစ်သူကို မတော်တဆ ညို့ယူလိုက်မှာကို ကြိုကြိုဖန်ဖန် တွေးမိပြီး သဝန်တိုမိခြင်းလည်း





ဖြစ်သည်။ ရုပ်ရည်ရူပကာချင်း၊ ဖွဲ့ဆောင်မှု ရှိပုံချင်း ယှဉ်စရာမလိုသော်လည်း သူမလိုမှ ပဂေးက မညို့တတ်တာ။ ပဂေးသည် စွမ်းစကိုတော့ အထင်ကြီးခြင်းရော၊ လေးစားမြတ်နိုးခြင်းဖြင့်ပါ မက်မောချစ်ခင်ခဲ့ပြီးပြီမို့ သူ့ကို ဘဝတစ်သက်တာလုံး လက်တွဲဖို့အထိ ရည်ရွယ်ဆုံးဖြတ်ထားပြီးသား ဖြစ်သည်။ ထို့ကြောင့် ဘယ်လို အနှောင့်အယှက်မျိုးမှလည်း မလိုချင်။ စွမ်းစကိုလည်း ဘယ်လို အကြောင်းမျိုးနှင့်မှ မဆုံးရှုံးချင်။ အထူးသဖြင့် ကိုယ်နှင့် အရည်အတွေးချင်း အပြတ်အသတ်ကွာခြားနေသော မိန်းကလေးတစ်ယောက်နှင့် ပြိုင်ဘက်လည်း အဖြစ်မခံနိုင်သလို၊ သူမကိုလည်း မရှုံးနိမ့်ချင်။ ပဂေးမှာ ကိုယ့်အဆင့်အတန်း၊ ကိုယ့်ရဲ့ ကျော်ကြားမှု ဂုဏ်သိက္ခာတွေအတွက် မာနကတော့ အပြည့်ရှိလေသည်။ စွမ်းစကတော့ ပြန်ခါနီးမှာ ထပ်ပြောသွားသည်။

"ပဂေးရယ် . . . ဘယ်လိုမှ မဖြစ်နိုင်တဲ့ ကိစ္စတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



အတွက် အလကား စိတ်ပင်ပန်းမခံပါနဲ့ . . . မေ့ပစ်လိုက်ပါ။ ကိုယ်လည်း သူ့ကို မေ့လိုက်ပြီ”

တဲ့ . . .။ အင်း . . . ဟုတ်တော့လည်း ဟုတ်ပါသည်။ ပဂေး အစိုးရိမ်လွန်သွားတာလည်း ဖြစ်နိုင်ပါသည်။



## အခန်း . . . ၂

ဒီနှစ်ဆောင်းတွင်းကတော့ ထူးထူးခြားခြားပင် အအေးပိုကဲလွန်းပါသည်။ ဆောင်းတွင်းရောက်တိုင်း ညို့ မပျက်မကွက်လုပ်လေ့ရှိသော အကျင့်တစ်ခုမှာ အိပ်ရာထဲမှာ ကွေးမနေဘဲ ညို့တို့နေသော သုမင်္ဂလာအိမ်ရာဝင်းတစ်ပတ် ထ၍ ပြေးလေ့ရှိခြင်းဖြစ်သည်။ ဒီနေ့တော့ ထူးထူးကဲကဲပင် မြူတွေ ဝေဆိုင်းနေသောကြောင့် ညို့သည် ထုံးစံအတိုင်း i-pod ကလေး နားမှာ တပ်လျက် သီချင်းနားထောင်ရင်း မြူတွေကြားထဲမှာ သတိထားပြီး ပြေးနေရသည်။ ရှေ့ဆယ်ကိုက်လောက်အကွာတွင်



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ ယှမ်းမမြင်ရဘဲ မြူနှင်းတွေထဲ ထိုးခွင်းပြေးဝင်သွားရသည်မှာ တစ်မျိုးတော့လည်း ရင်ခုန်စရာ ကောင်းသား။ အဲဒီအချိန်မှာပဲ တစ်ခုခုဖြစ်တော့မည်ဆိုတာကို အလိုလို သိလိုက်သလို ခံစားချက်တစ်ခုနှင့်အတူ လမ်းချိုးထောင့်တစ်ခုကနေ နောက်လမ်းချိုးတစ်ခုဆီ ချိုးကွေ့လိုက်စဉ်မှာ ဝုန်းခနဲ အော်ဟစ်သံကြီးတွေနှင့်အတူ ကဆုန်ပေါက် ပြေးလာနေသော ဧရာမ Rottweilers ကြီးနှစ်ကောင်ကို ဘွားခနဲ တွေ့လိုက်ရသည်။ ထိုခဏမှာ ညို့ကိုယ်ညို့ ဘာဖြစ်သွားမှန်းပင် မသိလိုက်ရ။ အာခေါင်ပဲ ခြစ်ပြီး အော်ဟစ်လိုက်မိသလား ... မျက်လုံးစုံမှိတ်ကာ နေရာမှာ ခြေစုံရပ်လျက် တစ်ကိုယ်လုံး ထူပူတုန်လှုပ်လျက် ကိုယ့်အဖြစ်ကိုယ် မတွေးဝံ့လောက်အောင် ကြောက်ရွံ့သွားမိဆဲ ..။

"ဟိတ် ! Rosy, Mary, Sit down ! Stop "

ဆိုသော ... အမိန့်ပေးသံတစ်ခုက





ခွေးနှစ်ကောင်၏ နောက်နားကနေ ဟိန်းခနဲ ထွက်လာသည်။ အနည်းဆုံးတော့ ညို့သည် ခွေးနှစ်ကောင်၏ ခုန်အုပ်တိုက်ခိုက်မှုကို ခံရတော့မည်ဟု တွေးထားမိကာ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ကြက်သေသေနေမိဆဲ အခြေအနေက ရုတ်ချည်းပင် ပြောင်းလဲသွားခဲ့ခြင်းဖြစ်သည်။ ဘာသံမှ မကြားရတော့သည်မို့ မှိတ်ထားသော မျက်လုံးတွေကို ပြန်ဖွင့်လိုက်မိတော့ ဧရာမ ခွေးနက်ကြီးနှစ်ကောင်က ငုတ်စိအမြီးကလေးတွေ ကုပ်ပြီး ငုတ်တုတ်ကလေးတွေ ထိုင်နေသည်မှာ အရုပ်ကြီးနှစ်ရုပ် အတိုင်းပင်။ သို့သော် မျက်လုံးကြီးတွေကတော့ ညို့ကို စိမ်းစိမ်းရှရှ စိုက်ကြည့်နေဆဲ။

"အမလေး ... တော်ပါသေးရဲ့၊ ကြောက်ဖို့ကောင်းလိုက်တာ"

ဟု ... ပြောရင်း ညို့က အခုမှပဲ လူကို လှမ်းကြည့်လိုက်မိသည်။ အဲဒီအချိန်ကျမှ ခုနက အခုန်ရပ်သွား



www.burmeseclassic.com

www.burmeseclassic.com



သော နှလုံးသားက ရုတ်တရက် ကဆုန်ပေါက်၍ ပြန်ခုန်တော့ခြင်းဖြစ်သည်။ သူ့ကို တစ်ကြိမ်တည်းသာ တွေ့ဖူးထားခဲ့ခြင်းဖြစ်သော်လည်း မြင်မြင်ချင်း ချက်ချင်းပင် ပြန်၍ မှတ်မိနိုင်စွမ်းရှိသော ညို့၏ မှတ်ဉာဏ်နှင့် နှလုံးသားကို ဦးညွှတ်မိပါသည်။ သူက ညို့ကို မှတ်မိပုံမရပါ။

"ဆောရီးနော် . . . ဒီနှစ်ကောင်က ခြံတံခါး ခဏဖွင့်တုန်း ဝုန်းခနဲ ခုန်ထွက်သွားတာ၊ ကိုယ်က သူတို့နဲ့ လမ်းလျှောက်မလို့ လုပ်နေတုန်း . . . တော်တော် လန့်သွားလားဟင်"

"အမလေး . . . လန့်တာပေါ့၊ ဘာပြောကောင်းမလဲ၊ ကျွန်မတော့ သွားပြီလို့ကို မှတ်လိုက်တာ"

သူက ညို့၏ အပြောကို သဘောကျစွာ ပြုံးရင်း . . .

"ကိုယ် တောင်းပန်ပါတယ်ကွာ၊ မင်းက ဒီဝင်းထဲကမဲ





လား"

"ဟုတ်တယ် . . . ဟိုဘက်နှစ်လမ်းကျော်လောက်က သုမေ့လမ်းထဲမှာ နေတာပါ။ ရှင်က ဒီခြံမှာ နေတာလား၊ တစ်ခါမှ မတွေ့ဖူးဘူးနော်၊ ဒီခြံကလေးကိုတော့ သတိထားမိတယ်၊ ခြံကလေးက အရမ်း Romantic ဖြစ်လွန်းလို့လေ၊ ခြံကို ပြင်ထားတာ အရမ်း idea ကောင်းတာပဲ၊ ကျွန်မ ပြေးရင်း အမြဲတမ်း တစ်ခါတော့ လှည့်ငေးသွားရတယ်"

"ကျေးဇူးတင်ပါတယ် . . . ကိုယ်က ဒီခြံမှာ အမြဲမနေပါဘူး၊ များသောအားဖြင့်က အင်းလျားလမ်းက ခြံမှာနေတယ်၊ ဒီခြံကလေးက ဝယ်ပြီး စိတ်တိုင်းကျ ပြင်ဆင်ထားတာ၊ စိတ်ကြိုက်ဈေးရရင် ပြန်ရောင်းဖို့လေ၊ တစ်ခါတစ်လေတော့ လာနေဖြစ်ပါတယ်၊ ခြံစောင့်နဲ့ ဒီနှစ်ကောင်ကိုပဲ ထားတာများတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



သူက စိတ်ရှည်လက်ရှည်ပင် ရှင်းပြနေသည်။ သူ့ကို ကိုယ်က မှတ်မိနေပြီး သူကတော့ ကိုယ့်ကို မမှတ်မိတာ နည်းနည်းတော့ ကသိကအောင့် ဖြစ်စရာကောင်းသား။ သို့သော် ညို့ပဲ။ ဒီလို လွယ်လွယ်ကလေးနဲ့တော့ ဘယ်အရှုံးပေးပါ့မလဲ။

"ဪ . . . ရှင့်ကို အခုမှပဲ မှတ်မိတော့တယ်၊ ဒဂုံ တက္ကသိုလ် ကန်တင်းထဲမှာတုန်းကလေ ကျွန်မရဲ့ ဝေါလက်ကလေး ပြုတ်ကျနေတာကို ပြောသွားပေးတဲ့ တစ်ယောက်နော် . . . ဟုတ်တယ်မဟုတ်လား၊ ရှင်နဲ့အတူ ရှင့်ဘေးမှာ Eco ကွင်းလဲ ပါတယ်လေ"

ဟု . . . အခုမှ မှတ်မိသွားသလို ပြောလိုက်တော့ သူက မျက်ခုံးတွေပင့်သွားလျက် . . .

"ဟာ . . . မင်းက မှတ်ဉာဏ်ကောင်းလှချည်လား၊ ကိုယ်က လူတစ်ယောက်ကို တစ်ခါမြင်ဖူးရုံနဲ့ မမှတ်မိ





တတ်ဘူး . . . ဆောရီးနော်"

ညို့က သူ့ကို ပြုံးပြလိုက်သည်။ မှတ်မိရုံတင် ဘယ်ကမလဲ ကိုယ့်လူရယ်။ ရှင့်ကို ညို့တောင် ညို့ကြည့်မလို့ သူငယ်ချင်းတွေနဲ့ တိုင်ပင်ခဲ့တာများ ရှင်သိရင် ဖျားသွားမယ် သိလား . . .။

"တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်မနာမည် မေညို့ မယ်ပါ"

"ကိုယ် စွမ်းစပါ . . ."

"နောက်တစ်ခါကျမှပဲ အိမ်ကလေးကို လာကြည့်ဦးမယ်၊ ရှင်က Home Decoration ကို Professional လုပ်ဖို့တောင် ကောင်းတယ်နော်၊ အိမ်ကလေးက အပြင်ကနေ လှမ်းကြည့်တာတောင် အနုပညာလက်ရာ မြောက်လွန်းလို့"

"ဪ . . . မင်းခန့်မှန်းတာကလဲ တော်လိုက်တာ၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် Home Decoration ကုမ္ပဏီထောင်ထားပြီးသားပါ၊ အိမ်တွင်း အလှဆင်တာရော၊ ခြံထဲ gardening အလှဆင်တာရော အကုန် စိတ်တိုင်းကျ လိုက်လုပ်ပေးပါတယ်၊ မင်း စိတ်ဝင်စားမယ်ဆိုရင် ကိုယ့်ရဲ့ ကဒ်ကလေး ပေးထားမယ်လေ၊ နေဦး . . . ကိုယ့်ဝေါလက်ထဲမှာ ပါသေးရဲ့လား မသိဘူး . . . ခဏလေး"

သူက ဘောင်းဘီအိတ်ထဲမှ လည်သာ wallet ကလေး ထုတ်ကာ ဖွင့်ရှာကြည့်ပြီး ကဒ်ကလေးတစ်ကဒ် ထုတ်ပေး၏။

"ကျေးဇူးပဲ . . . ကိုစွမ်း၊ ကျွန်မအိမ်ကို decorate လုပ်ချင်တဲ့အခါ ဆက်သွယ်မယ်လေ"

"OK . . . ဒီနေ့စ်ကောင်ကြည့်ရတာ စိတ်သိပ်မရှည်တော့ဘူး၊ သူတို့ကို dog walk လုပ်ပေးလိုက်ဦးမယ်"

"OK! See You . . ."





ဟု . . . နှုတ်ဆက်ပြီး ညှို့ ဆက်ပြေးလာခဲ့သည်။ သူက တခြားတစ်ဖက်ဆီ ထွက်သွားခဲ့ခြင်းဖြစ်သည်။ အဲဒီအချိန်ကျမှ ညှို့စိတ်ထဲ သူ့ကို လှမ်းညှို့ခေါ်ချင်စိတ်ဖြစ်လာခဲ့သည်။

"ကဲ . . . ကိုစွမ်းစရေ၊ ရှင် ကျွန်မနောက်ကို ပြန်လိုက်ခဲ့ပါနော်၊ ကျွန်မတို့ လမ်းထိပ်က လွှတ်ရည်ဆိုင်ကလေးမှာ ထိုင်ကြရင် မကောင်းဘူးလား၊ ရှင့်ရဲ့ ခွေးကြီးနှစ်ကောင်ကိုတော့ ခပ်လှမ်းလှမ်းမှာ ထိုင်စောင့်ခိုင်းထားပေါ့၊ ဟင် . . . ကျွန်မ ရှင်နဲ့ ပြန်ဆုံချင်သေးတယ်ကွယ်၊ ကျွန်မနောက်ကို လိုက်ခဲ့ပါ . . . ကျွန်မနောက်ကို လိုက်ခဲ့ပါနော်"

ညှို့က ပြေးရင်း မျက်လုံးကလေး စုံမှိတ်ကာ စွတ်တွတ်ရွတ်လျက် ညှို့ခေါ်ကြည့်မိသည်။ တစ်ချက်တစ်ချက်လည်း နောက်သို့ လှည့်လှည့်ကြည့်မိသည်။ ချက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



တော့ ဘာမှ မထူးခြားပါ။ ညို့ ဝင်းတစ်ပတ် ပြေးပြီး လမ်းထိပ်ရှိ လ္ဘက်ရည်ဆိုင်ကလေးဘက်ရောက်တော့မှ လ္ဘက်ရည်ဆိုင်ကလေးမှာ သူ ထိုင်နေတာကို တွေ့ရပြီး သူ့အချစ်တော် ခွေးကြီးနှစ်ကောင်က ခပ်လှမ်းလှမ်းမှာ ငြိမ်ငြိမ်ကလေး ထိုင်လို့။ သူက ညို့ကို လှမ်းမြင်ကာ ပြုံးပြသည်မို့ ညို့ ဆိုင်ကလေးထဲသို့ ဝင်လာခဲ့သည်။

"ပြေးလို့ပြီးပြီလား . . . ကိုယ်လည်း ဒီနှစ်ကောင်နဲ့ မောလာလို့ ခဏ ထိုင်နားတာ၊ ဒီဆိုင်က မုန့်ဟင်းခါး စားဖူးလား၊ အရမ်းကောင်းတယ်နော်၊ စားပါလား . . . လ္ဘက်ရည်လည်း မဆိုးဘူး"

"ရှင်ကျွေးမှာလား . . . ကျွန်မ ပိုက်ဆံမပါဘူးနော်"

"ကျွေးပါတယ်ကွာ . . . လာ . . . ထိုင်ပါ . . . စားချင်တာမှာပါ"

ညို့က သူနှင့် မျက်နှာချင်းဆိုင်ခုံကလေးမှာ





ထိုင်ပြီး မုန့်ဟင်းခါး၊ အီကြာကွေးနှင့် ငါးဖယ် တစ်ပွဲမှာလိုက်သည်။ ညို့၏ ညို့ချက်ကပဲ အောင်မြင်တာလား မသိ။ ညို့ဖြစ်စေချင်တဲ့အတိုင်းတော့ ဖြစ်လာခဲ့တာ အမှန်ပင်။ သူကတော့ ညို့ကို ဘယ်လိုထင်မလဲ မသိ။ အခုမှတွေ့သော ယောကျ်ားတစ်ယောက်ကို လုံးဝ ရှိုးတို့ရှန့်တန့် ဖြစ်ခြင်း၊ အားနာခြင်း မရှိဘဲ ခပ်တည်တည်ပင် ဝင်ထိုင်ကာ မုန့်ဟင်းခါး လာစားနေသော ညို့ကို ခင်မင်တတ်၊ ပွင့်လင်းစွာ ဆက်ဆံတတ်သော၊ ဟန်မဆောင်တတ်သော မိန်းကလေးလို့ပဲ ထင်မလား။ အင်မတန် ငတ်ကြီးကျတဲ့ ငတိမဟု မှတ်ချက်ချမလား မသိ။

"မေညို့မယ်က ဘာမေဂျာယူထားတာလဲ"

"အင်းဂလိရှ်ပါ"

"ဩော် . . . ကိုယ့်ရဲ့ ကောင်မလေးက မင်းအကြောင်း တစ်ခုတော့ ကိုယ့်ကို ပြောပြတာ ကိုယ်မှတ်မိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာများလဲဟင် . . ."

သူက ညို့ကိုကြည့်၍ တစ်ချက်ပြုံးပြကာ . . .

"ဟုတ်လားတော့ မသိဘူး . . . မင်းက ညို့တတ်တယ်ဆို"

တဲ့ . . .။ ညို့သည် သဘောကျစွာ ရယ်မောလိုက်မိသည်။ ညို့၏သတင်းတွေ ဘယ်လောက်တောင် ပျံ့နေပြီလည်း မသိ။ ထိုသို့ ပြန်၍ကြားရတိုင်း ညို့ တုံ့ပြန်မိသည်မှာ တစ်ခုပဲ ရှိသည်။ အဲဒီလိုပဲ ပေါ့ပေါ့ပါးပါး ရယ်မောလိုက်ခြင်းဖြင့် တစ်ဘက်လူ၏ တက ယုံကြည်ထင်မြင်နေမှုကို ဖော့ပေးလိုက်ခြင်းပဲဖြစ်သည်။

"ကိုစွမ်းစက ယုံလို့လား . . ."

ဟု ပြုံးလျက်သားဖြင့် သူ့ကို ခပ်ဆဆ ပြန်မေးလိုက်တော့ သူက ပခုံးတစ်ချက်တွန့်ပြသည်။

"ကိုယ်က စိတ်စွမ်းအင်တွေ၊ ပါဝါတွေကိုတော့ နည်း





နည်း ယုံတတ်ပါတယ်၊ ကိုယ်လည်း ကိုယ်ရောင်ဖျောက်တတ်တယ်ဆိုရင် မင်းယုံမလား"

"ဘယ်လို . . ."

သူ့စကားက နောက်ပြောင်ရိပ်စွက်နေသည်မို့ ညို့သည် ရယ်ချင်သွားကာ ပြန်မေးမိသည်။ သူကလည်း သူ့စကားသူ သဘောကျသလို ခပ်ကျိတ်ကျိတ် ရယ်မောလျက် . . .

"တကယ်ပြောတာ . . . ကိုယ်လည်း ကိုယ်ရောင်ဖျောက်တယ်တယ်၊ လူကိုယ်တိုင်ကြီး ပျောက်သွားတာမျိုးတော့ မလုပ်နိုင်ပါဘူး၊ စိတ်နဲ့ ကိုယ်ရောင်ဖျောက်တာပေါ့ . . . သိတယ်မှုလား၊ ကိုယ် မဖြစ်စေချင်တဲ့ အရာတစ်ခုကို တကယ် ဖြစ်မလာအောင် စိတ်နဲ့ ရှောင်တိမ်းကြည့်တဲ့ သဘောပေါ့၊ အဲ . . . သေချာပြောရင် ကိုယ်ရောင်ဖျောက်တာလို့ မခေါ်နိုင်ဘူး၊ စိတ်ရောင်



www.burmeseclassic.com

www.burmeseclassic.com



ဖျောက်တာမျိုးပေါ့ . . . အဲဒီလိုမျိုး"

သူက ထိုစကားကို အလေးအနက်၊ သေချာပြောတာလား၊ ပျော်စေပျက်စေ၊ ရယ်သွမ်းသွေးလျက် ရွှတ်နောက်နောက် ပြောတာလားဆိုတာတော့ ညို့ သေချာမသိပါ။ သို့သော် သူ့ရဲ့ ထိုစကားကြောင့် ညို့စိတ်ထဲ လေးခနဲဖြစ်သွားမိလေသည်။ အကယ်၍ ညို့ သူ့ကို ညို့ကြည့်မယ်ဆိုရင် အဲဒါကိုသိရင် သူက စိတ်နဲ့ ရှောင်တိမ်းမယ်ဆိုတဲ့အဓိပ္ပာယ်ပေါ့။

"ကဲ . . . အခုပဲ ကိုယ်ရောင်ဖျောက်ပြီကွာ . . . ဘိုင့်ဘိုင် မေညို့မယ်"

သူက ပြောပြီး လှစ်ခနဲထကာ ခွေးနှစ်ကောင်ကို ကြိုးဆွဲလျက် ခပ်သွက်သွက် ပြေးထွက်သွားသောအခါ ညို့မှာ အကြောင်သား ကျန်ရစ်ခဲ့သည်။

"ဟယ် . . . ကြည့်စမ်း၊ သူ မုန့်ဟင်းခါးဖိုးလည်း ရှင်း





မသွားဘူးတော့"

ညို့က တအံ့တဩ ရေရွတ်မိတော့ စားပွဲထိုးလေးက . . .

"စားပွဲပေါ်မှာ ထားခဲ့ပြီးသား အစ်မရဲ့ . . ."

ဟု ပန်းကန်လာသိမ်းရင်း ပြောသဖြင့် ညို့သည် ခပ်ရှက်ရှက် ပြုံးမိလေသည်။ သူဟာ လူတစ်မျိုးတော့ တစ်မျိုးပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ ကဒ်ကလေးကို အလုအယက်ကြည့်ကြရင်း ညို့ပြန်ပြောပြသော အဖြစ်အပျက်တွေကို နားထောင်ရင်း ခက်ဖြာဝေနှင့် ပုလဲသီတို့မှာ လက်ဖျားတစ်ခါခါနှင့် အံ့သြ၍ မဆုံးနိုင်။ အဲဒီလောက်တောင်ပဲ တိုက်ဆိုင်ရသလားဟု ဆိုကြသည်။

"ညို့ရေ . . . ရှင် တကယ် ထူးဆန်းနေပြီ၊ ရှင့်စိတ်က ဖြစ်ချင်တဲ့အတိုင်းကို တိုက်ဆိုင်မှုတွေ ဖြစ်ဖြစ်လာတာနော်၊ သူ့ကို ရှင်နဲ့ မလှမ်းမကမ်း ခြံတစ်ခြံမှာ ရှိနေလိမ့်





မယ်လို့ ဘယ်သူက ကြိုသိနိုင်မလဲ"

"အဲဒီလောက်လဲ မဟုတ်သေးပါဘူးဗျာယ်၊ တိုက်ဆိုင်မှုတွေက အံ့သြစရာကောင်းသွားတာလဲ ဖြစ်နိုင်ပါတယ်"

"ကဲ . . . ဒါဖြင့်ရင် ရှင်နဲ့ကျွန်မတို့ လောင်းမလား၊ အခု ကဒ်ထဲက သူ့ရဲ့ mobile ကို ရှင့် mobile နဲ့ ခေါ်ကြည့်လိုက်၊ ခေါ်ပြီးတာနဲ့ ချက်ချင်း ပြန်ပိတ်လိုက်၊ သူ ပြန်ခေါ်ပါစေလို့သာ ရှင် ဆုတောင်းလိုက်၊ ဘယ်လိုလဲ စမ်းကြည့်မလား၊ တကယ်လို့ သူ ရှင့်ကို ပြန်ခေါ်တယ်ဆိုရင် ရှင် စားချင်တာ လိုက်ကျွေးမယ်၊ ကဲ . . . ခေါ်ကြည့် . . . ခေါ်ကြည့်လိုက်"

ပုလဲသီက ထုံးစံအတိုင်း ဘေးကနေ တတွတ်တ် တွန်းအားပေးနေသည်မို့ ညို့ကလည်း ထုံးစံအတိုင်း နေသာဘဲ သူ့ mobile ကို ခေါ်လိုက်လေသည်။ ပြီးတော့ ချက်ချင်း ပြန်ပိတ်ဝစ်လိုက်ကာ ဖုန်းကလေးကိုပဲ ပြူးပြူးကလေး



www.burmeseclassic.com

www.burmeseclassic.com



စိုက်ကြည့်နေမိသည်။ စိတ်ထဲကနေတော့ သူ ပြန်ခေါ်ပါစေဟု ဆုတောင်းလိုက်မိသည်။ အံ့ဩစရာကောင်းသည်မှာ သိပ်ကြာကြာပင် မစောင့်လိုက်ရဘဲ ဖုန်းသံချက်ချင်း ပြန်မြည်လာခဲ့ခြင်း ဖြစ်သည်။ လှမ်းကြည့်လိုက်တော့ အသေအချာပင် သူ့ဆီက။ ညှို့က ဟိုနှစ်ကောင်ကို လက်မကလေး ထောင်ပြလိုက်ကာ ဖုန်းကို ကောက်ထူးလိုက်သည်။

"ဟယ်လို . . ."

"ဟုတ်ကဲ့ . . . စောစောက ကျွန်တော့်ဖုန်းကိုများ လှမ်းခေါ်သလားလို့ပါ"

"ဟုတ်ကဲ့ . . . ကျွန်မ မေညှို့မယ်ပါ၊ ဒီလိုပဲ ကိုစွမ်းစရဲ့ ဖုန်းနံပါတ်ကို memory ထဲ save လုပ်ရင်း နှိပ်မိသွားတာ"

"ဪ . . . ဒီလိုလား . . . အခု ကျောင်းထဲမှာလား"





"ဟုတ်ကဲ့ . . . ကိုစွမ်းစရော"

"ကိုယ်လည်း ကျောင်းထဲရောက်နေတယ်၊ ကိုယ့် ကောင်မလေးကို လိုက်ပို့ရင်း မပြန်ဖြစ်သေးဘဲ ခဏ စကားပြောနေတုန်း မင်းဆီက ဖုန်းဝင်လာတာ၊ မင်း ကန်တင်းဘက် လာခဲ့နိုင်မလားဟင်၊ ကိုယ့်ကောင်မလေးနဲ့ မိတ်ဆက်ပေးချင်လို့၊ သူက မိတ်ဆက်ပေးခိုင်းနေတယ်"

"OK . . . လေ၊ ကျွန်မတို့ လာခဲ့မယ်"

ညှို့သည် ဖုန်းချလိုက်ကာ ခက်နှင့် သီ့ကို မျက်လုံးပြူးပြလိုက်သည်။

"သူက သူ့ကောင်မလေးနဲ့ မိတ်ဆက်ပေးမလို့တဲ့ . . ."

www.burmeseclassic.com

www.burmeseclassic.com



ပဂေးသည် စိတ်ထဲမှာ ဘာကို မကျေနပ်မှန်း မသိစွာ မကျေနပ်နိုင် ဖြစ်နေသည်။ ပဂေး ကြိုတင်ပြီး သဝန်တိုခဲ့မိတဲ့အတိုင်းပင် အချိန်တိုတိုကလေးအတွင်းမှာ ဒီလောက်မြန်ဆန်စွာ အပြောင်းအလဲတွေ ပဂေး၏ ကွယ်ရာတွင် ဖြစ်ပျက်သွားခဲ့တာကို မကျေနပ်။ စွမ်းစက ထိုအကြောင်းကို ဘာမှ မထူးခြားသလို ရယ်ရယ်မောမော ပြန်ပြောပြခဲ့တာ ဖြစ်သော်လည်း ပဂေးက မရယ်မောနိုင်။ ဘာကြောင့်များ အဲဒီ မေညို့မယ်နှင့် စွမ်းစတို့ ဒီလောက် တိုက်ဆိုင်စွာ ပြန်ဆုံမိ





သွားရတာလဲ။ စွမ်းစ အိမ်ဝယ်ထားသော သုမင်္ဂလာ အိမ်ရာဝင်းထဲမှာမှ အဲဒီ မေညို့မယ်က ဘာဖြစ်လို့ နေနေရတာလဲ။ ပိုပြီး မကျေနပ်စရာကောင်းသည်က သူတို့နှစ်ယောက် မတော်တဆ ဆုံမိကြပြီး မုန့်ဟင်းခါးဆိုင်တောင် အတူတူ ထိုင်ခဲ့ကြတာကို ဖြစ်သည်။ အရေးထဲ စွမ်းစက သူ့ရဲ့ ကဒ်တွေဘာတွေတောင် ပေးလိုက်သေးသည်အထိ သူတို့ ရင်းနှီးသွားကြတာကို မနာလို သဝန်တိုနေဆဲမှာပင် မေညို့မယ်၏ဖုန်းဝင်လာခဲ့ခြင်းဖြစ်သည်။ ပထမတော့ သူမဆီကမှန်း ပဂေးမသိပါ။ ဖုန်းခေါ်ပြီး ချက်ချင်းပြန်ချသွားတာမို့ စွမ်းစက ပြန်ခေါ်လိုက်တော့မှ သိရခြင်းဖြစ်သည်။ ပဂေးစိတ်ထဲ ထောင်းခနဲ ဖြစ်သွားကာ အမောက်ကလေးတော့ ထောင်ပြချင်စိတ်ပေါက်လာခဲ့သည်။

"သူ့ကို ခေါ်လိုက် စွမ်းစ၊ ပဂေးနဲ့ မိတ်ဆက်ပေးထား၊ ဒါမှ စွမ်းစမှာ ပိုင်ရှင်ရှိပြီးသားဆိုတာ သူ သဘော



www.burmeseclassic.com

www.burmeseclassic.com



ပေါက်မှာ”

ဟု ခပ်တိုးတိုး လှမ်းပြောလိုက်ခြင်းဖြစ်သည်။

မကြာပါ . . .။ ကန်တင်းထဲသို့ မေညှို့မယ်တို့ သုံးယောက်သား ဝင်လာတာကို မြင်ရသည်။ မေညှို့မယ်ကို လူတိုင်းက စိတ်ဝင်တစားပင် လှမ်းကြည့်ကြသည်မှာ သူမ၏ ရုပ်ရည်ရူပကာကြောင့် လုံးဝမဟုတ်။ သူမပုံစံကို ကြည့်လိုက်လျှင် ဘာမှ မထူးခြား။ အသားလတ်လတ်၊ သွယ်လျလျနှင့် သာမန်မိန်းကလေးတစ်ယောက်သာ ဖြစ်သည်။ အချောအလှ စာရင်းထဲတောင် မပါပါ။ သို့သော် သူမကို ညှို့တတ်သူအဖြစ် လူသိများနေသည်မှာ အံ့ဩဖို့ပင် ကောင်းသေးတော့သည်။ သူမ၏ ထူးခြားမှုဆိုလို့ တွေ့လိုက်တိုင်း ရယ်ရယ်မောမော ပြုံးရွှင်နေတတ်ခြင်းသာဖြစ်လေသည်။ ပဂေးကြည့်နေဆဲမှာ သူမက ပဂေးတို့ကို ရှာဖွေတွေ့ရှိသွားကာ စားပွဲဆီသို့ ခပ်သွက်သွက် လျှောက်လာကြသည်။ နံဘေးရှိ စွမ်းစကို မသိ





မသာ အကဲခတ်ကြည့်မိတော့ သူက အေးအေးဆေးဆေးပင် လက်လှမ်းပြနေသည်။

“လာကြ . . . မေညှို့မယ်တို့ ဘာစားကြမလဲ၊ ကြိုက်တာသာ မှာကြ၊ ပြီးရင် ကိုယ့်ဘာသာကိုယ် ရှင်း”

ဟု စွမ်းစက ရင်းနှီးနှစ်လိုဟန်ဖြင့် အရွှန်းဖောက်သည်ကို ပဂေးက သိပ်မကြိုက်ချင်သော်လည်း ဟိုသုံးယောက်ကတော့ သဘောကျစွာ ရယ်မောကြရင်း ဝင်ထိုင်ကြ၏။ စွမ်းစ၏ ပင်ကိုယ်ဗီဇစရိုက်ကိုက ဘယ်သူ့ကိုမဆို အဲဒီလိုပဲ တရင်းတနှီး ဖော်ရွေနှစ်လိုစွာ ဆက်ဆံတတ်ခြင်းဖြစ်သည်။ သူ့ရဲ့ အဲဒီစရိုက်ကြောင့်ပဲ သူ့ကို လူချစ်လူခင်များသလို သူ့လုပ်ငန်းလည်း အောင်မြင်ကျော်ကြားနေတာဖြစ်သည်။

“ကိုစွမ်းစက ဒီလိုကြေးလားဟင်၊ ဒီလောက်ချော၊ ဒီလောက်လှတဲ့ Queen တစ်ယောက်လုံးကို ဘေးနားမှာထားပြီးတော့တောင် ဒီလိုစကားမျိုး ပြောရဲသေး



www.burmeseclassic.com

www.burmeseclassic.com



တယ် . . . ဟုတ်လား"

သူမက ပဂေးကို နှစ်လိုချစ်ကြည်စွာ ပြုံးကြည့်ရင်း တရင်းတနှီး ပြောလိုက်သောအခါ ပဂေးရင်ထဲ တင်းမာမှုကလေးတော့ နည်းနည်း ပြေလျော့သွားသလို ရှိသည်။ သူမကလည်း အသွက်စားပါလား။ စွမ်းစ မိတ်ဆက်ပေးတာကိုပင် မစောင့်ဘဲ သူမက စပြီး . . .

"ကျွန်မက မေညို့မယ်ပါ လှပဂေး၊ လှပဂေးကို မသိရင် ကျွန်မတို့ ခေတ်နောက်ကျကျန်ခဲ့မှာပေါ့နော်၊ သိပြီးသားပါ။ အခု ကိုစွမ်းစက မိတ်ဆက်ပေးမယ်ဆိုလို့ ဝမ်းသာအားရ ထ,လာခဲ့ကြတာ၊ သူတို့က ခက်ဖြာဝေနဲ့ ပုလဲသီး၊ ကျွန်မတို့က E-major ကပါ"

ဟု . . . ခပ်သွက်သွက် မိတ်ဆက်လေသည်။ ပဂေးက အလိုက်သင့် ပြန်ပြုံးမိရင်း . . .

"မေညို့မယ်တို့ကိုလည်း ကျွန်မ သိပါတယ်၊ မေညို့မယ်





က နာမည်ကြီးပဲ၊ ညို့တတ်တယ်ဆို"

"ဘယ်သူပြောလဲ . . .၊ နာမည်မှာ ညို့ပါလို့ တမင်သက်သက် လျှောက်ပြောကြတာ ဖြစ်မှာပါ၊ ကျွန်မလား ညို့တတ်မှာ"

"အို . . . သူများတွေ ပြောနေကြတာပဲ၊ တချို့ဆို သူတို့ရှေ့မှာ မေညို့မယ်စိတ်နဲ့ လှမ်းညို့ပြနေတာကို လက်တွေ့မြင်ဖူးကြတယ်ဆိုပဲ"

"ဟား ဟား ဟား . . . ကြားရတာ ဘဝင်မြင့်ချင်စရာကောင်းလိုက်တာနော်၊ အဲဒါတွေကို လှပဂေးက ယုံလို့လား၊ တစ်ခါတလေ တိုက်ဆိုင်သွားတာမျိုးတွေ ဖြစ်မှာပါ"

"ကျွန်မကတော့ စိတ်နဲ့ညို့တာမျိုးတို့ ဘာတို့ကို ယုံတတ်တယ်၊ ကြားလည်း ကြားဖူးတယ်လေ"

"ကဲပါ ညို့ရယ်၊ ကြံဖန်ပြီး လျှိုမနေချင်စမ်းပါနဲ့၊ ဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ရင် ဟုတ်တယ်ပေါ့၊ သူက ဒီလိုပဲ လှပဂေးရဲ့၊ ဘယ် တော့မှ ဝန်မခံဘူး၊ သူ့ကိုယ်သူလည်း မယုံဘူး၊ ကျွန်မ တို့က တစ်ခုခု စမ်းသပ်ခိုင်းလိုက်ရင် အမြဲတမ်း အောင် မြင်တယ်၊ ခုနကလည်း ကိုစွမ်းစရဲ့ ဖုန်းကိုခေါ်ပြီး"

"ဟာ . . . ခက်ကလဲ ဘာတွေ လျှောက်ပြောနေတာ လဲ"

သူမက ခက်ဖြာဝေ၏ စကားကို ဝင်၍ ဖြတ်ချ လိုက်သောအခါ ပဂေးရင်ထဲက သံသယက ပို၍ လေးနက် သွား၏။ သူတို့ စွမ်းစကို စမ်းသပ်စရာ target တစ်ခုအဖြစ် သဘောမထားဘူးလို့ ဘယ်လိုအတပ်ပြောနိုင်မလဲ။

"ကဲ . . . ကိုယ်တို့ကို တစ်ခုခု စမ်းသပ်ပြကွာ၊ ကိုယ် ကြည့်ချင်လို့"

စွမ်းစက ဖျတ်ခနဲ ဝင်ပြောလိုက်သည်။ စွမ်းစ ၏ မျက်နှာပေး ဟန်ပန်ကတော့ အဲဒါကို သိပ်လက်မခံသလို





စိန်ခေါ်လိုက်ပုံမျိုး ဖြစ်သည်။ မေညို့မယ်က . . .

"ဟာ . . . ဘာကို စမ်းသပ်ပြရမှာလဲ၊ မဟုတ်ပါဘူး လို့ ငြင်းထားတဲ့ဟာကို၊ သက်သေပြစရာမှ မလိုတာ"

ဟု ငြင်းနေသည်။ ပဂေးကိုယ်တိုင်လည်း သူမ၏ ကျော်ကြားနေသော ပါဝါကို လက်တွေ့ကြည့်ချင်လာခဲ့သည်။

"ဟုတ်သားပဲ မေညို့မယ်၊ ဘာပဲဖြစ်ဖြစ် အပျော်ပေါ့"

ဟု . . . ဝင်ပြောလိုက်သောအခါ သူမက ပဂေး ကို ပြုံး၍ကြည့်နေသည်။ ပြီးတော့ . . .

"ကောင်းပြီလေ . . . ကိုစွမ်းစကို စမ်းသပ်ကြည့်မယ်၊ လှပဂေး သူ့ကို ဒီမှာ တစ်နေကုန် နေစေချင်လား၊ ဒါမှမဟုတ် ပြန်စေချင်လား"

ဟု မျက်ခုံးကလေးပင့်ကာ ခပ်ဆဆ မေးသော မေးခွန်းကို ပဂေး မဖြေခင် စွမ်းစက ဝင်ပြီး . . .

"ကဲ . . . ကိုယ့်ကို မင်းက ညို့မယ်ဆိုပါတော့၊ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



မပြန်ဘူးကွာ၊ ကိုယ် ဒီနေ့ တစ်နေ့လုံး ပဂေးနားမှာ နေပေးမှာ၊ ဒီနေ့ ဘာ appointment မှ မရှိဘူး၊ အေးဆေးပဲ၊ ပဂေး အတန်းပြီးမှပဲ သူ့ကိုခေါ်ပြီး အိမ်ပြန်ပို့ပေးလိုက်တယ်၊ OK ! မင်း ကိုယ့်ကို ရအောင် နှင်ပေတော့."

ဟု . . . ပြောလိုက်သောအခါ သူမက ပနှုတ်ကလေးတစ်ချက်တွန့်ကာ ရယ်မောလေသည်။

"အံမယ် . . . တယ်စွာနေပါလား၊ ကျွန်မတော့ နာမည်ပျက်တော့မယ် [illegible]ပါနဲ့၊ အိုကေလေ . . . စမ်းကြည့်တာပေါ့၊ ကိုစွမ်းစကို ခဏတော့ စိုက်ကြည့်နေမယ်နော်၊ တစ်မျိုးတော့ မထင်နဲ့ သိလား၊ လုပဂေးကလည်း သဝန်မတိုကြေးနော် . . . ဟုတ်လား၊ ဒါအလုပ်သဘောအရ"

သူမက ရယ်ရယ်မောမော ပြောရင်း စွမ်းစ၏





မျက်လုံးတွေဆီ ခပ်ပြုံးပြုံး စိုက်ကြည့်နေပြန်သောအခါ ပဂေးရင်ထဲ အောင့်သီးအောင့်သက်နှင့် မခံချိမခံသာ ဖြစ်ရသည်။ သူမကို ကြည့်ရသည်မှာ ဘယ်လိုမှ အရိပ်အကဲ ဖမ်းလို့မရနိုင်လောက်အောင် ပါးနပ်သွက်လက်လွန်းသည်ဟု ပဂေး ထင်သည်။ စွမ်းစကလည်း အေးအေးဆေးဆေးပင် ပြုံးလျက် ဆန်းကစ်(စ်)ဖျော်ရည်တွေ ဘာတွေပင် မှာသောက်နေသေးကာ . . .

"ပဂေး . . . အတန်းတက်ချင်ရင် သွားတက်နော်၊ ကိုယ် ညနေအထိ တကယ် စောင့်ပေးမှာ"

ဟု . . . ပြောနေလေသည်။ ပဂေးကတော့ မျက်စိရှေ့မှာ ကိုယ့်ရည်းစားကို ပြောင်ပြောင်တင်းတင်း ညို့ကြည့်နေသော မိန်းကလေးတစ်ယောက်ကို အမြင်ကပ်လွန်းနေပြီဖြစ်သော်လည်း ဘာမှ မဖြစ်ဟန် ဆောင်ထားရသည်။ မကြာပါ . . .။ တကယ့်ကို မကြာပါ။ စွမ်းစ၏ ma-



www.burmeseclassic.com

www.burmeseclassic.com



bile ဖုန်းကလေး ထမြည်လာသည်။ စွမ်းစက ဖုန်းမှာပေါ်လာသော နံပါတ်ကို ကြည့်ပြီး တစ်ချက်တော့ မျက်နှာပျက်သွား၏။ ချက်ချင်းပင် ဖုန်းကောက်ဖြေပုံက ပျာပျာသလဲ ရှိလှသည်။ ပဂေး ချက်ချင်းပဲ ရိပ်မိလိုက်၏။ အဲဒါ သူ့မေမေဆီက။ သူ့မေမေနှင့် ပတ်သက်လာလျှင် စွမ်းစလောက် အလေးအနက်ရှိလွန်းသော သားမျိုး ပဂေးတော့ မကြုံဖူးသေး။ သူကိုယ့်သူ ဘယ်လောက်ပဲ ရင့်ကျက်ယုံကြည်မှု ရှိနေပါစေ၊ သူ့မေမေနှင့် ဖုန်းပြောတိုင်း ပီဘိ ယုန်သူငယ်ကလေးတစ်ကောင်လို နူးညံ့သိမ်မွေ့စွာ ကျိုးနွံသေဝပ်သွားလေ့ရှိတတ်တာကို ချစ်သူသက်တမ်းတလျှောက်မှာ ပဂေး မကြာခဏ ကြုံဖူးခဲ့ပြီးဖြစ်သည်။ ပဂေးကိုယ်တိုင်တော့ သူ့မေမေနှင့် လူချင်း မဆုံဖူးသေးပါ။

"ဟုတ်ကဲ့ မေ ... သား လာခဲ့မယ်၊ မေ ဘယ်မှ မသွားနဲ့ ဦးနော်၊ အဲဒီကပဲ စောင့်ပါ၊ သား အလွန်ဆုံး နာရီဝက်လောက်ပဲ ကြာမှာပါ၊ ဟုတ်ကဲ့ပါ မေ၊ ဆီးယူ





မေ ... ဘိုင်"

ဆိုပြီး ဖုန်းကို ပိတ်လိုက်ပြီး ...

"ဆောရီးပဲ ... ဒါကတော့ တိုက်ဆိုင်မှု သက်သက်ပဲကွာ၊ မေမေ့ကား လမ်းမှာ ထိုးရပ်သွားလို့တဲ့၊ အဲဒါ ကိုယ် သွားကြိုပေးရမယ်၊ မေမေ သွားချင်တဲ့နေရာကို ပြန်ပို့ပေးပြီးရင် ကိုယ် ချက်ချင်း ပြန်လာမှာနော် မေညို့မယ်၊ မင်း ညို့လို့မဟုတ်ဘူးနော်၊ ကိုယ့်မေမေက အရေးတကြီး လှမ်းခေါ်လို့ကဲ ... ပဂေး ကိုယ် မေမေ့ဆီ ပြေးလိုက်ဦးမယ် ... ကိုယ် ပြန်လာခဲ့မယ်"

"ကျွန်မကလည်း ဘာမှ မပြောပါဘူး ကိုစွမ်းစရယ်"

ဟု ... မေညို့မယ်က ပခုံးကလေး တွန့်ပြလျက် ရယ်မောနေသည်။ ပဂေးကတော့ ဘယ်သူ့ကို ယုံကြည်ရမှန်း မသိစွာ ဇဝေဇဝါ ဖြစ်လျက်ရှိသည်။ စွမ်းစ နှုတ်ဆက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြန်သွားတော့ မေညို့မယ်က . . .

"ကျွန်မတို့လည်း သွားတော့မယ်နော် လှပဂေး . . . ကျွန်မ ညို့တတ်တယ်ဆိုတာကို မေ့လိုက်ပါ။ အဲဒါ လုံးဝ မဟုတ်ဘူး၊ တိုက်ဆိုင်သွားတာပါ"

ဟု . . . နှုတ်ဆက်ပြီး ပြန်ထွက်သွားကြသည်။ ပဂေးမှာသာ ပင့်သက်တရှိုက်ဖြင့် ကျန်ရစ်ခဲ့သည်။ အကယ်၍ စွမ်းစသာ "အခုချက်ချင်း ပြန်တော့မှာ" ဟု ရွေးချယ်ခဲ့လျှင် အခြေအနေမှာ ဘယ်လိုဖြစ်လာမှာပါလိမ့်ဟု ပဂေး စိတ်ဝင်စားနေသည်။ သူမဟာ တကယ်ပဲ စွမ်းစကို ပြန်သွားအောင် စိတ်ညို့စေခိုင်းခဲ့ပါသလား။ ထိုအဖြေကို ပဂေးလည်း သိချင်ပါသည်။



အခန်း . . . ၃

ထိုနေ့က စနေနေ့ဖြစ်သည်။ Yankin Centre Shopping Mall ကြီးထဲမှာ လူတွေ စည်ကားနေခဲ့သည်။ ညို့တို့သုံးယောက်လည်း ထုံးစံအတိုင်း window shopping ထွက်ကြရင်း Yankin Centre ဆီသို့ ရောက်လာခဲ့ကြ၏။ Store ကြီးရဲ့ လမ်းမတန်း အလည်မှာ Pierre cardin ဖိနပ်ကုမ္ပဏီက တင်သွင်းသော ဖိနပ်ဒီဇိုင်း အသစ်တွေကို promotion ပွဲ ကျင်းပလျက်ရှိကာ အထူးအစီအစဉ်အဖြစ် ပျော်ရွှင်စိတ်ဝင်စားဖွယ် ကဏ္ဍ ကလေးတစ်ရပ် ရှိနေသည်မို့ မိန်းကလေးတွေ ကြိတ်ကြိတ်တိုး



www.burmeseclassic.com

www.burmeseclassic.com



စည်ကားလျက်ရှိသည်။

"ဟယ် . . . ဘာတွေ လုပ်နေတာလဲ မသိဘူး၊ သွားကြည့်ရအောင်"

ဟု . . . ဆိုကာ သုံးယောက်သား လူအုပ်ကြားကနေ တိုးတိုးဝှေ့ဝှေ့ ဝင်ကြည့်လိုက်တော့ အလည်မှာ ခုံဝိုင်းအမြင့်ကလေးတွေ စီရရီခင်းထားပြီး မိန်းကလေးတချို့က အဲဒီခုံမှာ ဝင်ထိုင်နေကြသည်။ အစီအစဉ်က အလွန်လှပသော Pierre Cardin ဒေါက်မြင့် ရှူးဖိနပ်ကလေးတစ်ရံကို မှန်ခုံအဝိုင်းမြင့်မြင့်ကလေးပေါ်မှာ တင်ထားပြီး ချာလည်လှည့်ပြထားသည်။ ဖိနပ်ရဲ့ size ကို မမြင်ရပါ။ အဲဒီ ဖိနပ်ကလေးကို စိတ်ဝင်စားသူ မိန်းကလေးတိုင်း ပါဝင်ယှဉ်ပြိုင်ခွင့်ရှိ၏။ စိတ်ဝင်စားသူသည် ခုံမြင့်ကလေးမှာ အသာဝင်ထိုင်လိုက်ရုံပင်။ မိန်းကလေးတစ်ယောက်က ဖိနပ်ကလေးကို ထိုင်နေသူ မိန်းကလေးတစ်ယောက်ချင်းစီရဲ့ ခြေထောက်မှာ လိုက်၍ စွပ်





ကြည့်ပေးမည်။ ဖိနပ်နှင့် အံဝင်ခွင်ကျ ကွက်တိရှိသူမှသာ ထိုဖိနပ်ကလေးကို ပိုင်ဆိုင်ခွင့်ရမည်။ ညို့ လှမ်းကြည့်လိုက်တော့ ဖန်ကလပ်ကလေးပေါ်မှာ ချာလည်လှည့်နေသည်မှာ ခဲငွေရောင် ဒေါက်မြင့်မြင့် ရှူး(စ်)လှလှကလေး။ ဒီဇိုင်းကလေးက ရိုးရိုးရှင်းရှင်းကလေးနှင့် စွဲဆောင်မှုရှိပါသည်။

"ကျွန်မ အဲဒီဖိနပ်ကလေး လိုချင်လိုက်တာဟယ်"

ဟု . . . ညို့က တက်တက်ကြွကြွ အသံလေးနှင့် ပြောလိုက်တော့ ဟိုနှစ်ယောက်က အဓိပ္ပာယ်ပါပါ မျက်ဝန်းများဖြင့် လှမ်းကြည့်သည်။

"လိုချင်ရင် ရအောင်ယူပေါ့ ညို့မယ်ရဲ့၊ လာ ကျွန်မတို့ သုံးယောက်စလုံး ဝင်ထိုင်လိုက်ရအောင်"

ခက်က စိတ်မြန်လက်မြန်ပင် ပြောလည်းပြော ညို့ရဲ့လက်ကိုလည်း ဆွဲကာ ခုံဝိုင်းကလေးတွေဆီသို့ ဝင်လာခဲ့သည်။ အရောင်းဝန်ထမ်း မိန်းကလေးက ပြုံးချိုသော မျက်



www.burmeseclassic.com

www.burmeseclassic.com



နှာကလေးနှင့် ကြုံဆိုလျက် . . .

"ဒီဖိနပ်ကလေးရဲ့ တန်ဖိုးက ဒေါ်လာ ၉၀ တန်ပါတယ် မမ၊ အဲဒါကို မြန်မာငွေ ၉၀၀နဲ့ ဝင်ပြီး ယှဉ်ပြိုင်ရမှာပါ၊ အကယ်၍ ဖိနပ်ကလေးက မမတို့ရဲ့ ခြေထောက်မှာ အံဝင်ခွင်ကျ တော်မယ်ဆိုရင် ဖိနပ်ကလေးကို ၉၀၀ တည်းနဲ့ အပိုင်ရမှာပါ . . ."

"OK . . . စိတ်ဝင်စားတယ်၊ စမ်းကြည့်တာပေါ့၊ စင်ဒရဲလား ဖိနပ်ပိုင်ရှင် ရွေးတဲ့အတိုင်းပဲနော်၊ စိတ်လှုပ်ရှားဖို့ ကောင်းသား"

ညို့တို့သုံးယောက်သား ငွေ ၉၀၀ စီ ပေးပြီး ခုံပိုင်းကလေးတွေပေါ်မှာ စိတ်လှုပ်ရှားစွာ ဝင်ထိုင်လိုက်ကြသည်။ ညို့က ဖိနပ်ကလေးဆီသို့ ပြုံးညို့ညို့ကလေး လှမ်းကြည့်နေမိကာ ဖိနပ်ကလေးကို ရပါစေ . . . ဟု စိတ်ညွှတ်ဆုတောင်းနေလိုက်မိသည်။ အဲဒီအချိန်မှာ အပေါ်ထပ် စက်





လှေကားကနေ ဆင်းလာသော စုံတွဲတစ်တွဲကို အမှတ်မထင် လှမ်းတွေ့လိုက်မိခြင်းဖြစ်သည်။ လုပဂေးနှင့် စွမ်းစတို့ စုံတွဲ။ လက်ဖဝါးချင်း ဆုပ်တွဲလျက် စက်လှေကားကနေ ဆင်းလာပြီး ဖိနပ် promotion ပွဲကလေးဆီ လှမ်းကြည့်ရင်း ပြိုင်ပွဲထဲ ရောက်နေသော ညို့တို့သုံးယောက်ကို မြင်သွားကြသည်။ စွမ်းစက လက်လှမ်းပြပြီး လုပဂေးကတော့ ပြုံးသည် ဆိုရုံကလေး ပြုံးပြပါသည်။ ခုံတွေမှာ လူပြည့်သွားချိန်မှာ ပြိုင်ပွဲ စတင်၏။ ခုဏက အရောင်းဝန်ထမ်းမိန်းကလေးက ဖိနပ်ကလေးကို ယူလာကာ ဒူးချိတ်ပြီး ထိုင်နေကြသော မိန်းကလေး တစ်ယောက်ချင်းစီ၏ ခြေထောက်တွေဆီမှာ စွပ်ပေးကြည့်လိုက် . . .

"ချောင်နေပါတယ် . . . . ကြပ်နေပါတယ်"

စသဖြင့် . . . ပြောလိုက်ဖြင့် ညို့တို့နားဆီ ရောက်လာသည်။ ညို့က ဒီဘက်အစွန်ဆုံးခုံမှာ ဝင်ထိုင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



မိသောကြောင့် နောက်ဆုံးလူ ဖြစ်သွားသည်။ ခက်နှင့် သီတို့၏ ခြေထောက်တွေမှာ စွပ်ပေးချိန်ကျတော့ တခွီးခွီး ရယ်သံတွေ ထွက်လာသည်။ ထွက်မှာပေါ့ . . . ခက်ဖြာဝေ၏ ခြေထောက်က ပြားပြားကားကားကြီးတွေမို့ ဖိနပ်ကလေးထဲ ဝင်အောင်တောင် စွပ်၍မရ။ ပုလဲသီကျတော့ ခြေထောက် ပိစိကွေးကလေးခြေထောက်နှင့် လူကြီးဖိနပ် စွပ်ထားသလိုပင် ရယ်စရာ ကောင်းလှသည်။ နောက်ဆုံးကျတော့ ညို့အလှည့်ရောက်လာတော့၏။ ညို့သည် ဖိနပ်ကလေးကို တစ်ချက် ငေးကြည့်ရင်း မျက်လုံးကလေးတွေ အဓိပ္ပာယ်မိုတ်ကာ ခြေထောက်ကလေးကို ကြွပေးလိုက်၏။ ရင်ထဲမှာ သိမ့်မွေ့ညင်သာစွာ တုန်ရင်လာသည်။ ဖိနပ်ကလေးနှင့် ညို့ခြေထောက်ကလေး၏ အထိအတွေ့က တရင်းတနှီးရှိလှသည်။

"အို . . . မမခြေထောက်နဲ့ အတော်ပဲ၊ ကြည့်စမ်း ကွက်တိကို ဝင်သွားတာပဲ၊ နှစ်ဖက်စလုံး စီးကြည့်ပါဦး





မမ"

ဆိုသော ကောင်မလေး၏ အသံကို အကြားမှာ ဝမ်းသာအားရ မျက်လုံးဖွင့်လိုက်မိသည်။ ကြည့်နေကြသော ပရိသတ်၏ လက်ခုပ်သံကို ကြားရသည်။ ညို့သည် ခဲငွေရောင် ရှူးမြင့်မြင့်ကလေးကို တအံ့တဩ ငုံ့ကြည့်မိလျက် ရင်ထဲ တလှပ်လှပ် ဖြစ်နေသည်။

"မမ လမ်းလျှောက်ကြည့်ပါဦး၊ comfortable အရမ်း ဖြစ်တယ် မမ၊ လုံးဝ ခြေထောက် မနာဘူး၊ လည်သာ အပျော့သားနဲ့ ချုပ်ထားတာ၊ မမနဲ့ ဖိနပ်ကလေးကို အမှတ်တရ ဓာတ်ပုံရိုက်ထားမယ်နော်၊ ဒီဖိနပ်ကလေး ကို မမ ပိုင်သွားပါပြီ"

ဟု . . . ပြောရင်း ဓာတ်ပုံတွေ တဖျပ်ဖျပ် ရိုက်ယူထားလိုက်သေး၏။ ညို့သည် ဖိနပ်ဗူးကလေးထည့်ထားသော အိတ်ကလေးကို ဆွဲကာ လူအုပ်ကြားကနေ ထွက်လာ၏



www.burmeseclassic.com

www.burmeseclassic.com



ချိန်မှာ . . .

"ဟိတ် . . . ရွှတ် ရွှတ် . . . မေညို့မယ်"

ဟု . . . လှမ်းခေါ်သံ ကြားရသောကြောင့် လူ အုပ်ဘက်သို့ ပြန်လှည့်ကြည့်လိုက်သည်။ ထင်တဲ့အတိုင်း စွမ်းစ က လှမ်းခေါ်ခြင်းဖြစ်သည်။

"ဘယ်လိုလဲ မေညို့မယ်၊ ဒီဖိနပ်ကိုလည်း စိတ်နဲ့ ညို့ ယူလိုက်တာပဲလား"

ဟု . . . သူ့မေးသံက ရယ်မောကျီစယ်သံလိုလို၊ မယုံသင်္ကာသံလိုလို။ သူ့မျက်လုံးတွေဆီမှာလည်း ဟိုတစ်နေ့ က ကျောင်းထဲက အဖြစ်အပျက်ကို အစာမကျေသေးဟန်က အထင်းသား။

"ဪ . . . ကိုစွမ်းစက အထင်ကြီးနေပြန်ပါပြီ၊ အဲဒီ လိုသာ စိတ်နဲ့ညို့လို့ လိုချင်တာ အကုန်ရစတမ်းဆိုရင် မေညို့မယ်တို့ ကြီးပွားနေလောက်ရောပေါ့၊ နေ့





လှပဂေးရယ်"

ညို့၏အသံက ပေါ့ပေါ့ပါးပါး ရယ်မောသံစွက် လျက်ပင်။ လှပဂေးက ပခုံးကလေးတစ်ချက် တွန့်ပြကာ . . .

"သိနိုင်ဘူးလေ . . . မေညို့မယ်နဲ့ တွေ့လိုက်ရင် အထူးအဆန်း တစ်ခုခုတော့ တွေ့ရစမြဲဆိုတော့ ကျွန်မ တောင် ဇဝေဇဝါ ဖြစ်လာပြီ"

"ဇဝေဇဝါ မဖြစ်ပါနဲ့၊ ဒါလည်း တိုက်ဆိုင်သွားတာပါ"

"ကောင်းပြီလေ . . . ဒီတစ်ခါ တိုက်ဆိုင်မှုတစ်ခုခုကို ထပ်စမ်းကြည့်ရအောင်၊ ဟိုတစ်နေ့က ကျောင်းထဲက ကိစ္စကို မကျေပွဲပေါ့၊ ဘယ်လိုလဲ မေညို့မယ်"

သူ့ပုံစံက တစ်ခုခုကို လက်ခံဖို့ဆိုရင် ကိုယ်တွေ့ သေချာစမ်းသပ်ကြည့်ပြီးမှ ယုံနိုင်မည့် ခေါင်းမာသည့် ဖွတ်တ ရွှတ် လူငယ်ကလေးနှင့် တူလှသည်။ ညို့ကလည်း နှစ်ခါ မငြင်းတတ်သူပီပီ . . .



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် . . . ကြိုက်သလိုသာ စမ်းသပ်ပါ၊ ကျွန်မကလည်း ငြင်းပြီးသား၊ မညို့တက်ပါဘူးလို့၊ ကဲ . . . ပြော . . . ဘာလုပ်ပေးရမလဲ"

စွမ်းစက တစ်ချက်ပြုံးလိုက်သည်။ သူ့ပြုံးဟန်က ညစ်ကျယ်ကျယ်နိုင်ဟန်မျိုး . . .

"ပဂေး ကိုယ်တို့ feel ထဲမှာ တစ်ခုခု သွားစားရအောင်နော်၊ သူတို့ပါ လိုက်လိမ့်မယ်"

"စွမ်းစကလည်းလေ . . . ဘာတွေလျှောက်စမ်းသပ်ဦးမလို့လဲ၊ ပဂေး သွားစရာရှိသေးတယ်"

ညို့ကလည်း လူကဲခတ် မညံ့ပါ။ လှပဂေး၏ ရင်တွင်းဆီမှ သဝန်တိုမှုနှင့် စိုးရိမ်ကဲမှုကလေးတွေကို မိန်းကလေးချင်းပီပီ ညို့က လှမ်းမြင်နေရပြီးသား။ လှပဂေးက ညို့တို့နှင့် ပတ်သက်ချင်ပုံမရ။ သူမရဲ့ ချစ်သူကို ညို့က ညို့ယူဖြားယောင်းလိုက်မှာကို သဝန်တို စိုးရိမ်နေဟန်က ဟန်





ဆောင်စရာ မလိုလောက်အောင်ပင် အထင်းသား။ စွမ်းစကသာ သူ့ရှေ့မှာ ဖြစ်ဖြစ်သွားသော အံ့ဩစရာ တိုက်ဆိုင်မှုကလေးတွေကို မခံချိမခံသာနှင့် တစ်မျိုးပြီးတစ်မျိုး စမ်းသပ်၍ မပြီးနိုင်အောင် ဖြစ်နေသည်။

"ခဏလေးပါ ပဂေးကလဲ၊ ပဂေးပဲ ခုနက ဆာလို့ဆို၊ တစ်ခုခု စားမယ်ဆို . . . လာပါ"

ဟု . . . ဖွတ်ခေါ်ရင်း feel ဆိုင်ကလေးထဲသို့ ဝင်လာခဲ့ကြသည်။ ခက်နှင့်သီတို့ကတော့ ခုချိန်ထိ တစ်ခွန်းမှ ဝင်မပြောသေး။ စားပွဲဝိုင်းတစ်ခုမှာ ဝင်ထိုင်လိုက်ပြီးချိန်မှာ စွမ်းစက . . .

"ကဲ . . . စပြီနော်၊ ကိုယ်တို့အားလုံး အခု စားချင်တာ စားကြမယ်၊ ကိုယ်တို့ဝိုင်းကို ဒကာခံပြီး ရှင်းပေးမယ့် လူတစ်ယောက်ကို မင်း ညို့ခေါ်နိုင်မလား . . . ကဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု . . . စိန်ခေါ်သံဖြင့် ညစ်ကျယ်ကျယ်မေးသောအခါ ညို့နှင့်ခက်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ကိုယ်ကလေးတွေက တသိမ့်သိမ့် လှုပ်သည်အထိ ရယ်လိုက်မိကြသည်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီ ကစားနည်းကို ညို့တို့ ဘိုင်ပြတ်သည့်အခါတိုင်း စမ်းသပ်လေ့ရှိသောကြောင့် ဖြစ်သည်။

"ဒါလေးများ . . . စိန်လိုက်လေ၊ ကျွန်မတို့ ဝိုင်းအတွက် ဒကာတော်ရေမြေ့ရှင် ပေါ်လာစတမ်း . . . OK . . ."

ညို့က ရွှတ်နောက်နောက်ဟန်ကလေးဖြင့် ပြုံးကာ မျက်လုံးကလေးတွေ မှိတ်ပြီး လက်ဖဝါးနှစ်ဖက်ကို လေထဲမှာ တစ်ခုခုကို ညို့ခေါ်ယူသလို ဟန်မျိုး လှျောက်လုပ်နေသည်ကို လှပဂေးက ခပ်စူးစူးကလေး စိုက်ကြည့်နေသည်။ ပြီးတော့ တစ်ယောက်ချင်းထကာ အဆင်သင့် ချက်ထားပြီး





သား ဟင်းလျာတွေကို စိတ်တိုင်းကျ သွားမှာကြသည်။ ညို့ကတော့ စိတ်ထဲကနေ . . .

"ဒကာတော် ရေမြေ့ရှင်တစ်ယောက် အလိုလို ပေါ်လာပါစေ"

ဟု . . . စိတ်ကလေးညွှတ်ပြီး ဆုတောင်းနေလိုက်သေးသည်။ စားရင်းသောက်ရင်း စကားတွေလည်း ပြောကြရင်း စွမ်းစနှင့် ညို့တို့သုံးယောက် သိပ်စိမ်းမနေတော့ဘဲ တရင်းတနှီး ဖြစ်လာကြသည်။ လှပဂေးကတော့ ဖာသိဖာသာပင်။ သို့သော်လည်း သူမ သိချင်တာကလေးတွေကိုတော့ ခပ်တည်တည် မျက်နှာကလေးဖြင့် မေးတတ်သေး၏။

"Pierre Cardin ဖိနပ်ကလေးကို တကယ်ပဲ ညို့ယူလိုက်တာလားဟင် မေညို့မယ်"

"ညို့လို့ပဲ ခေါ်လို့ရပါတယ် လှပဂေးရယ်၊ ကျွန်မ ညို့တော့ မညို့ပါဘူး၊ အဲဒီဖိနပ်ကလေးကို လိုချင်လိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



လို့တော့ စိတ်ထဲကနေ တောင့်တလိုက်မိတယ်၊ ဖိနပ်ကလေးက ကျွန်မရဲ့ ခြေထောက်နဲ့ အံဝင်ခွင်ကျဖြစ်နေတာကတော့ တိုက်ဆိုင်မှုပါ”

“တခြား အဲဒီလို တိုက်ဆိုင်မှုတွေ အများကြီးပဲ ရှိခဲ့သလားဟင်၊ ဘယ်အချိန်လောက်ကတည်းက အဲဒီလို ထူးခြားမှုတွေကို စပြီးတော့ ရခဲ့တာလဲ၊ ကျွန်မ ဆိုလိုတာက ညို့ စိတ်စွမ်းအင်တွေ ဘာတွေများ လေ့ကျင့်ထားသလားလို့”

လှပဂေး၏မေးခွန်းကို ညို့က ရယ်ရယ်မောမောပင် ပြန်ဖြေလိုက်မိပါသည်။

“ဘယ်အချိန်ကတည်းက စပြီး ထူးခြားခဲ့သလဲဆိုတာကိုတော့ တကူးတက မှတ်မထားမိပါဘူး ပဂေးရယ်၊ ဒါပေမယ့် ကျွန်မစိတ်ထဲ သိပ်ကို ပြင်းပြင်းထန်ထန် တောင့်တောင့်တတ သိပ်လိုချင်လာပြီဆိုရင် ရတတ်တာကို





တော့ သိတယ်၊ ကျွန်မကတော့ ဆုတောင်းပြည့်တယ်လို့ပဲ ယူဆပါတယ်၊ စိတ်နဲ့ ညို့ယူတာမျိုးတော့ မဟုတ်ပါဘူး၊ စိတ်စွမ်းအင်တွေ ဘာတွေတော့ တကူးတက မကျင့်မိဘူး၊ ဒါပေမယ့် ကျွန်မကို ငယ်ငယ်ကလေးကတည်းက ကျွန်မရဲ့ ဖေဖေနဲ့ မေမေက တရားထိုင်တဲ့ အလေ့အကျင့်ကို နေ့တိုင်းပုံမှန် အကျင့်တစ်ခုလို ဖြစ်နေအောင်တော့ လေ့ကျင့်ပေးထားတယ်၊ အသက် လေးနှစ်လောက် အရွယ်ကစပြီး ဒီနေ့အထိ မနက်တစ်ခါ၊ ညတစ်ခါ ပုံမှန်တရားထိုင်တဲ့ အကျင့်ကို တစ်ရက်မှ မပျက်ဖူးသေးဘူး၊ နေမကောင်းရင်တောင် ရအောင်ထိုင်တယ်၊ မပျက်စေရဘူး၊ အဲဒါကို အမြဲလုပ်နေကျဆိုတော့ မလုပ်ရရင် ဘာလိုနေမှန်း မသိဘူး၊ အဲဒါတော့ ရှိတယ်၊ ပြီးတော့ ကျွန်မက စိတ်ကို အမြဲရှင်းနေအောင်ပဲ ထားတယ်၊ စိတ်ရှုပ်မခံဘူး၊ ပျော်ပျော်ပဲ နေတတ်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အဲဒါကလွဲပြီး ကျွန်မရဲ့စိတ်ကို တစ်ခုခုကို ညှိဖို့ဆိုပြီး တစ်ခါမှ မလေ့ကျင့်ဖူးပါဘူး၊ တကယ် ပါ. . . အထင်မကြီးပါနဲ့"

အဲဒီအချိန်မှာပဲ ညှို့တို့စိုင်းဆီ လူတစ်ယောက် လျှောက်လာခဲ့ခြင်းဖြစ်သည်။

"ဟေး . . . စွမ်းစ၊ မတွေ့တာတောင် ကြာပြီနော်"

"ဟာ . . . ကိုကြီး၊ တစ်ယောက်တည်းလား၊ ဘယ်လာ တာလဲ"

"ညှော်သည်တွေနဲ့ ချိန်းပြီး လာစားရင်း စကားပြောတာ၊ မင်းကိုတွေ့တာကြာပြီ၊ သူငယ်ချင်းတွေနဲ့ လွတ်လွတ် လပ်လပ် စကားပြောရအောင် လာမနှုတ်ဆက်တာ၊ ကိုယ် မင်းဆီလာခဲ့ဦးမယ်၊ ကိုယ့်ရုံးခန်းကို Renovate ပြန်လုပ်ချင်လို့၊ မင်းကိုပဲ အပ်ရမှာပဲ၊ redecorate လည်း ပြန်လုပ်ချင်တယ်၊ ဖုန်းဆက်လိုက်မယ်ကွာ





နော်. . . အေးအေးဆေးဆေး စားကြပါ"

ဟု . . . မိန်းကလေးတွေအားလုံးကို ဝေ့ကြည့် ပြီးပြကာ . . .

"ကိုယ် ရှင်းခဲ့ပြီနော် . . . "

ဟု . . . စွမ်းစ နားကပ်ကာ ခပ်တိုးတိုးပြောပြီး ပခုံးတစ်ချက်ပုတ်ကာ ထွက်သွားသောအခါ စွမ်းစမျက်လုံး တွေက ညှို့ဆီ တန်းခနဲ ရောက်လာတော့သည်။ မျက်ခုံးတွေ က ပင့်တက်သွားကာ နှုတ်ခမ်းခပ်ဟဟ ဖြစ်သွားဟန်က အံ့ လည်း အံ့သြသွားသလို၊ မခံချင်စိတ်လည်း ဖြစ်သွားသည့်ပုံ။ ပြီးတော့ ဆံပင်တွေကို နောက်ဘက်သို့ သပ်တင်ရင်း . . .

"ဟာ . . . အဲဒါကတော့ တကယ် တိုက်ဆိုင်မှုပဲကွာ၊ အဲဒါ ကိုယ့်ရဲ့ cousin အစ်ကိုကွ၊ သူက အမြဲ ဒီလိုပဲ ကိုယ်နဲ့ ကြုံရင်ကြုံသလို ရှင်းပေးသွားနေကျ၊ အဲဒါတော့ မင်းညှို့ခေါ်လို့ မဖြစ်နိုင်ပါဘူး ညှို့ရာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု . . . မခံချိမခံသာဟန်ဖြင့် ပြောသည်ကို ညို့က ရယ်ရယ်မောမောပင်။

"ကျွန်မကလည်း အဲဒီလူကို ညို့မခေါ်မိပါဘူး၊ ဒီလိုပဲ ဒီဝိုင်းအတွက် ဒကာတစ်ယောက် ပေါ်လာပါစေလို့ပဲ ရိုးရိုးလေး ဆုတောင်းလိုက်မိတာပါ"

"ကဲပါ စွမ်းစရယ် . . . ရှုံးရင်လည်း ရှုံးတယ်ပေါ့၊ ကဲ သွားကြစို့"

လှပဂေးက မျက်ခုံးကလေးရှုံ့ကာ စွမ်းစဖြစ်နေပုံကို စိတ်မရှည်နိုင်တော့သလို ခပ်ဆတ်ဆတ်လေသံဖြင့် ပြောသည်။

"မဟုတ်သေးပါဘူးကွာ . . . ကိုယ် အရှုံးမပေးချင်သေးပါဘူး၊ ဒါလည်း တိုက်ဆိုင်မှုတစ်ခုပဲဥစ္စာ၊ ကိုယ်နောက်ထပ်စမ်းသပ်ချင်သေးတယ်"

"အချိန်မရွေး ကြိုဆိုပြီးသားပါရှင်"





ညို့၏ ခပ်အေးအေးသောပြောဟန်ကို သူက စိုက်ခနဲကြည့်ကာ ပြုံးလျက် ခေါင်းညိတ်ပြသည်။ သူ့ရဲ့မျက်နှာပေါ်မှာ အရှုံးမပေးလိုသော ခေါင်းမာရိပ်ကလေးက အထင်းသား။ သူ့ကိုကြည့်ရင် ညို့ရင်ထဲမှာ အလိုလို ပျော်လာသည်။ အာနှင့်တူသလဲဆိုတော့ ဆတ်ဆတ်ထိမခံတတ်သော အလွန် ကဲကဲဆတ်သည့်ကလေးတစ်ယောက်ကို စ,နေရသလိုပင်။

"ကဲ . . . အားလုံးပဲ နှုတ်ဆက်ပါတယ်၊ ပြန်ပြီနော်"

လှပဂေးက ခပ်သွက်သွက် နှုတ်ဆက်ရင်း စွမ်းစ၏လက် ခပ်တင်းတင်းဆွဲခေါ်ကာ ပြန်သွားသည်။ စွမ်းစက အားလုံးကို လက်ပြနှုတ်ဆက်သွားလေသည်။ ခက်က ညို့ကို လက်တို့ကာ . . .

"လှပဂေးတော့ အကြီးအကျယ်ကို jealous ဖြစ်နေပြီ ညို့၊ သူ့လူ ရှင့်ကို စိတ်ဝင်စားသွားမှာကို အသေအလဲ စိုးရိမ်နေပုံပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ ရှင်က သူ့ရည်းစားကို ညို့လိုက်မှာကို မလိုလားဖြစ်နေတာ"

သီက ဖြည့်စွက်၍ ပြောလိုက်လေသည်။ ညို့ကတော့ ဘာမှ မှတ်ချက်ထပ်မပေးတော့။ ပြုံးရုံသာ ပြုံးနေလိုက်မိသည်။



ပဂေးသည် ကားတံခါးကို ဆောင့်ပိတ်ရင်း စွမ်းစကို မကျေမချမ်းဖြင့် လှည့်ကြည့်လိုက်မိသည်။

"အဲဒါက ဘယ်လိုဖြစ်နေတာလဲ စွမ်းစရယ်၊ ဒီ ညို့ကဝေနဲ့ မပတ်သက်ပါနဲ့လို့ အစကတည်းက ပြောထားပြီးသား၊ ပြောလိုက်ပြီးကာမှပဲ ဆက်တိုက်ဆိုသလိုကို ပတ်သက်နေတော့တာပဲ"

"မဟုတ်ပါဘူးကွာ . . . ကိုယ် စိတ်ဝင်စားလို့ပါ"

"ဘာကိုလဲ . . . ဘာကို စိတ်ဝင်စားတာလဲ၊ သူ့ကိုလား"



www.burmeseclassic.com

www.burmeseclassic.com



ပင်္ဂေးက အလောတကြီး မေးမိတော့ သူက ဟက်ဟက်ပက်ပက် ရယ်မောကာ . . .

"သူ့ကို စိတ်မဝင်စားပါဘူး၊ သူ တကယ် ညှို့တတ်သလား၊ ရိုးရိုးသားသား တိုက်ဆိုင်မှုတွေပဲလားဆိုတာ သိချင်ရုံသက်သက်ပါ"

"သိတော့ရော ဘာထူးခြားမှာမို့လို့လဲ စွမ်းစရဲ့၊ သူ စိတ်ညှို့တတ်တယ်ဆိုတာ တစ်ကျောင်းလုံး အသိပဲ၊ သူ ဘာသာသူ ဘယ်သူ့ကိုပဲညှို့ညှို့ ပင်္ဂေး ဂရုမစိုက်မိပါဘူး၊ စိတ်လည်း မဝင်စားဘူး၊ ပင်္ဂေးအတွက် အရေးကြီးတာက ပင်္ဂေးရဲ့ လူကို သူ မညှို့ဖို့ပဲ"

"ကိုယ့်ကိုရော ညှို့လို့ရမလားကွာ၊ ကိုယ် စိန်ခေါ်လိုက်ချင်သေးတယ်"

"အို . . . ဘာကိစ္စ စိန်ခေါ်ရမှာလဲ၊ No way ပဲ၊ စွမ်းစနော်၊ တော်ပြီ . . . တော်လောက်ပြီ၊ မညှို့မယ်





နဲ့ လုံးဝ မပတ်သတ်နဲ့လို့ဆို"

"ကိုယ့်ကို စိတ်ချပါ ပင်္ဂေးရာ၊ ကိုယ့်နှလုံးသားမှာ ပင်္ဂေးက နေရာအပြည့်ယူထားပြီးသား၊ ဘယ်သူ့အတွက်မှ နေရာမရှိတော့ပါဘူး၊ ကိုယ်ကတိပေးတယ်၊ ကိုယ် သူ့အပေါ် ဘယ်တော့မှ စိတ်မယိုင်စေရဘူး၊ စိတ်လည်း မဝင်စားပါဘူး၊ ဒါပေမယ့် ကိုယ့်ရဲ့ အကျင့်အတိုင်း ကိုယ် သူ့ကို စမ်းသပ်ကြည့်ချင်သေးတယ်၊ သူ ဘာတွေ အံ့သြစရာ တိုက်ဆိုင်မှုတွေ ထပ်လုပ်ပြနိုင်ဦးမလဲဆိုတာ ကိုယ် သိချင်သေးတယ်"

ပင်္ဂေးသည် သူ့ကို ခေါင်းကလေးသာ ခါရမ်းပြီး ကြည့်နေရုံမှအပ သူ့ကို ဘယ်လိုမှ တားမြစ်၍ မရနိုင်မှန်း သဘောပေါက်သွားသည်။ စွမ်းစအကြောင်းကို ပင်္ဂေး သိပြီးသား။ သူ့လောက် ခေါင်းမာသူ၊ ဇွဲကောင်းသူ၊ အရှုံးမပေးချင်သူ မရှိတော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ ... စောင့်ကြည့်တာပေါ့။ တစ်ခုခု ပြောင်းလဲလာလို့ကတော့နော်၊ ပဂေးအကြောင်း သိတယ်မှုလား။ ဘယ်တော့မှ ခွင့်မလွှတ်ဘူးနော်"

"စိတ်ချ ... ကိုယ် သစ္စာတောင် ဆိုရဲပါတယ်ဆိုမှ ကွာ။ ကိုယ့်ကို စိတ်ချထားပေးစမ်းပါ"

ပဂေး သူ့ကို မျက်စောင်းချိုလိုက်မိလေသည်။

❀ ❀ ❀



## အခန်း ... ၄

ပြဿနာက ပြေးနေရင်းကနေ ရုတ်တရက် ဗိုက်ထဲကနေ ရစ် ပြီးတော့ နာလာခြင်းဖြစ်သည်။ ပထမတော့ အသာလေး အောင့်ထားပြီး ဆက်ပြေးနေလိုက်သေးသည်။ အိမ်ရောက် တော့မှပဲ အေးအေးဆေးဆေး ဖြေရှင်းဖို့ စိတ်ကူးထားသော ကြောင့် ဖြစ်သည်။ အိမ်ကိုပြန်ရောက်ဖို့က တော်တော်ကလေး လိုသေးသည်။ ညက ဘာများ အစားမှားမိပါလိမ့်။ မနေ့ညက seafood salad သုပ်တွေ ဆိုင်မှာ သွားစားခဲ့သည်ကို။ အောင့် ရင်းအောင့်ရင်းကနေ ဗိုက်ရစ်နာသည့် ဝေဒနာက ပို၍ပို၍



www.burmeseclassic.com

www.burmeseclassic.com



ဆိုးလာသည့်အပြင် ထိန်းချုပ်ထားလို့ မရတော့ဘွာ လူတစ်ကိုယ်လုံး ကြွက်သီးမွေးညှင်းတွေက တဖြန်းဖြန်း စိမ့်ဖြာထလာတော့သည်။ အိုး . . . အဲဒီဒုက္ခဝေဒနာလောက်ဆိုးတာ မရှိတော့။ ပြေးနေရင်း လူက ရှုံ့မဲ့တွန့်လိမ်လာကာ ဖြုန်းခနဲ ထိုင်ချပစ်လိုက်ရသည်။ ဘယ်လိုမှ ဒီထက်ပိုပြီး ထိန်းချုပ်နိုင်စွမ်းမရှိတော့။ ဒီထက်နည်းနည်းကလေး ပိုပြီး နောက်ကျလျှင် အားလုံး ဒုက္ခများကုန်တော့မည်။ ငုတ်တုတ်ကလေးထိုင်နေမိရင်းမှ ဘေးဘီဝဲယာဆီ မျက်လုံးကစားရင်း အကူအညီ ရလိုရငြား ရှာဖွေကြည့်မိသည်။ မျက်စိထဲ တန်းတန်းမတ်မတ် ဝင်လာသည်က သိပ်လှသော ခြံကလေးနှင့် အိမ်ကလေး ဖြစ်သည်။ ခြံကလေးရဲ့ ပေါ်တီကိုမှာ ရပ်ထားသည်က SUBARU ပြိုင်ကားနက်ပြာရင့်ကလေးဖြစ်သည်။ အို နိုး . . .။ အဲဒီ အခြေအနေအဖြစ်အပျက်ကို ဘယ်လိုမှ မျှော်လင့်မထားခဲ့။ သို့သော် ဘယ်လိုမှ မတတ်နိုင်တော့။ ခုအချိန်မှာ ညို့အတွက်





ထွက်ပေါက်က အဲဒီအိမ်ကလေးသာ ရှိတော့သည်။ အို . . . မတတ်နိုင်ပါဘူးလေ။ ရှေ့မျက်နှာနောက်ထားပြီး ခွင့်တောင်းရတော့မှာပဲဟု တွေးကာ ခြံဝမှာ ဘဲလ်ကလေးကို သွား၍နှိပ်လိုက်သည်။ အိမ်ထဲကနေ ပြေးထွက်လာသည်က ကျောင်းမလေးတစ်ယောက်ဖြစ်သည်။ တော်ပါသေးရဲ့ Rottweiler ကြီးတွေ မဟုတ်လို့။

"ဘယ်သူနဲ့တွေ့ချင်လို့ပါလဲ . . ."

"ညီမရေ၊ အစ်မက ကိုစွမ်းစရဲ့ သူငယ်ချင်းပါ၊ အစ်မလည်း ဒီဝန်းထဲမှာပဲနေတာပါ၊ ဟိုဘက်နှစ်လမ်းကျော်ကပါ၊ ပြေးနေရင်း ဗိုက်အရမ်းနာလာလို့ အိမ်အထိရောက်အောင်ဆက်မပြေးနိုင်တော့ဘူး၊ ကိုစွမ်းစရှိလားဟင်"

"အစ်ကိုလေးက သူ့ခွေးနှစ်ကောင်နဲ့ dog walk ထွက်သွားပါတယ်၊ အစ်ကိုလေးရဲ့သူငယ်ချင်းဆိုရင်ဝင်ပါ



www.burmeseclassic.com

www.burmeseclassic.com



မမ၊ ကျွန်မ အိမ်သာလိုက်ပို့ပေးပါ့မယ်"

ကောင်မလေးက ကိုယ်ခန္ဓာ တဆတ်ဆတ်ခုန်နေသော ညှို့၏အဖြစ်ကို မကြည့်ရက်သလို၊ ကိုယ်ချင်းစာနာစွာဖြင့် ခြံတံခါးဖွင့်ပေးကာ အိမ်ကလေးထဲသို့ ခေါ်လာခဲ့သည်။ အပြင်ပန်းက ကြည့်ရုံတင် လှတာမဟုတ်။ အိမ်အတွင်း အပြင်အဆင် decoration ကလည်း လူကို ငုတ်တုတ်မေ့သွားစေနိုင်စွမ်းလောက်အောင်ပင် ဆွဲဆောင်ဖြားယောင်းနိုင်လှပါသည်။ ညှို့မှာ ကြာကြာ မစပ်စုနိုင်အား။ ကောင်မလေး လိုက်ပို့သော ဧည့်သည်ခန်းထဲက toilet ဆီ ခပ်သွက်သွက် ပြေးရသည်။ အခန်းကလေးက Ensuite အခန်းဖြစ်သည်။ ရေချိုးခန်းကလေးကပင် ရေချိုးခန်းနှင့် မတူအောင် လှပသပ်ရပ် မွှေးပျံ့လွန်းနေသည်။ တစ်ခန်းလုံးကို ပန်းနုရောင်ကလေး သုတ်ထားပြီး အခင်းကို မွေးပွကော်ဇော အသားရောင်ကလေး ခင်းထားသည်။ Jacuzzi ပါသော bath tab တစ်လုံးနှင့် shower





cubicle သေးသေးကလေး တစ်ခန်း၊ ပြီးတော့ ကမုတ်ပန်းနုရောင်၊ basin ပန်းနုရောင်ကလေးနှင့် လက်သုတ်ပုဝါကလေးတွေကအစ မွေးပွ ပန်းနုရောင် လက်ဆေးဆပ်ပြာဆီ ပန်းနုရောင်ကလေးတွေချည်း အလှဆင်ထားသည်။ ရေချိုးခန်းထဲမှာ ကော်ဇောခင်းထားခြင်းကို ဒီတစ်ကြိမ်သာ ညှို့မြင်ဖူးသေးသည်။ အပြင်အဆင်ကို ကြည့်လိုက်ရုံနှင့် သူဟာ အလွန်အလှအပ အသန့်အပြန့်၊ အမွှေးနံ့သာ ကြိုက်တတ်ပုံရမှန်း ခန့်မှန်းရသည်။

ရေချိုးခန်းကလေးကို စိတ်ရှိလက်ရှိ စိမ်ပြေနပြေ အကဲခတ်လေ့လာရင်း ဗိုက်ထဲမှာ ပြောင်းဆန်မွှေနှောက်နေသော မုန်တိုင်းကိစ္စကို ဖြေရှင်းရသည်။ အခန်းကလေးကိုတော့ အားနာမိသားပင်။ ကိစ္စဝိစ္စ ပြီးသောအခါ နံရံမှာ ကပ်ထားသော ပန်းနုရောင် tissue roll ကလေးကို အားနာပါးနာနှင့်ပင် အများကြီး သုံးရသည်။ ညှို့သည်



www.burmeseclassic.com

www.burmeseclassic.com



တစ်သျှူးသုံးတဲ့နေရာမှာတော့ အင်မတန် ရက်ရောလွန်းသူ ဖြစ်သည်။

ပြဿနာက အားလုံးပြီးလို့ ကမုတ်ကို ရေဆွဲချလိုက်သော အချိန်ကျမှ ဖြစ်သည်။ တစ်သျှူးတွေက အပေါက်ဝမှာ သွားဆို့နေပြီး ရေတွေက ဆင်းမသွားဘဲ ကမုတ်ခွက်ထဲမှာ အပြည့် မြင့်တက်လာသောအခါ ညို့ ပြာသွားသည်။ ရုတ်တရက် ဘာလုပ်ရမှန်း မသိဘဲ တစ်သျှူးတွေ ကျလိုကျသွားငြား ရေကို နောက်တစ်ကြိမ် ထပ်ဆွဲလိုက်မိတော့မှ ပိုဆိုးသွားတော့သည်။ ပြည့်နေသော ရေတွေက လျှံကျလာကာ ကော်ဇောကလေးမှာ ရေတွေ စိုရွှဲကုန်သည်။

"အို . . . သွားပါပြီ၊ သွားပါပြီ၊ ဘာစ်ခန်းလုံး ညစ်ပတ်ကုန်ပါပြီ၊ ဒုက္ခပဲ . . . အားနာစရာ ကောင်းကုန်ပြီ၊ ရေတွေရယ် ကျသွားပါစေ . . . ကျသွားပါစေ"

ညို့သည် ပျာယာခတ်သွားသောစိတ်ဖြင့် ကမုတ်





ထဲက ရေတွေကို မရွံမရှာ စိုက်ကြည့်ရင်း ဆုတောင်းမိသည်။ ခဏနေတော့ ရေတွေ လျှောခနဲ ကျသွားပါသည်။ သို့သော် ကော်ဇောကလေးကတော့ ရေတွေစိုရွှဲကာ တစ်ခန်းလုံးလည်း နံဟောင်လျက်ရှိတာကိုတော့ ဘာနှင့်မှ ဖုံးကွယ်လို့ မရနိုင်။ ရေမွှေးနှင်းဆီရနံ့ကလေး သင်းပျံ့နေတာကလေးပင် ဘယ်ရောက်သွားမှန်း မသိတော့။ ဘယ်လိုမှ မတတ်နိုင်။ အားနာပါးနာနှင့်ပင် အခန်းထဲကနေ ပြန်ထွက်လာခဲ့သောအခါ သူက ပြန်ရောက်နေပြီ။ ကောင်မလေးကလည်း ပြောပြထားခဲ့ပြီးပုံပင်။ ဧည့်ခန်းထဲကနေ အားပါးတရ ပြုံးနေရင်း . . .

"ဘယ်လိုလဲ . . . တော်တော်မှ ပေါ့သွားရဲ့လား"

"ပေါ့တာက အရေးမကြီးဘူး ကိုစွမ်းစရေ၊ အားနာစရာကောင်းနေပြီ၊ ကမုတ်ဆွဲချတာ ရေတွေလျှံကုန်လို့ ရေချိုးခန်းကလေး ညစ်ပတ်ကုန်ပြီ၊ ကော်ဇောတွေ ရေတွေ စိုကုန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ဟုတ်လား"

သူက မျက်ခုံးပင့်လျက် အခန်းထဲသို့ ကမန်းကတန်း ဝင်ပြေးသွားသည်မို့ ညို့လည်း အားနာပါးနာနှင့်ပင် သူ့နောက်မှ အပြေးကလေး လိုက်သွားမိသည်။ အားနာလွန်း၍ မျက်နှာကို ဘယ်မှာ ထားရမှန်းပင် မသိတော့ချေ။

"အားပါးပါး . . . ၊ smell က ရည်ရည်လည်လည် ပြင်းလှချည်လားကွာ"

သူ့မျက်နှာတစ်ခုလုံး ရှုံ့မဲ့နီမြန်းကာ အခန်းထဲက နေ ပြန်ပြေးအထွက် လမ်းခုလတ်မှာ ညို့နှင့်ဆုံမိကြသည်။ သူက နှာခေါင်းကို ပိတ်ထားသည်။

"ဆောရီးပဲ ကိုစွမ်းစရယ်၊ ဆောရီး . . . ဆောရီး . . . ကျွန်မ ပြန်လုပ်ပေးပါ့မယ်"

"မင်း ဘယ်လိုမိန်းကလေးလဲကွာ"

သူက ပြောပြီး ကိုယ်ခန္ဓာတစ်ခုလုံး တသိမ့်သိမ့်





တုန်လာတဲ့အထိ ရယ်မောသောအခါ ညို့လည်း ရှက်ရှက်နှင့်ပင် ရယ်မောမိလေသည်။

"တစ်သျှူးတွေက အဝမှာ စို့နေတာကိုးလို့၊ ကျွန်မက မသိဘူး ဆွဲချလိုက်မိတော့ ရေတွေက မဆင်းဘဲ လျှံတက်လာတာပေါ့၊ အဲဒါက နောက်တစ်ကြိမ် ထပ်ဆွဲမိတာ"

"တစ်သျှူးတွေ အရည်ပျော်သွားတဲ့အထိ စောင့်ရမှာ ပေါ့ကွာ"

"ကိုစွမ်းစက ရေပိုက်မှ မထားဘဲကိုး၊ တစ်သျှူးတွေနဲ့ ဗိုလ်ဆန်လိုက်တာ"

"ဗိုလ်ဆန်တာ မဟုတ်ပါဘူးကွာ၊ ရေချိုးခန်းကို ဒီလိုပဲ အခြောက်အသန့်သုံးတာ ကြိုက်လို့ ပြင်ထားတာပါ၊ ရယ်စရာကောင်းလိုက်တာ . . . မင်းကလဲ ကြိကြိဖန်ဖန်"



www.burmeseclassic.com

www.burmeseclassic.com



"ကော်ဇောတွေ ပြန်ခင်းပေးမယ်လေနော် . . ."

"မလိုပါဘူးကွာ . . . ဒါက မတော်တဆ ဖြစ်တာပဲ၊ ကိုယ်လဲနိုင်းလိုက်ရင် ရပါတယ်၊ ကိစ္စမရှိဘူး၊ အားလည်း နာမနေနဲ့၊ ရှက်လည်း ရှက်မနေနဲ့၊ ဘယ်လိုအကြောင်းနဲ့ပဲ ဖြစ်ဖြစ် မင်း ကိုယ့်ရဲ့အိမ်ကိုရောက်လာတဲ့အတွက် ကိုယ်က ကြိုဆိုပါတယ်၊ အိမ်ကို tour လိုက်ကြည့်ဦးမလား"

"ဟုတ်ကဲ့ . . . ကျွန်မ ကြည့်ချင်ပါတယ်၊ ကိုစွမ်းစရဲ့အိမ်အပြင်အဆင် idea ကလေးတွေက အရမ်း အနုပညာပါတယ်နော်၊ စောစောက ရေချိုးခန်းကလေးနဲ့တင် ကျွန်မ ကြွေဆင်းသွားတာ"

"ယုံပါတယ် . . . အကြွေကောင်းလို့ ကိုယ့်ကော်ဇောတွေ အီးလျှံကုန်တာ"

သူကပြောရင်း ရယ်လိုက်တော့ ညို့လည်း ခပ်





ရှက်ရှက်ပင် လိုက်ရယ်မောရပါသည်။ မျက်နှာကတော့ ဘယ်လိုပူမှန်းကို မသိ။ သူက အေးအေးဆေးဆေး ရယ်ရယ်မောမောနှင့်မို့ နေသာထိုင်သာရှိခြင်းဖြစ်သည်။ ပြီးတော့ ဘာကြောင့်မှန်းမသိ။ သူနှင့် ပို၍ ရင်းနှီးသွားသလို ခံစားမိလေသည်။

"ကိုယ့် idea သက်သက်တော့ မဟုတ်ပါဘူးကွာ၊ နိုင်ငံခြားက home decoration စာအုပ်တွေ၊ internet ထဲကနေ ရှာဖွေပြီး မှီငြမ်းပြီး create လုပ်ရတာပေါ့၊ ကိုယ်က ဝါသနာကို ပါတာ၊ ဒါကြောင့် ကျောင်းတက်တော့ design & decoration တွေပါတဲ့ Art ကို ဦးစားပေးယူခဲ့တာ၊ စင်္ကာပူကနေ ကိုယ် ကျောင်းပြီးခဲ့တာလေ"

"သြော် သြော် . . . အိမ်ထဲမှာ indoor plants ကလေးတွေ၊ ပန်းအိုးကလေးတွေ၊ ကြွေထည်ကလေးတွေ အလှဆင်ထားတာကို ကျွန်မ အရမ်း သဘောကျတာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



အခန်းတွေက တစ်ခန်းနဲ့တစ်ခန်း colour မတူဘူးနော်၊ ခန်းစည်းရောင်တွေလည်း ကျွန်မ သိပ်ကြိုက်တာပဲ၊ ကဲ မထူးပါဘူး . . . ကျွန်မအိမ်ကိုသာ လိုက်ပြီး decorate လုပ်ပေးပါတော့ ကိုစွမ်းစရယ်၊ တကယ်ပြောတာ၊ ရှင် ပြင်ဆင်ထားတာကလေးတွေက သိပ်ပြီး အနုစိပ် ကျလွန်းတာပဲ"

"ကိုယ်က ကြေးတော့ကြီးတယ်နော် ညှို့၊ ဒီအိမ်ကလေးကို လာကြည့်တဲ့လူတိုင်း ကြိုက်ကြတယ်၊ အိမ်ကလေးရဲ့ အညှို့ကို ခံလိုက်ရသလိုပဲတဲ့၊ ဒါပေမယ့် ဈေးသိပ်ကြီးလွန်းလို့ သူတို့ သိပ်ကြိုက်ရက်နဲ့ မဝယ်နိုင်ကြဘူး၊ ပဂေးလည်း ဒီအိမ်ကလေးကို အရမ်းကြိုက်တယ်၊ ကိုယ်ကတော့ ဒီအိမ်ကို မရောင်းဖြစ်ရင်လည်း ကိုယ်နဲ့ ပဂေး လက်ထပ်ပြီးတဲ့အခါ အတူတူနေဖို့ စဉ်းစားထားတယ်၊ ဒါပေမယ့် ကိုယ်က ပဂေးကို ဒီထက် Romantic ဖြစ်တဲ့





နေရာမျိုးမှာ ထားချင်တာ၊ Lake Front House လို အိမ်မျိုးကလေးပေါ့၊ ရေကန်ကို မျက်နှာမူထားတဲ့ အိမ်မျိုးလေ၊ ပြီးတော့ ပန်းရောင်စုံ ဥယျာဉ်ကလေး ထားပေးမယ်၊ ပဂေးက နှင်းဆီအရမ်း ကြိုက်တယ်၊ နှင်းဆီရောင်စုံပေါ့ . . . ကိုယ် စိုက်ပေးမယ်"

သူ ဘာကိုရည်ရွယ်ပြီး လှပဂေးဆီ ခေါင်းစဉ်ပြောင်းသွားမှန်း ညှို့ နားမလည်သလိုလိုနှင့် နားလည်သလိုလိုလည်း ရှိသည်။ ယောကျ်ားတစ်ယောက်ဟာ သူချစ်သူကို ဘယ်လောက် အလေးအနက် တန်ဖိုးထားပြီး ဂရုတစိုက် ချစ်မြတ်နိုးကြောင်း ဝေဝေဆာဆာ ပြောပြနေခြင်းဖြင့် တခြား မိန်းကလေးနဲ့ သူ့ရဲ့ကြားမှာ စည်းတစ်ခုကို တားနေတာပါ။ ညှို့ဆက်လျှောက်လာမှာကို ကြိုတင်မှန်းဆရိပ်မိဟန်ရှိသောကြောင့် သူက တံခါးတွေကို လုံအောင် ပိတ်လိုက်သည့်သဘောပါ။ ညှို့ကတော့ အဲဒီလိုဆိုရင် ဘာမှ သိပ်ပြောနေ



www.burmeseclassic.com

www.burmeseclassic.com



လေ့မရှိ။ ပခုံးကလေး တွန့်ကာ ပြုံးနေလိုက်ရုံပင်။

"ကိုစွမ်းစ . . ."

"ဗျာ . . ."

"အခု ကျွန်မ စိတ်ထဲမှာ ဆုတောင်းနေတာ တစ်ခုရှိတယ်၊ အဲဒါ ဘာများဖြစ်နိုင်မလဲ . . . သိလားဟင်"

"ဘာတွေ ဆုတောင်းနေပြန်ပြီလဲ"

သူက မျက်ခုံးတွေ ပင့်လျက် တအံ့တဩ မေးသည်။

"အခုနေများ ကိုစွမ်းစ ကော်ဖီတစ်ခွက်လောက် ဖျော်တိုက်ပါစေလို့ပေါ့ . . ."

ညို့က ပြုံးပြီး ပြောလိုက်ချိန်သည် ထမင်းစားခန်းထဲသို့ ရောက်လာချိန်လည်း ဖြစ်သည်။ နံရံကပ်မှန်ဘီရိုလှလှတွေထဲမှာ လှပသော ကြွေပန်းကန်တွေ ခွက်တွေကို စီရရီတင်ထားလျက် မှန်သားစားပွဲ ကြည်ကြည် ဘဲဥပုံ ရှည်မျော





ကလေးပေါ်မှာ ပန်းအိုးလှလှကလေး တစ်အိုးသာရှိသည်။ အ[illegible]ထောင့်မှာတော့ နံရံကပ်စားပွဲကလေးတစ်ခုရှိပြီး အဲဒီအပေါ်မှာ Coffee Maker ထဲမှာ နှပ်ပြီးသား ကော်ဖီက အဆင်သင့်။ ကောင်မလေးက ပေါင်မုန့်မီးကင်ချပ်တွေနှင့် အို(စ်)အတုံးကလေးတွေ၊ ထောပတ်နှင့် စထရော်ဘယ်ရီယို ခွက်ကလေးတွေကို ယွန်းဗန်းကလေးထဲမှာ လှလှပပထည့်လျက် စားပွဲပေါ် လာတင်ပေးသွားသည်။

"မင်း ကိုယ့်ကို ညို့ပြီး ကော်ဖီတိုက်ခိုင်းတာပေါ့လေ"

သူက ပြောရင်း Latte Mug ကြွေခွက်ရှည်ရှည်ကြီးနှစ်ခွက် သွားယူလာကာ ကော်ဖီတွေထည့်လျက် နို့နှင့်သကြားရောကာ ဖျော်ပေးလေသည်။ သူ့ကော်ဖီရနံ့က မွှေးပျံ့စွာ သင်းထွက်လာသည်။

"အဲဒါ ဘာကော်ဖီလဲဟင် . . . မွှေးလိုက်တာ"

"ဘရာဇီးလ်ကော်ဖီ . . . မင်း ကြိုက်ရင် ကိုယ် လက်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ပေးလိုက်မယ်"

သူက ကော်ဖီမှုန့်ဗူး တစ်ဗူး ချက်ချင်းပဲ ယူပေးပါသည်။ ကော်ဖီအရသာသည် ညှို့၏ လျှာကနေတဆင့် လည်ချောင်းထဲထိ စိမ့်နစ်ဝင်သွား၏။ ဘာအရသာမျိုးနှင့်မှ မတူ။ Latte လည်း မဟုတ်။ Cappuccino လည်း မဟုတ်။ Mocha လိုလည်း မဟုတ်။ Espresso လိုလည်း မပြင်း။ သို့သော် အရမ်းအရသာရှိတာတော့ သေချာသည်။

"အိုး . . . ကောင်းလိုက်တဲ့ ကော်ဖီ"

"ကောင်းမှာပေါ့ . . . Starbucks လေ၊ ကိုယ် အဲဒါပဲ မှာသောက်နေကျ"

ညှို့သည် ကော်ဖီခွက်ကလေးကို လက်နှစ်ဖက်ဖြင့် သေသေချာချာ ကိုင်ကာ ကော်ဖီကို အရသာခံပြီး သောက်ရင်း ကြိုကြိုဖန်ဖန် ဆုတစ်ဆု တောင်းမိသွားလေသည်။ ညှို့ကို သူ အဲဒီလို ကော်ဖီ အမြဲတမ်း ဖျော်တိုက်ရင် သိပ်





ကောင်းမှာပဲလို့လေ။

"ပဂေးလည်း ကိုယ်ဖျော်တိုက်တဲ့ ကော်ဖီကို အရမ်းစွဲတယ်၊ ကော်ဖီထဲ ဘာဆေးခပ်ထားသလဲတဲ့ မေးတာ၊ တစ်ခါတစ်လေ ကိုယ် သူ့ကျောင်းမှာ သွားကြိုရင် ကော်ဖီဖျော်ပြီးသားကို travel Mug ခွက်ဗူးကလေးနဲ့ ထည့်သွားပေးရတယ်"

ညှို့က သူ့ကိုကြည့်၍ . . .

"ဟုတ်လား . . ."

ဟုပင် သံယောင်လိုက် မမေးဘဲ ကော်ဖီကိုသာ မက်မက်မောမော သောက်နေလိုက်သည်။ ကော်ဖီသောက်ပြီးသွားသောအခါ . . .

"ကဲ . . . အားလုံးအတွက် ကျေးဇူးတင်ပါတယ် ကိုစွမ်း၊ ကျွန်မ ပြန်တော့မယ်၊ ကော်ဇောကို ကျွန်မ တကယ် လဲပေးချင်တာကိုတော့ လက်ခံပေးပါနော်"



www.burmeseclassic.com

www.burmeseclassic.com



"လက်မခံပါဘူး၊ အဲဒီအတွက် ကိုယ့်ကို miracle တစ်ခု ခုပဲ လုပ်ပြ"

"ကြည့် . . . လုပ်ပြုန်ပြီ၊ ပြောတော့ မယုံပါဘူးဆို၊ ကျွန်မကလည်း ကိုယ့်ကိုယ်ကိုယ် လုပ်တတ်ပါတယ်လို့ တစ်ခါမှ မပြောမိပါဘူးနော်၊ ကဲ . . . ဘာလုပ်ပြရ မလဲ . . . ပြော"

"မနေ့က ပဂေး ကိုယ့်ကို စိတ်ကောက်သွားတယ်၊ ဘာ အကြောင်းကြောင့်လဲဆိုတာတော့ ပြောမပြတော့ပါဘူး၊ သူ တစ်ခါတစ်ခါ စိတ်ကောက်ရင် ကိုယ် ရေရေလည် လည် ချော့ရတယ်၊ ဒီတစ်ခါတော့ မချော့ရဘဲ အလို လို စိတ်ပြေလာရင် ကောင်းမယ်၊ ကိုယ့်ရဲ့ mobile ကို သူကစပြီး ဖုန်းဆက်လာအောင် မင်းလုပ်ပြပေးနိုင် မလား"

သူ့ခိုင်းပုံကြောင့် ညို့ ရယ်ချင်သွားပါသည်။





ယောကျ်ားတစ်ယောက်ဟာ တစ်ခါတစ်ခါ အဲဒီလောက် ကလေးဆန်နေတတ်မှန်း ညို့ အရင်က မတွေးမိခဲ့။

"ကောင်းပြီလေ . . . စမ်းကြည့်ရတာပေါ့၊ ကိုစွမ်းစရဲ့ ဖုန်းကလေး ကျွန်မကို ခဏပေး"

သူက သူ့ဘောင်းဘီအိတ်ထဲမှ Nokia N 95 ဖုန်းအနက်ကလေးကို လှမ်းပေးလေသည်။ ဖုန်းရဲ့ wall paper ပေါ်မှာ သူနှင့် လှပဂေးတို့ နဖူးချင်းဆိုင်ကာ အားပါး တရ ပြုံးရယ်နေသော ပုံကလေး တင်ထား၏။ ညို့သည် ဖုန်း ကလေးကို လက်ထဲမှာ ခပ်တင်းတင်းကလေး ဆုပ်ကိုင်ထား ကာ လှပဂေး၏ မျက်နှာကလေးကို စူးစူးစိုက်စိုက် ကြည့်လျက် စိတ်ထဲမှာ အားထည့်ကာ ဆုတောင်းကြည့်မိသည်။

"လှပဂေးရေ . . . ကျေးဇူးပြုပြီး ဒီဖုန်းကလေးကို လှမ်းခေါ်လိုက်စမ်းပါကွယ်၊ ရှင့်ချစ်သူက ရှင့်ရဲ့ဖုန်းကို မျှော်နေတာ၊ ဆက်လိုက်နော် . . . ဆက်လိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



လှပဂေး"

ဟု . . . စိတ်ကလေးစုစည်းပြီး ဆုတောင်းနေသည်။ သိပ်မကြာလိုက်ပါ။ ဖုန်းမြည်သံတီးလုံးကလေး ဖျတ်ခနဲ ထမြည်လာသောအခါ သူ့မျက်လုံးတွေ ဝိုင်းခနဲ ဖြစ်သွား၏။ ညို့က ဖုန်း screen ပေါ်မှာ ပေါ်နေသည့် နာမည်ကို မဖတ်တော့ဘဲ သူ့လက်ထဲသို့ လှမ်းပေးလိုက်ကာ သူ့ကို ပြုံးပြုံးကလေး နှုတ်ဆက်လိုက်သည်။

"ကဲ ကျွန်မ ပြန်ပြီနော် . . . ဒါလည်း တိုက်ဆိုင်တာပါ ကိုစွမ်းစရယ်၊ ကျွန်မကို မယုံပါနဲ့"

ဟု . . . ခပ်တိုးတိုးကလေး လှမ်းပြောပြီး အိမ်ထဲကနေ ပြန်ထွက်လာခဲ့သည်။ သူက လှပဂေးနှင့် ဖုန်းပြောရင်း ညို့ကို ခြံဝအထိ လိုက်ပို့ပေးခဲ့ပါသည်။ လှပဂေးနှင့် စကားပြောနေသောကြောင့် သူ့မျက်လုံးများက ရွှန်းစိုတောက်ပစွာ မျက်နှာတစ်ခုလုံး ထူးခြားနူးညံ့စွာ ပြုံးလျက်ရှိသည်။





ထိုမျက်လုံးတွေနှင့် ညို့ကို တဆက်တည်း နှုတ်ဆက်ကြည့်လှမ်းကြည့် ပြုံးပြလိုက်သောအခါ ညို့ရင်ထဲ လျှော်တစ်ခု လှုပ်ခါသွားလေသည်။ ထိုမျက်လုံးတွေကို သာယာငြိတွယ်သွားမိသော ကိုယ့်ကိုယ်ကိုယ် အပြစ်လည်း မတင်ချင်တော့ပါ။ ကဲ . . . ဘယ်လို လုပ်ရမလဲဟင်။ သူ့ဆီက အချစ်ကို လိုချင်လိုက်တာဟု ညို့ ဆုတောင်း၍ ကောင်းနိုင်ပါမည်လားကွယ်။ ညို့သည် သူတစ်ပါး၏ ချစ်ခြင်းကို ခွဲသူတစ်ယောက် လုံးဝ မဖြစ်ချင်ပါ။ သို့သော် တောင်းမိသည့် ဆုကိုလည်း ဘယ်လိုမှ ပြန်မရုတ်သိမ်းတတ်ပါ။ ညို့သည် ဆုတောင်းပြည့်တတ်လွန်းသူ တစ်ယောက်သာ ဖြစ်သည်၊ ညို့တတ်သူတစ်ယောက် မဖြစ်ချင်ပါ။

www.burmeseclassic.com

www.burmeseclassic.com





## အခန်း . . . ၅

တစ်ခုသော သာသာယာယာညနေခင်းမှာ ဖြစ်သည်။ ဒီနေ့ စနေနေ့လည်း ဖြစ်တာမို့ ခက်နှင့် သီတို့က ညို့အိမ်တွင် ညလာ အိပ်ကာ အေးအေးဆေးဆေး စကားပြောကြ၊ DVD ကြည့်ကြဖို့ စီစဉ်ထားကြခြင်းဖြစ်သည်။ ညနေစောင်းလောက်မှာ ခြံထဲရှိ ဒန်းကလေးပေါ်မှာ ထိုင်နေကြရင်း ညို့စိတ်ထဲ အာရုံတစ်ခု ချဉ်ခြင်းဖြစ်လာသောကြောင့် . . .

"barbecue စားချင်လိုက်တာဟယ်၊ ရွှေခိုင်မှာ အကင် သွားစားကြမလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



ဟု . . . ညှို့က စတင်၍ မြူဆွယ်လိုက်ခြင်းဖြစ်သည်။ နှစ်ကောင်စလုံး အားနာပါးနာကလေးတောင် ငြင်းဖော်မရဘဲ မျက်လုံးတွေ တလက်လက်ဖြင့် ဝမ်းမြောက်ဝမ်းသာ သဘောတူကြသည်။

"စိမ်လိုက်လေ . . . ကြာသလားလို့ မေးမနေနဲ့၊ မေးနေရင် ကြာနေမယ်၊ ကျွန်မ ဖားကင်စားချင်နေတာ"

"အလို . . . ရှင်က ဖားကင်ချင်နေတာ ဟုတ်လား"

ညှို့က ခက်ကို ချစ်စနိုး ကျီစယ်ရင်း ရယ်မောနေဆဲ ညှို့၏ ဘောင်းဘီအဖြူဘေးအိတ်ထဲမှာ ထိုးထည့်ထားသော Mobile ကလေးက ထမြည်လာသည်။ Message တစ်ခု ဝင်လာခြင်းဖြစ်သည်။ ဖွင့်ကြည့်လိုက်သောအခါ ညှို့မျက်ဝန်းတွေ အံ့သြပမ်းသာမှုဖြင့် ဝိုင်းစက်သွားလေသည်။

"ဟယ်တော့ . . . ကြည့်စမ်း၊ စွမ်းစဆီက ထူးထူးခြားခြား message ဝင်လာတာပါလား၊ သူ့ခြံထဲမှာ bar-





becue လုပ်စားမလို့တဲ့၊ လာခဲ့ပါလားလို့ လှမ်းဖိတ်တာ၊ ဘယ်လိုလဲ . . . သွားကြမလား"

"ဟယ် . . . အဲဒီလောက်တောင် တိုက်ဆိုင်ရသလား၊ ကျွန်မတို့က အခုပဲ အကင်ဆိုင်သွားဖို့ ကြံစည်နေတာ၊ ထူးတော့ ထူးနေပြီနော် မယ်ညှို့၊ ရှင်နဲ့သူ စိတ်ချင်းဆက်သွယ်စပြုနေပြီထင်တယ်"

သီက အလာကြီးပင်။ သူမ ခန့်မှန်းပုံက တော်တော် ပိုင်ပိုင်နိုင်နိုင်ရှိလှသည်။ ညှို့ကတော့ ဘာမှ ပြန်မပြော။

"ရွှေခိုင် သွားရင် ပိုက်ဆံကုန်နေဦးမယ်၊ သူ့ခြံကလေးလည်း တစ်ခါမှ မရောက်ဖူးသေးဘူး၊ ရှင်ပြောတော့ သိပ်လှတာပဲဆို၊ သူ့ခြံဆီပဲ လစ်ကြတာပေါ့"

ဟု . . . ခက်က ဆုံးဖြတ်ပေးသည်။ ညှို့က အိမ်နေရင်း စွပ်ကျယ်သားသား စပို့ရှပ်လက်ပြတ် အဖြူလေးပေါ်ကနေ ဂျာကင်ပန်းရောင်နုကလေး ထပ်ဝတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘောင်းဘီက ဒူးဖုံးရုံသာရှည်သော လီနင်သား အဖြူကလေးနှင့် Nike Walking Shoe အဖြူနှင့် ပန်းရောင်၊ ခရမ်းရောင် အစင်းကြားကလေး ကောက်စွပ်ကာ ဂစ်တာတစ်လက်ဆွဲလျက် ပေါ့ပေါ့ပါးပါး ထွက်လာခဲ့သည်။ ဆောင်းတွင်းညအသားကင်ပွဲဆိုတာ ဂစ်တာပါမှ ပြည့်စုံမှာမဟုတ်လား။



ပဂေးကတော့ စိတ်ထဲမှာ တော်တော်ကလေးကို တင်းနေသည်။ အေးအေးဆေးဆေး ကိုယ့်ချစ်သူနှင့် နှစ်ယောက်တည်း သူ့ခြံကလေးထဲရှိ မြက်ခင်းပြင်မှာ barbecue လုပ်စားကြဖို့ စီစဉ်နေဆဲ သူက ဘာမပြောညာမပြောနှင့် မေညို့မယ်ဆီ message ပို့ကာ လှမ်းဖိတ်လိုက်တာကို လုံးဝ မကျေနပ်။

"ဘာဖြစ်လို့ သူ့ကို သွားဖိတ်ရတာလဲ စွမ်းစရဲ့၊ ပဂေးတို့နှစ်ယောက်တည်း အေးအေးဆေးဆေး စကားပြော



www.burmeseclassic.com

www.burmeseclassic.com



မလို့ဥစ္စာ"

"ဩော် . . . ကိုယ်တို့နှစ်ယောက်တည်းဆိုတော့ ပျင်းစရာကြီးကွာ၊ သူလာတော့ သူ့ကို miracle တစ်ခုခု လုပ်ပြနိုင်းလို့ရတာပေါ့၊ ကိုယ် သူ့ကို စမ်းသပ်ကြည့်နေတာ၊ ဒီနေ့လည်း စမ်းသပ်စရာလေး ရှိလို့"

ဟု . . . အဓိပ္ပာယ် မရှိသော ဆင်ခြေကိုပေးသည်။ မကြာပါ . . .။ မေညို့မယ်တို့သုံးယောက်စလုံး ဂစ်တာတစ်လက်နှင့် ပေါက်ချလာသောအခါ ပဂေးသည် မကြည်ဖြူစိတ်ကို အသာမြိုသိပ်ထားလိုက်ရသည်။

"ဟော . . . ဒီနှစ်ယောက်ပါ ရောက်နေကြတာကိုး"

"ဟုတ်တယ် . . . ဒီနေ့ည ညို့အိမ်မှာ စုပြီး အိပ်ကြမလို့လေ၊ တကယ် အံ့ဩဖို့ကောင်းတယ်သိလား၊ ကျွန်မတို့က အခုပဲ ရွှေနိုင်မှာ အသားကင်သွားစားကြဖို့ တိုင်ပင်နေတုန်းပဲ ရှိသေးတယ်၊ ကိုစွမ်းစဆီက mes-





sage ဝင်လာတာ သိလား"

"တိုက်ဆိုင်လှချည်လား . . ."

ခက်ဖြာဝေ၏စကားက စွမ်းစကို မျက်ခုံးတွေ ပင့်သွားစေရုံသာမက ပဂေးကိုပါ မင်သက်သွားစေနိုင်ခဲ့သည်။ နေပါဦး . . .။ မေညို့မယ်ဟာ ဘယ်လောက်ထိ miracles တွေနဲ့ စွမ်းစကို ညို့ယူဖမ်းစားဦးမှာလဲ၊ သူမဟာ ဘာလဲ။ တကယ်ပဲ စိတ်ညို့တတ်သူ ညို့ကဝေလား။

"ပဂေး . . . ကျွန်မတို့ ဘာကူလုပ်ပေးရမလဲ"

ညို့က သူမ၏ မူပိုင်ဟန်ကလေးအတိုင်း ပြုံးပြုံးရွှင်ရွှင်ကလေး လှမ်းနှုတ်ဆက်သည်မို့ ပဂေးသည် မကောင်းတတ်၍ ပြန်လည်ပြုံးပြလိုက်ကာ . . .

"အကင်တွေကတော့ သူပဲ အမိက ပြင်ဆင်လုပ်တာပါ၊ သူက barbecue ဆရာလေ၊ ကျွမ်းပြီးသား၊ ညို့တို့ ဘာမှ လုပ်ပေးစရာ မလိုဘူး၊ သူ ကင်ပေးလိမ့်မယ်



www.burmeseclassic.com

www.burmeseclassic.com



သူ့မှာ barbecue မီးဖိုတစ်လုံး ရှိနေတာနဲ့ တစ်ချိန်လုံး အားရင် ဒါပဲ လုပ်စားနေတာလေ . . . လာ ထိုင်"

ဟု . . . ခေါ်လိုက်ရသည်။ မျက်နှာစာဖက်ရှိ ဂျပန်မြက်ခင်းစိမ်းစိမ်းကလေးပေါ်မှာ ရောမ ထီးအကြီးကြီး နှင့် စားပွဲကုလားထိုင် အဖြူရောင်ကလေးတွေ ချခင်းထားသည်မို့ အဲဒီမှာ ဝိုင်းထိုင်ဖြစ်ကြသည်။ ခပ်လှမ်းလှမ်းမှာ စွမ်းစက သူ့ရဲ့ barbecue မီးဖိုမြင့်ကလေးပေါ်မှာ အသားတွေ စပြီး ကင်လျက်ရှိသည်။ ငါးကင်၊ ပုစွန်ကင်၊ အသီးအရွက် တွေက မှိုကင်၊ ပြောင်းဖူးကင် စသဖြင့် စုံသည်။

ပဂေးသည် ညို့ကို မသိမသာကလေး အကဲခတ်လျက်ရှိသည်။ သူမဟာ ထူးခြားလှပစွဲဆောင်မှုရှိသော မိန်းကလေးတစ်ယောက် မဟုတ်သော်လည်း သူမမှာ ဘာကြောင့် အရှိန်အဝါတစ်မျိုး ရှိနေရတာလဲ။ သူမ၏ မျက်နှာကလေးဟာ မချောလှသော်လည်း ကြည်ကြည်လင်လင်ကလေးနှင့်





ထာဝစဉ် ပြုံးချိုရယ်မောနေတတ်တာကို သတိထားမိလေသည်။ ပဂေးက အသားကင်တွေနှင့် တွဲစားဖို့ Salad အရွက်သုပ်ကို ကြွေဇလုံအကြီးကြီးထဲမှာ ထည့်လျက် ပြင်ဆင်ပေးနေဆဲ ညို့က စွမ်းစဆီ အမှတ်တမဲ့ မေးခွန်းတစ်ခု လှမ်းမေးလိုက်သည်။ ထိုမေးခွန်းကြောင့် ပဂေးရင်ထဲ စူးခနဲ အောင့်သွားရလေသည်။

"သြော် . . . ကိုစွမ်းစ၊ ဟိုတစ်နေ့က ရေချိုးခန်းထဲက ကော်ဇောလဲပြီးသွားပြီလားဟင်"

တဲ့ . . .။ ပဂေး ကြောင်သွားစဉ် စွမ်းစက ပဂေးဆီ ဖျတ်ခနဲ လှည့်ကြည့်ရင်း . . .

"အင်း . . . လဲပြီးသွားပြီ"

ဟု . . . အဖြေပေးသည်။ အဲဒါ ဘယ်လို အဓိပ္ပာယ်လဲ။ သူတို့နှစ်ယောက်ကြားမှာ ပဂေး မသိသေးသော ဆက်သွယ်ချက်တစ်ခုခု ရှိနေခဲ့ပါလား။ ပဂေးသည် ဟန်



www.burmeseclassic.com

www.burmeseclassic.com



မဆောင်နိုင်ဘဲ ချက်ချင်းပင် ဖျတ်ခနဲထကာ စွမ်းစဆီသို့ လျှောက်လာခဲ့သည်။

"စွမ်းစ . . . မေးစရာရှိတယ်၊ အိမ်ထဲ ခဏလိုက်ခဲ့ မလား၊ ဒီမှာပဲ ပေါ်တင်မေးရမလား"

ဟု . . . ခပ်ဆတ်ဆတ် လှမ်းမေးလိုက်သည်။

"ပဂေးကလဲကွာ . . . ဒီမှာ အသားကင်တွေ တူးကုန်မှာပေါ့"

"သူတို့ကို ခဏ ကြည့်ခိုင်းထားလိုက်၊ ပဂေး သိချင်တာကို ခုချက်ချင်း သိချင်တယ်"

"OK! ညို့ ခဏလေးလာပြီး ကိုယ့်ရဲ့ အသားကင်တွေ ခဏကြည့်ပေးထားပါကွာ၊ ဟိုဖက် ဒီဖက် လှန်ပေးရုံပဲနော်"

"စိတ်ချ . . . လာပြီ . . . လာပြီ"

ညို့တို့ သုံးယောက်စလုံး မီးဖိုနားရောက်လာ





ကြသည်။ ပဂေးက အိမ်ထဲသို့ ခပ်သွက်သွက် ဝင်လာခဲ့သည်။ ကြိုတင်စိုးရိမ်ပူပန်ထားမိတဲ့အတိုင်း ဖြစ်လာမှာကို တကယ်ပဲ စိုးရိမ်စပြုလာပါသည်။ စွမ်းစက နောက်ကနေ လိုက်လာသည်။

"ပြော . . . ပဂေး"

"နေစမ်းပါဦး . . . အဲဒီ ညို့ကဝေက ဘယ်တုန်းက ဒီအိမ်ထဲ ရောက်ဖူးနေတာလဲ၊ ကော်ဇောလဲတာ၊ မလဲတာ သူနဲ့ ဘယ်လို ပတ်သက်နေလို့လဲ၊ အဲဒါကို ရှင်က ဘာဖြစ်လို့ ပဂေးကို ပြောမပြဘဲ လျှို့ထားခဲ့တာလဲ"

"မဟုတ်ပါဘူး . . . ပဂေးရယ်၊ ပဂေးကို တမင်သက်သက် ပြောမပြဘဲ လျှို့ထားတာ မဟုတ်ပါဘူး၊ အဲဒီနေ့က ပဂေးက ကိုယ့်ကို စိတ်ကောက်နေတာလေ၊ ကိုယ် အဲဒီအကြောင်း ပြောပြလိုက်ရင် ပဂေး ပြန်ပြီး စိတ်ကောက်သွားမှာစိုးလို့ ပြောမပြခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု . . . ဆိုပြီး စွမ်းစက ရေချိုးခန်းထဲက ကမုတ် ရေလျှံသော ပုံပြင်ကို ခပ်တိုတို ပြန်ရှင်းပြသောအခါ ပဂေး၏ ရင်ထဲက သံသယနှင့် သဝန်တိုစိတ်တို့က တရိပ်ရိပ် မြင့်မားလာခဲ့သည်။

"နေပါဦး . . . ရှင်က ဘယ်လိုဖြစ်လို့ အင်းလျားလမ်း အိမ်မှာ မနေဘဲ ဒီခြံကိုပဲ ခဏခဏ လာနေနေရတာလဲ၊ ဘယ်လို ဆွဲငင်မှုဓာတ်တွေ ရှိနေလို့လဲ"

"မဟုတ်ပါဘူးကွာ၊ ကိုယ်တစ်ယောက်တည်း အေးအေးဆေးဆေး နားအေးပါးအေးနေချင်တဲ့အခါ လာနေတာပါ၊ ဒီမှာက ကိုယ့်ခွေးနှစ်ကောင်လည်း ရှိနေလို့ပါ၊ ပဂေးရယ် စိတ်အေးအေးထားပေးပါကွာ၊ သဝန်တိုစရာ မရှိတာကို ကြံဖန်ပြီး သဝန်တိုမနေပါနဲ့၊ သူ့ကို ပဂေး သဝန်တိုဖို့ကို မလိုတာပါ၊ ကိုယ် သူ့ကို စိတ်ဝင်စားစရာ သူငယ်ချင်း မိန်းကလေးတစ်ယောက်ထက်





မပိုပါဘူး၊ စိတ်ချပါကွာ . . . ကိုယ် ကတိလည်း ပေးထားပြီးသား၊ သစ္စာလည်း ဆိုထားပြီးသား"

"ဟား . . . ရှင့်ကို စိတ်ချချင်ရင်တောင် သူ့ကို လုံးဝ စိတ်မချဘူး သိလား၊ သူ ရှင့်ကို ကြည့်တဲ့အကြည့်က သိပ်ကို ချိုမြိန်နေတာပဲ"

"အဲဒါ သူ့အကန့်လေကွာ၊ ကိုယ်နဲ့ မဆိုင်ဘူး၊ ကိုယ့်ဘက်က အချိန်မရွေး ကင်းရှင်းပြီးသား၊ OK . . . ကဲ [illegible] ကိုယ့်အကင်တွေ တူးကုန်လိမ့်မယ်"

"ရှင် သူ့ကို တစ်ခါတစ်ခါ ငေးခနဲ စိုက်ကြည့်တယ်"

"ဘုရားရေ . . . မကြည့်မိပါလား၊ ဘယ်တုန်းကလဲ"

"ခုဏကလေ . . . သူတို့ အကင်ဆိုင်သွားဖို့ ကြံစည်နေတုန်း ရှင့်ဆီက message ဝင်လာတယ်လို့ ပြောပြနေတုန်းက ရှင် သူ့ကို ငေးခနဲ ကြည့်နေတယ်"

"အဲဒါ ကိုယ် အံ့သြသွားတာပါ၊ သူ့ကို ကြည့်တာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး"

"အို . . . ကြည့်တယ်၊ ကြည့်ကို ကြည့်တယ်၊ အဲဒါ ကြည့်တာပဲပေ့ါ"

"မကြည့်ပါဘူး . . . "

"ကြည့်တယ် . . . "

သူက ပဂေးလက်ကို ဆွဲကာ ခြံထဲသို့ ပြန်ထွက်လာခဲ့သည်။ မီးပုံနံဘေးမှာ ညို့တို့သုံးယောက်က ရယ်ရယ်မောမော။ ပဂေးရင်ထဲမှာသာ မောလာလေသည်။

BURMESE CLASSIC .com



"ကိုစွမ်းစရဲ့ barbecue က ရွှေခိုင်ထက်တောင် ကောင်း သေးတယ်၊ အရမ်းစားလို့ ကောင်းတာပဲ၊ နောက်ဆို barbecue လုပ်ရင် အမြဲခေါ်နော်"

ညို့က အသားကင်၊ ငါးကင်တွေကို ဝိုင်နှင့်တွဲ ဖက်စားရင်း သွက်သွက်လက်လက်ကလေး ပြောသည်။

"ခေါ်မှာပေ့ါ၊ မင်းကလဲ တော်ကြီးကျနေပြန်ပြီ၊ အခု စားနေရုံနဲ့ အားမရဘူး၊ နောက်တစ်ကြိမ်အတွက် ဘွတ်ကင် လုပ်နေတယ်"

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား . . ."

"ညို့ သီချင်းဆိုပြလိမ့်မယ် ကိုစွမ်းစနဲ့ ပင်္ဂေးရေ၊ သူ့အသံ အရမ်းမိုက်တယ်"

"လန်းသွားမယ် . . . အဟုတ်ပြောတာ"

ခက်နှင့်သီက နှစ်ယောက်ပေါင်းကာ ဝိုင်းမကြပြန်သည်။

"ကောင်းတယ် . . . လုပ်စမ်းပါဦး၊ မင်း ဂစ်တာတီးတတ်တယ် ဟုတ်လား"

"ပြော် . . . တီးတတ်တာပေါ့၊ ငယ်ငယ်လေးကတည်းက သင်ထားတာ"

ညို့က ဂစ်တာကို ကြိုးစမ်းရင်း ဘာသီချင်းဆိုရမလဲ တွေးမိစဉ် ရုတ်တရက် အာရုံထဲ ဖျတ်ခနဲ ပေါ်လာသည်မှာ ခုတလော MTV မှာ မကြာခဏ လာနေသည့် Rihanna ၏ "I hate that I Love You" ဆိုသော သီချင်းကလေး





ဖြစ်သည်။ ဘာကြောင့်မှန်းမသိဘဲကို သီချင်းကလေးက ညို့ရင်ကို ခုတလော အလွန် ထိထိရှရှ ဖြစ်စေပါသည်။ ဂစ်တာကြိုးတွေကို အလွတ်ရနေသော လက်ချောင်းများဖြင့် ထိတို့တီးခတ်ရင်း ထိုသီချင်းကလေးကိုပဲ ယစ်ယစ်မူးမူးကလေးဆိုဖြစ်သွားခဲ့ပါသည်။ စွမ်းစ၏ မျက်လုံးများ ဝိုင်းစက် လက်ဖြာလျက် ညို့ကို မျက်တောင်မခတ် ငေးကြည့်နေခဲ့သည်ကိုတကူးတက မျက်ဝန်းချင်း မဆုံစည်းရပါဘဲ မျက်ဝန်းထောင့်စွန်းကလေးများဖြင့် ညို့ မြင်နေခဲ့ရပါသည်။ လုပင်္ဂေးကိုတော့တမင်တကာပင် မကြည့်ဖြစ်ခဲ့ပါ။ မျက်လုံးချင်း ဆုံရမှာ အားနာမိသောကြောင့် ဖြစ်လေသည်။ သီချင်းအဆုံးမှာ ခဏမျှတိတ်ဆိတ်သွားခဲ့၏။ ဘယ်သူကမှ လက်ခုပ်မတီးကြပါ။ တကယ်တော့ လက်ခုပ်တီးစရာလည်း လိုမယ်မထင်ပါ။ အင်း. . . သက်ပြင်းချသံသဲ့သဲ့တော့ ကြားရသလိုပင်။ ဘယ်သူ့ဆီကလည်း ဆိုတာတော့ သေချာမသိချေ။



www.burmeseclassic.com

www.burmeseclassic.com



"ညှို့က အသံကောင်းသားပဲ၊ တကယ့် Professional တစ်ယောက်ဆိုနေတဲ့အတိုင်းပဲ"

ပထမဆုံး ချီးကျူးသံက လှပဂေးဆီကဖြစ်သည်။ စွမ်းစက ဘာမှ မှတ်ချက်မပေးပါ။ အဲဒီလို မပေးတာကပဲ တစ်ခုခု ထူးခြားသွားခြင်းကို သူ တိတ်တဆိတ် ဝန်ခံလိုက်ရာ ရောက် နေခြင်းဖြစ်သည်။

"ကျေးဇူးတင်ပါတယ် ပဂေး၊ ကဲ . . . မိုးတောင် ချုပ်တော့မယ်၊ ကျွန်မတို့ ပြန်မှပဲ၊ ကိုစွမ်းစရော ပဂေးကို ရော Thanks a million နော်"

ညှို့က စတင်၍ နှုတ်ဆက်ကာ ပြန်ဖို့ ပြင်ဆင်လိုက်၏။ ခက်နှင့်သီတို့ကလည်း အသီးသီး နှုတ်ဆက်ကြသည်။ အပြန်လမ်းတလျှောက်မှာ လမ်းလျှောက်လာရင်း ခက်က ပြောသည်မှာ . . .

"ဒီပွဲမှာ ကိုစွမ်းစ ဟာ့ထ်ထိသွားတာကို ရှင် သတိထား



BURMESE CLASSIC .com



မိလား ညှို့မယ်၊ တကယ့်ကို Speechless ပဲ သိလား"

တဲ့ . . . ။ သီကလည်း . . .

"ဟုတ်တယ် . . . ကျွန်မလည်း သတိထားမိတယ်"

ဟု . . . ဆိုသည်။ ညှို့ကတော့ ထုံးစံအတိုင်း ဘာမှ မပြောမိချေ။ ညှို့ရင်ထဲမှာတော့ တီးတိုးဆုတောင်းသံ ကလေးတစ်ခု ဆည်းလည်းကလေးကို လှုပ်ခါလျက်ရှိသည်။ ဆုဆိုတာ မတောင်းကောင်းတဲ့ဆုလို့ ရှိသင့်ပါသလားကွယ်။ ကိုယ်ချစ်မိတဲ့ ယောကျ်ားတစ်ယောက်ဆီက အချစ်ကို ရပါရ စေဆိုတဲ့ ဆုဟာ ချစ်မိသွားတဲ့ မိန်းကလေးတိုင်း တောင်းမိတဲ့ ဆု ဖြစ်မှာပါ။ တကူးတက မရည်ရွယ်ဘဲနဲ့ ကျွန်မ ရှင့်ကို ချစ်မိသွားတယ် စွမ်းစရယ်။ အဲဒါ ကျွန်မမှာ အပြစ်ရှိသလား ဟင်။

❀❀❀

www.burmeseclassic.com

www.burmeseclassic.com





## အခန်း . . . ၆

မှတ်မှတ်ရရ ထိုနေ့က Valentine's day ဖြစ်သည်။ မြန်မာပြည်မှာ အဲဒီ Valentine's day ဆိုတာ မပေါ်ခင်ကတည်းက ဖေဖော်ဝါရီ (၁၄)ရက်နေ့ရောက်တိုင်း ညို့က သူငယ်ချင်းတွေနှင့် အမှတ်တရပွဲကလေးတစ်ပွဲ ကျင်းပခဲ့မြဲဖြစ်သည်။ ဘာဖြစ်လို့လည်းဆိုတော့ ထိုနေ့သည် ညို့၏ မေမေက ညို့ကို ဤချစ်စရာ လူ့ဘဝထဲသို့ မွေးဖွားပေးလိုက်သော အမှတ်တရနေ့ကလေးတစ်နေ့ ဖြစ်သောကြောင့်ဖြစ်သည်။ Valentine's dayမှာ မွေးပေးခဲ့သော မေမေ့ကို ကျေးဇူးပါ မေမေ။

**ဧဝတနာဝစာပေ**

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့တော့ ခက်နှင့်သီတို့၏ တောင်းဆိုမှုအရ Korean Restaurant ကလေးဆီသို့ ချီတက်လာခဲ့ကြသည်။ Valentine's day ဆိုတော့ ဆိုင်ကလေးကို Romantic ဆန်ဆန်ကလေး ခင်းကျင်းပြင်ဆင်ထားကာ လာစားကြသည်ကလည်း ချစ်သူစုံတွဲတွေသာ များလေသည်။

"ဟေဟေ့ . . . ကျွန်မတို့သုံးယောက်ကိုတော့ ဘာတွေများ ထင်မလဲ မသိဘူးနော်၊ ဆိုင်ထဲမှာ စုံတွဲတွေချည်းပဲ"

စားပွဲထိုးကလေး လိုက်ပြပေးသော စားပွဲမှာ ဝင်ထိုင်ကြရင်း ခက်က ပြုံးစိစိ မျက်နှာကလေးဖြင့် တီးတိုးပြောလေသည်။

"ကျွန်တော်တို့ဆိုင်မှာ valentine အထိမ်းအမှတ် အထူးလက်ဆောင်ပေးတဲ့ အစီအစဉ် ရှိပါတယ် အစ်မ၊ customers တိုင်းကို မဲဖောက်ပေးမှာပါ"





ဟု . . . စားပွဲထိုးကလေးက သတင်းပေးပြီး ခပ်လှမ်းလှမ်းရှိ လက်ဆောင်ပစ္စည်းကလေးတွေ တင်ထားသော စားပွဲကလေးဆီ ညွှန်ပြသည်။ ချစ်သူတွေကြားမှာ အဓိပ္ပာယ်သက်ရောက်မှု ပိုရှိစေမည့် ခရေးခရာ ချစ်စရာ လက်ဆောင်ပစ္စည်းကလေးတွေကို စားပွဲပေါ်မှာ လှလှပပ ခင်းကျင်းပြင်ဆင်ပြထားသည်။ ညှို့တို့က စပ်စပ်စုစုဖြင့် အနားကပ်ကာ သွားကြည့်မိကြသည်။ လက်ဆောင်ပစ္စည်းကလေးတွေအားလုံးထဲမှာ ညှို့၏ အာရုံကို အဖမ်းစားဆုံးကခြင်းတောင်းဖြူဖြူကလေးထဲမှာ ထည့်ထားသော ကြောင်ရုပ် ဖြူဖြူကလေးဖြစ်သည်။ ကြောင်ကလေးက တကယ့် ကြောင် အစစ်ကလေး အိပ်ပျော်နေသလိုပင် ခွေခွေကလေး အိပ်နေလျက် ဗိုက်ကလေးက တကယ် အသက်ရှူနေတဲ့အတိုင်း ပိန်လိုက်ဖောင်းလိုက် ဖြစ်နေအောင် ဘက်ထရီနှင့် ပြုလုပ်ပေးထားခြင်းဖြစ်သည်။ တကယ့် ကြောင်ကလေးတစ်ကောင် အိပ်



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့အတိုင်း ချစ်စရာကောင်းလွန်းလှသည်။

"ကျွန်မ ဒီကြောင်ကလေး လိုချင်လိုက်တာ"

ဟု . . . ညှို့က ကြောင်ကလေးကို လက်ညှိုးကလေးဖြင့် တို့ထိဆော့ကစားရင်း ပြောလိုက်သည်။

"ဒီကြောင်ကလေးက သူများ မဲပေါက်ပြီးသား အစ်မ"

ဟု . . . ညှို့ပြောသံကို ကြားသွားသော လက်ဆောင်စားပွဲရှိ မိန်းကလေးက ပြောသောအခါ ညှို့ရင်ထဲ ဟာခနဲ ဖြစ်သွားလေသည်။

"ဒီတစ်ခါတော့ လွဲပြီပေါ့ကွယ် . . ."

ဟု . . . ပခုံးကလေးတွန့်ကာ ပြောမိတော့ ခဏက . . .

"ညှို့ရယ် . . . ရှင်က တကယ် လိုချင်ရင် ခါတိုင်းလိုပဲ စမ်းသပ်ကြည့်ပေါ့"

ဟု . . . တိုးတိုးကလေးပြောသည်။ ညှို့သည်





ကြောင်ကလေးကို ခပ်ဖွဖွ သပ်လိုက်မိရင်း စိတ်ထဲကနေ စူးစူးစိုက်စိုက်ကလေး ဆုတောင်းလိုက်မိသည်။

"ဒီကြောင်ကလေးကို လိုချင်ပါတယ်၊ ရပါရစေ ကြောင်ကလေးရယ်နော်"

ဟု . . . ဆိုပြီး ကိုယ့်စားပွဲမှာ ပြန်ထိုင်မိကြသည်။ အဲဒီနောက် စားစရာတွေ မှာကြရင်း ကြောင်ကလေးကို မေ့သွား၏။ သီက မျက်စိကစားတတ်သူပီပီ ဆိုင်ထဲရှိ စုံတွဲကလေးတွေဆီ စပ်စပ်စုစု ဝေ့ဝဲကြည့်ရင်း . . .

"ဟယ် . . . မပြောမရှိနဲ့နော်၊ ဟိုးထောင့်က စားပွဲလေးမှာ ကိုစွမ်းစနဲ့ လှပဂေးတို့ ရှိနေတယ်တော့"

ဟု . . . တအံ့တသြအသံကလေးဖြင့် ခပ်တိုးတိုး သတင်းပေးလေသည်။ ညှို့က အသာလှည့်ကြည့်မိရင်း ဒီလိုနေ့မျိုးမှာ သူ့ကို တွေ့ခွင့်ရလိုက်သည့်အတွက် ရင်ထဲ သိမ့်ခနဲလေး ဖြစ်သွား၏။ သူက ပန်းသီးစိမ်းရောင်နုနု croc



www.burmeseclassic.com

www.burmeseclassic.com



dile ပိုလိုရှပ်ကလေးနှင့် ရှင်းသန့်နေသည်။ လှပဂေးကတော့ ညို့တို့ဘက်ကို ကျောခိုင်းထားသည်။ ပခုံးကလေး ပြောင်ရှင်းနေသော ကြိုးပျောက်ဂါဝန် အဖြူဇာလေးနှင့် ဖြစ်သည်။ ညို့လှည့်အကြည့်မှာ ဘာကြောင့်မှန်းမသိ စွမ်းစနှင့် မျက်လုံးချင်းဆုံမိသွား၏။ သူက အံ့ဩသွားဟန်ရှိကာ လက်လှမ်းပြလေသည်။ ညို့တို့လည်း သူ့ကို ပြန်၍ လက်ပြလိုက်ကြသည်။ မကြာပါ . . .။ လှပဂေးက လှည့်ကြည့်လာကာ ညို့တို့ကို မြင်တော့ မျက်ခုံးကလေးပင့်လျက် ပြုံးပြကာ ပြန်လှည့်သွားလေသည်။



ပဂေးကတော့ စိတ်အနှောင့်အယှက် ဖြစ်သွားရသည်မှာ အမှန်ပဲဖြစ်သည်။ ချစ်သူနှစ်ယောက်အတွက် လှပအဓိပ္ပာယ်ရှိသော ခုလိုနေ့၊ ခုလိုအချိန်မျိုးမှာမှ ဒီဆိုင်ကလေးမှာ သူမတို့နှင့် တိုက်တိုက်ဆိုင်ဆိုင် လာဆုံမိခြင်းကို ဘယ်လိုမှ မပျော်ရွှင်နိုင်။

"အဲဒီတစ်ယောက်နဲ့ကလည်း တွေ့ပဲ တွေ့နိုင်လွန်းတယ်နော်၊ တကယ်ပဲ . . .၊ တမင်သက်သက်များ နောက်ကလိုက်နေသလား ထင်ရတယ်"

စေတနာ၁၀၁၆ပေ

www.burmeseclassic.com

www.burmeseclassic.com



ပဂေးက ခပ်ဆတ်ဆတ်လေသံကလေးဖြင့် ပြောသောအခါ စွမ်းစက သဘောကျစွာ ခပ်တိုးတိုးရယ်လေသည်။

"နေပါစေ ပဂေးရယ် ... Let her be ဘာဖြစ်လို့ သူ့ကို လိုက်ပြီးတော့ jealous ဖြစ်နေရတာလဲ၊ ကဲ ... ကိုယ့်ရဲ့လက်ဆောင်ကလေး ဖွင့်ကြည့်ပါဦး"

ပဂေးသည် သူ လှမ်းပေးသော valentine လက်ဆောင်ဗူးကလေးကို ဖြေကြည့်လိုက်သည်။ ပဂေး အလွန်ကြိုက်သော chanel တံဆိပ် သိုးသားရေ လက်ကိုင်အိတ် အဖြူရောင်ကလေးဖြစ်သည်။

"ဟယ် ... လှလိုက်တဲ့ အိတ်ကလေး၊ ဒီအိတ်မျိုး ပဂေး လိုချင်နေတာ ကြာပြီ ... သိလား"

"ကိုယ် သိတယ်လေ၊ ကိုယ့်ချစ်သူရဲ့ စိတ်ကို ကိုယ် ဖတ်တတ်တာပေါ့"

"ကဲ ... စွမ်းစအလှည့် ... ဖွင့်"





သူက ပဂေးရဲ့ လက်ဆောင်ထုပ်ကလေးကို အသာအယာဖောက်သည်။ Polo Ralph Lauren V-Shape ဆွယ်တာအဖြူကလေးကို သူက ချက်ချင်းပဲ ကောက်စွပ်လိုက်သောအခါ ပဂေးက ကျေနပ်စွာ ပြုံးမိသည်။ စွမ်းစဆီမှာ ချစ်စရာသိပ်ကောင်းသော အမူအကျင့်ကလေးတွေမှ အများကြီးပါ။ တစ်ခါတစ်ခါ သူ အမှတ်မဲ့ထင် လုပ်လိုက်သော အပြုအမူကလေးတွေကိုပဲ ပဂေးမှာ အစွဲကြီး စွဲရမြဲဖြစ်သည်။ ထိုချစ်သူကို အကြောင်းတစ်ခုခုဖြင့် တစ်ယောက်ယောက်ဆီမှာ အဆုံးရှုံးခံလိုက်ရမှာကို ပဂေး အစိုးရိမ်ဆုံး။ နှစ်ယောက်သား အေးအေးဆေးဆေး စားသောက်ပြီးချိန်မှာ ပြန်ဖို့ ပြင်စဉ် ညို့တို့သုံးယောက်က လာနှုတ်ဆက်ကြသည်။

"ဘာလဲ ... သူငယ်ချင်းသုံးယောက် valentine's day မှာ ချစ်သူတွေ မရှိကြောင်း သွေးသောက်ညီအစ်မ လာဖွဲ့ကြတာလား"



www.burmeseclassic.com

www.burmeseclassic.com



စွမ်းစက ခပ်ပြုံးပြုံး နှုတ်ဆက်လျှင် ခက်က. . .

"မဟုတ်ပါဘူး . . . ကိုစွမ်းစရဲ့၊ ညှို့မွေးနေ့မို့ ကျွန်မတို့ကို လိုက်ကျွေးတာပါ"

ဟု . . . ပြန်ရှင်းပြနေသဖြင့် ဒီနေ့ဟာ ညှို့ရဲ့ မွေးနေ့မှန်း သိလိုက်ရသည်။

"Happy Birthday ညှို့"

သူကပြောပြီး လက်ဆောင်စားပွဲပေါ်မှာ စောစောက သူ မဲနှိုက်ပြီး ပေါက်ထားသော၊ ပဂေးက ကြောင်ဆို မချစ်တတ်သူမို့ မလိုချင်ပါဘူးဟု ငြင်းထားခဲ့ပြီးဖြစ်သော ကြောင်ကလေး အိပ်နေသည့် ခြင်းတောင်းကလေးကို သွားယူလာပြီး ညှို့၏လက်ထဲသို့ ထည့်ပေးလိုက်သောအခါ ညှို့၏ မျက်လုံးကလေးများ အားပါးတရ ပြုံးလိုက်ကာ ဆွေ့ဆွေ့ခုန်မတတ် ဝမ်းသာပျော်ရွှင်သွားဟန်ကြောင့် ပဂေးရင်ထဲ မနာလိုခြင်း တစ်မျိုး ဖြစ်ထွန်းသွားလေသည်။





"ဟယ် . . . ဒါ တကယ် ကျွန်မကို လက်ဆောင်ပေးတာ . . . ဟုတ်လား ကိုစွမ်းစ"

"အင်းလေ . . . birthday present ပေါ့၊ ကိုယ် စောစောက မဲပေါက်ထားတာလေ"

"ပဂေးက မယူဘူးလား . . ."

"ဟင့်အင်း . . . ကျွန်မက ကြောင်မချစ်တတ်ဘူး ညှို့၊ အရုပ်လည်း မချစ်ဘူး"

"အိုး . . . မယုံနိုင်စရာပဲနော်၊ ကျွန်မက ခုနက ဒီလက်ဆောင်တွေထဲမှာ ဒီကြောင်ကလေးကိုပဲ လိုချင်နေတာ၊ ရပါစေလို့ ဆုတောင်းထားမိတာ၊ ဒီလောက်လွယ်လွယ်ကလေးနဲ့ ရလိမ့်မယ်တောင် ထင်မထားဘူး"

ဟု . . . ညှို့က အံ့သြနေဟန်ကလေးနှင့် ပြောလိုက်သောအခါကျမှ ဘာကိုမှန်းမသိ ပဂေး အကြီးအကျယ် နောင်တရမိသွားလေသည်။ အဲဒီ ကြောင်ကလေးကိုပဲ သူ့ဟာ



www.burmeseclassic.com

www.burmeseclassic.com



ညို့ယူလိုက်တာလား၊ စွမ်းစရဲ့ စိတ်ကိုပဲ လှမ်းပြီး ညို့တောင်းလိုက်တာလား ပင်္ဂေး မပြောတတ်တော့ပါ။

"Thanks a million ကိုစွမ်းစ"

"You're most welcome ညို့၊ Happy Birthday နော်၊ ကိုယ်တို့ ပြန်တော့မလို့၊ ဒီနေ့က Valentine's day ဆိုတော့ သိတယ်မှုလား၊ ကိုယ့်ချစ်သူနဲ့ အေးအေးဆေးဆေး လေညှင်းခံထွက်လိုက်ဦးမယ်"

စွမ်းစက ခပ်ပြုံးပြုံးပြောပြီး ပင်္ဂေး၏ လက်ကလေးတစ်ဖက်ကို ခပ်တင်းတင်းဆွဲယူကာ ညို့တို့ကို နှုတ်ဆက်ပြီး ထွက်လာသည့်တိုင် ပင်္ဂေးရင်ထဲက အစိုင်အခဲက ကျေမသွားနိုင်။ ညို့တို့ကို ဟန်ဆောင်ပြုံးဖြင့် နှုတ်ဆက်ခဲ့ကာ ကားပေါ်ရောက်မှ ရင်ထဲက အစိုင်အခဲကို သွန်ချပစ်လိုက်လေသည်။

"အဲဒါ ဘာသဘောလဲ စွမ်းစ၊ ဘာဖြစ်လို့ ညို့ကို





ကြောင် ရုပ်ကလေး လက်ဆောင်ပေးလိုက်ရတာလဲ၊ တကယ်ဆို ပင်္ဂေးရဲ့ သဘောထားကိုလည်း မေးပါဦးတော့လား"

"တာကွာ . . . ပင်္ဂေးကလဲ၊ ပင်္ဂေးပဲ မလိုချင်ဘူးလို့ ငြင်းထားပြီးသားလေကွာ၊ ကိုယ်လည်း ဒီကြောင်ရုပ်ကို အိမ်ပြန်သယ်မသွားချင်ဘူး၊ ဒီဆိုင်မှာပဲ ထားပစ်ခဲ့ရမယ့်အတူတူ သူ့မွေးနေ့ဆိုတော့ တိုက်ဆိုင်နေတာနဲ့ ယူပေးလိုက်တဲ့ သဘောပါ ပင်္ဂေးရယ်၊ ဒါလေးကိုများ ခေါင်းထဲတောင် ထည့်နေစရာ မလိုပါဘူး"

သူက ကားကို အမိုးဖွင့်လိုက်ရင်း အေးအေးသက်သာပင် ပြောနေသည်။ သူ့ပုံစံကတော့ တကယ်ပဲ ဒီကိစ္စကို အရေးတယူ မထားဟန်ပါ။

"ဒါပေမယ့် ဒီလက်ဆောင်ဟာ ဒီဆိုင်က valentine လက်ဆောင်အဖြစ် ချစ်သူတွေအချင်းချင်း ပေးဖို့ မဲနှိုက်



www.burmeseclassic.com

www.burmeseclassic.com



ပေးထားတာလေ၊ စွမ်းစ သူ့ကို ပေးစရာကို မလိုဘူး၊ ကိုယ် မလိုချင်ရင် ထားခဲ့ရုံပေါ့"

"ကဲ ... ကိုယ်တောင်းပန်ပါတယ်ကွာ ... နော် ပဂေး၊ Please ဒီအချိန်ကလေးကို ပြဿနာတစ်ခုနဲ့ မဖျက်ဆီးပါနဲ့၊ ချစ်တဲ့အကြောင်းတွေ ပြောရအောင်၊ ရင်ထဲက သဝန်တိုမှုတွေ၊ သောကတွေကို လွှင့်ပစ်လိုက်တော့၊ လာ ... ကိုယ့်ရဲ့ ပခုံးမှာ လာမှီထား၊ ကိုယ်ကားကို ဖြေးဖြေးလေးပဲ မောင်းမှာ၊ သီချင်းလေးဖွင့်ထားမယ်၊ OK ... ပဂေးကို ကိုယ် သိပ်ချစ်တယ်၊ ပဂေးရဲ့ အချစ်တွေကိုလည်း ကိုယ်ယုံပြီးသား၊ ကိုယ်နဲ့ ပဂေးရဲ့ ကြားကို ဘယ်သူမှ ကြားဝင်လာလို့ မရဘူး၊ ဟုတ်လား ကိုယ့်ချစ်သူကို ယုံကြည်စိတ်ချခြင်းအားဖြင့် သူ့ရဲ့ ဂုဏ်သိက္ခာကို မြှင့်တင်ပေးပါ ပဂေးရယ် ... ဟုတ်ပြီလား"





သူ့အသံက နူးညံ့ညင်သာလွန်းသဖြင့် ပဂေးသည် သူ့စကားကို စိတ်ပါလက်ပါပင် နားထောင်လိုက်ပါသည်။ ချစ်သူတွေရဲ့ စကားသံကို နှလုံးသားဖြင့် နားထောင်ရခြင်းသည်သာ အချိုမြိန်ဆုံးဖြစ်ပါသည်။ ထိုခဏမှာတော့ ညှို့ကို မေ့သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

မမေ့နိုင်သူကတော့ ညှို့ဖြစ်သည်။ ကြောင်ရုပ်ကလေးကို ခပ်ဖွဖွ ပွတ်သပ်ပေးနေရင်း စွမ်းစ၏ မျက်လုံးများကို မမေ့နိုင်။ ထုံးစံအတိုင်း ခက်နှင့်သီကတော့ အံ့သြ၍ မဆုံးနိုင်။

"ကျွန်မ သူ့ကို ဘာဖြစ်လို့ ချစ်သွားမိမှန်း မသိဘူး၊ ခက်ရယ် သီလား . . . သူ့ကို မြင်လိုက်တိုင်း ပြုံးညှို့ညှို့ မျက်လုံးတွေနဲ့ ကြည့်တတ်တာရယ်၊ တရင်းတနှီး နွေးနွေးထွေးထွေး စကားပြောတတ်တာရယ်ကို အရမ်း





သဘောကျတယ်၊ သူက သိပ် manly ဖြစ်တာပဲ၊ သူတို့ချစ်သူနှစ်ယောက် အရမ်း လိုက်ဖက်ညီ တင့်တယ်တာကိုလည်း သိတယ်၊ သူ့ကို လုံးဝ မချစ်သင့်မှန်းလည်း သိပါရက်နဲ့ ကျွန်မက ဘာနဲ့တူသလဲဆိုတော့ နွံထဲကို မတော်တဆ ခြေချော်ကျသွားသူလိုပဲ၊ ရုန်းလေနစ်လေ ဖြစ်နေတယ်၊ သူ့ကို မချစ်ဘဲကို မနေနိုင်ဘူးဟယ်"

ညှို့သည် ကိုယ့်ခံစားချက်တွေကို တစ်ခါမှ ဝန်မခံစဖူး ခက်နှင့်သီတို့ကို ဝန်ခံလိုက်သောအခါ သူတို့နှစ်ယောက်စလုံး ငြိမ်သက်သွားကြသည်။

"ချစ်သူရှိပြီးသားသူတစ်ယောက်ကို မချစ်သင့်တာ မှန်ပေမယ့် နှလုံးသားရဲ့ အလိုဆန္ဒကိုမှ မတွန်းလှန်နိုင်ပဲ ညှို့ရယ်၊ အဲဒီတော့ မျက်လုံးကလေး စုံမှိတ်ပြီး ချစ်နေလိုက်ရုံပေါ့၊ ရှင့်မှာတစ်ခုပိုသာတာက သူများရဲ့ ချစ်ခြင်းကို မခွဲသင့်ပေမယ့် ရှင့်မှာ ဆုတောင်းခွင့်ရှိတယ်



www.burmeseclassic.com

www.burmeseclassic.com



လေ၊ ရှင် ဆုတောင်းကြည့်ပေါ့၊ ပြီးတော့ . . . ပြောင်းလဲလာမယ့် miracle ကို စောင့်ကြည့်ရုံပေါ့၊ ဒီနေ့ အဖြစ်အပျက်ကိုပဲ ကြည့်လေ၊ ဒီကြောင်ကလေးကို ရှင် ဘယ်လိုမှ ရနိုင်စရာအကြောင်း မရှိတော့တဲ့ကြားကနေ ရှင် သူ့ဆီကနေ ရလိုက်တာ ဘယ်လောက် ဆန်းထားသလဲ"

"ရှင် သတိထားမိသလား ညို့၊ ကျွန်မ feeling တစ်ခု ရတယ်"

သီက တွေးတွေးဆဆဖြင့် ပြောလေသည်။

"ဘာကိုလဲ သီ . . ."

"စွမ်းစကြည့်ရတာ ရှင့်ဆီကနေ ရှောင်ကွင်းနေသလိုပဲ"

"ဘယ်လိုရှောင်ကွင်းနေတာလဲ . . ."

"ရှင်က ညို့သခင်ဆိုတော့ ရှင့်ရဲ့ စက်ကွင်းနဲ့ မငြိမိအောင် ကိုယ်ရှောင်ဖျောက်ဖို့ ကြိုးစားနေသလားလို့၊





သူ့ဘက်က ရှင့်ကို ယုံလည်း မယုံချင်ဘူး၊ ဒါပေမယ့် မယုံလို့မရတဲ့ တိုက်ဆိုင်မှုကလေးတွေကလည်း ဖြစ်ဖြစ်သွားတတ်တယ်၊ အဲဒါကို သူ လန့်နေပုံပဲ၊ သူ့ချစ်သူကိုလည်း သူ တကယ်ချစ်မိတယ်၊ ဒါပေမယ့် ရှင့်ကိုက အစိုးမရနိုင်ဘူးလေ၊ မတော်တဆ ညွှတ်ကွင်းမှာ သက်ဆင်းမိသွားမှာကိုလည်း သူ မလိုလားဘူး၊ သေချာတာက ရှင့်ကို သူ လျှော့တွက်မထားဘူး"

သီပြောတာကို ညို့ ခံစားလို့ရပါသည်။

"ခက်တာက ဒီအဖြစ်အပျက်မှာ ကျွန်မဘက်က တမင်သက်သက် ဖွတ်လုပ်ယူ ဖန်တီးနေတာတွေ ဘာတစ်ခုမှ မပါဘူးနော်၊ ကျွန်မ သူ့ကို ချစ်မိသွားတာလည်း သူ့အလိုလိုပဲ၊ ပြီးတော့ သူနဲ့ ကျွန်မကြားမှာ တိုက်ဆိုင်မှုကလေးတွေ ဖြစ်ဖြစ်လာတာကလည်း သူ့အလိုလိုချည်းပဲ၊ တကူးတက အားထုတ်ရတာ ဘာမှ မပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ . . . အဲဒါကို ကျွန်မတို့ နားလည်သားပဲ၊ ရှင့်ဘက်က တရားမျှတစွာ ဆုတောင်းခွင့်ကလေးတော့ ရှိပါတယ်ဟာ၊ သူများရည်းစားကို ဇွတ်လုယူတာမှ မဟုတ်တာ"

"စောင့်ကြည့်တာပေါ့လေ . . . သူ့ဆီက နှစ်လိုကြည်ဖြူမှုမပါဘဲ ကျွန်မ ဘယ်တော့မှ ဇွတ်အတင်းအကြပ် ဖန်တီးမယူပါဘူး၊ လူတစ်ယောက်ကို ချစ်မိတဲ့အခါ သူ့ရဲ့ အချစ်ကိုလည်း ပြန်လိုချင်တာ သဘာဝပဲ၊ သူ့ဆီက အချစ်ဆိုတာကလည်း သူကိုယ်တိုင် သဒ္ဓါစွာနဲ့ စိတ်ပါစွာ ပေးတာမျိုးကိုပဲ လိုချင်တာပါ၊ သူ မသဒ္ဓါတဲ့ အချစ်ကို ကျွန်မက ဘာလုပ်ရမှာလဲ၊ ကျွန်မက သူ့ရဲ့ စိတ်ကို လိုချင်တာပါ"

အပျော်သက်သက် နောက်ပြောင်ခဲ့မိရာကနေ တကူးတက မရည်ရွယ်ဘဲ အလေးအနက် ခံစားလာရသော





အခါ အချစ်ဆိုသော ခံစားမှုတစ်ခု၏ အရှိန်အဝါကို ညို့နှစ်သိမ့်အံ့ဩစွာပင် ခံယူမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အပိုင်း ... ၂

# ကိုယ်ရောင်ဖျောက်သူ

www.burmeseclassic.com

www.burmeseclassic.com





## အခန်း . . . ၇

မီးပိုခန်းထဲ မေမေကိုယ်တိုင်ဝင်ကာ စိတ်ပါလက်ပါ ချက်ပြုတ်နေပြီဆိုလျှင် ယူးခြားသော၊ မေမေ လေးစားချစ်ခင်ကာ အလေးအနက်ရှိတတ်သော ဧည့်သည်တစ်ယောက်အတွက်ဟု ဆိုတာ သူ အလိုလို သဘောပေါက်နားလည်ပြီးသား။

"မေမေ . . . ဘာချက်မလို့လဲဟင်"

မီးဖိုထဲ သူ ဝင်လာတော့ မေမေက ရွှင်ရွှင်ပျပျ ပြုံးပြကာ . . .

"Spaghetti ချက်မလို့ သားရေ၊ မေမေ့ကို ကူလုပ်ပေး



www.burmeseclassic.com

www.burmeseclassic.com



မယ်မှလား၊ သား ဒီညနေ ဘာအစီအစဉ်ရှိသလဲ"

မေမေက ဆိတ်သားလုံးတွေလုံးရင်း လှမ်းမေးသ်၏။

"မရှိပါဘူး မေမေ . . . မေမေ့ကို ဘာလုပ်ပေးရမလဲ၊ Salad ပြင်ပေးရမလား"

"စားပွဲကိုပဲ လှလှပပ ပြင်ဆင်ပေးပါ သား၊ မှန်ဘီရိုထဲက wedgewood ပန်းကန် set တွေ ထုတ်ပေး သား၊ လက်ကိုင်ပုဝါနဲ့ စားပွဲခင်းက ကြက်သွေးရောင်ကလေး ခင်းပေး၊ ဇိုင်ခွက်တွေ ထုတ်ပေး၊ ဓားနဲ့ခက်ရင်းတွေ ရောပေါ့၊ ပြီးတော့ Lavender ဖယောင်းတိုင်ကလေးတွေ ထွန်းပေးထား၊ ဧည့်သည်တွေလာရင် သင်းသင်းလေး မွှေးနေအောင် doris က Lavender ကြိုက်တယ်"

"မေမေ့ သူငယ်ချင်းလား မေမေ . . ."

သူက မေမေခိုင်းထားသမျှတွေကို တစ်ခုချင်း





စနစ်တကျ ထုတ်ယူပေးရင်း မေးလိုက်မိသည်။

"အစစ်ပေါ့ သားရဲ့၊ သူငယ်ချင်းမှ ရိုးရိုးသူငယ်ချင်း မဟုတ်ဘူး၊ best friend လေ၊ state ထဲက ချစ်ခဲ့ကြတာ၊ တက္ကသိုလ်ရောက်တော့လည်း အတူတူ၊ မေမေတို့က convent ကျောင်းထွက်တွေလေ၊ သိပ်ချစ်ကြတာ၊ အိမ်ထောင်တွေကျပြီး မေမေလည်း စင်္ကာပူထွက်၊ သူကတော့ မြန်မာပြည်မှာ ကျန်ရစ်ခဲ့၊ အစပိုင်းတော့ အဆက်အသွယ် မပြတ်ကြဘူး၊ နောက်တော့ မေမေလည်း အလုပ်ကတစ်ဖက်၊ သား တစ်ဖက်နဲ့၊ သူကလည်း အိမ်တွေဘာတွေ ပြောင်းသွားဆိုတော့ အဆက်အသွယ် ပြတ်သွားကြတာ ဘယ်လောက်ကြာပြီလဲ၊ သားတစ်သက်ပဲ၊ မနေ့ကမှ Shopping Mall မှာ ပြန်ဆုံမိကြတာ၊ မေမေဖြင့် ဘယ်လိုဝမ်းသာမှန်း မသိဘူး၊ ငယ်သူငယ်ချင်းတွေ ပြန်ဆုံကြတော့ ငယ်မူငယ်သွေး



www.burmeseclassic.com

www.burmeseclassic.com



တွေ ပြန်ကြတာပေါ့ သားရယ်၊ အဲဒါ အေးအေးဆေးဆေး ပြန်ဆုံရအောင် သူတို့ မိသားစုကို dinner ဖိတ်ထားတာ၊ သားနဲ့လည်း တွေ့ပေးရအောင်လို့"

မေမေ ပျော်နေမှန်း မေမေ့၏ အပြုံးမျက်နှာနှင့် သွက်လက်လှုပ်ရှားနေသော အပြုအမူတွေကို မြင်ရရုံဖြင့် မိခင်ကို ချစ်သော သားပီပီ သူက ကောင်းစွာ ရိပ်မိပါသည်။ စားပွဲကို လှလှပပ ခင်းကျင်းပြင်ဆင်ပေးရင်း မေမေ ပြောပြနေသော အကြောင်းအရာတွေကို စိတ်ပါဝင်စားစွာပင် နားထောင်ပေးမိသည်။ သူက မေမေနှင့် ပတ်သက်သမျှ အဖြစ်အပျက်၊ အကြောင်းအရာ မှန်သမျှကို စိတ်ဝင်စားမိသည်မှာ သူ့ရဲ့ ဗီဇ အကျင့်တစ်ခုလိုပင် ဖြစ်နေသည်။ မေမေနှင့် သူက သူငယ်ချင်းတွေလိုလည်း အလွန်ရင်းနှီး နီးကပ်လှပါသည်။ Spaghetti အခြောက်တွေကို သံလွင်ဆီအနည်းငယ်ထည့်ပြီး ပြုတ်ကာ ရေစစ်ပြီးချိန်တွင် အသားလုံးဟင်းကိုလည်း မေမေ





ပြင်ဆင်ချက်ပြုတ်ပြီးပြီ။ မေမေ့လက်ရာ Spaghetti သည် သူ့အတွက်တော့ ကမ္ဘာပေါ်မှာ အကောင်းဆုံးလက်ရာဖြစ်သည်။ မေမေက ဖေဖေ့အတွက်လည်း မမေ့မလျော့ Sea Food ဟင်းတစ်ခွက် ချက်ပေးလိုက်သေးသည်။ ဖေဖေက Spaghetti ကို Mussels တို့ Squids တို့ ပုစွန်တို့နှင့် စားတတ်သူဖြစ်၏။

"ကဲ . . . မေမေ Salad ပြင်ပြီးရင် ရေမိုးချိုး အလှသွားပြင်လိုက်ဦးမယ်၊ သား ရေသွားချိုးတော့၊ သူတို့ ခြောက်နာရီ ရောက်လာလိမ့်မယ်၊ Starter အတွက် သားပြင်ပေးနော်၊ Chips တွေရယ်၊ Nuts တွေရယ်ပေါ့"

"စိတ်ချ မေမေ . . . သား လုပ်ထားပေးမယ်"

"dessert အတွက် Fruit Cocktail လုပ်ထားပြီးသား၊ Fridge ထဲမှာ အဆင်သင့်၊ မေမေ Cheese Cake နဲ့ Apple Pie လုပ်ထားသေးတယ်"

"ရှယ်ပဲ မေမေ . . ."



www.burmeseclassic.com

www.burmeseclassic.com



"မေ့သားလေး အကြိုက်တွေချည်းပေါ့ . . ."

မေမေက Salad တွေ ပြင်ဆင်ရင်း သူ့ပခုံးစွန်းကို လှမ်း၍ နမ်းလိုက်သေးသည်။ မေမေ့ဆီမှာ အဲဒီလို ချစ်ပြတတ်သော၊ ဂရုစိုက်ပြတတ်သော နွေးထွေးသော အပြုအမူကလေးတွေက အပြည့်ရှိပြီးသား။

"ကဲ . . . သား ရေသွားချိုးတော့"

ဟု . . . ဆိုမှ သူ့အခန်းဆီသို့ ပြန်လာခဲ့သည်။ မှတ်မှတ်ရရ မေမေနှင့် ပဂေးကို တစ်ကြိမ်သာ ဆုံပေးဖူးပါသေးသည်။ မေမေက ထူးထူးခြားခြား ဘာမှတော့ မှတ်ချက်မပေးခဲ့။ သို့သော် တစ်ဦးတည်းသောသားကလေးကို သိပ်ချစ်မြတ်နိုးစွဲလမ်းတတ်သော မိခင်တစ်ယောက် ပီသစွာပင် သဝန်တိုမှု၊ အပြိုင်အဆိုင် မနာလိုမှုကလေးတွေတော့ ရှိခဲ့သည်။ ပဂေးဘက်ကလည်း မာနကို ရှေ့တန်းတင်တတ်သော မိန်းကလေးပီပီ မေမေနှင့် ထပ်ဆုံဖို့ စကားပင် မဟခဲ့။ ဘာကြောင့်





မှန်း မသိ သူကလည်း ထပ်ဆုံပေးဖို့ မကြိုးစားမိ။ မေမေကလည်း ထပ်ပြီး တွေ့ဖို့ မတောင်းဆို။ ပဂေးကို မေမေနှင့် ချစ်ခင်နွေးထွေးသော ဆက်ဆံရေးပုံစံမျိုး ရှိစေချင်သော်လည်း ခုချိန်ထိတော့ သူ မအောင်မြင်သေးပါ။

www.burmeseclassic.com

www.burmeseclassic.com



ညနေခြောက်နာရီအတိမှာ ခြံထဲသို့ ကားတစ်စီး ဝင်လာခဲ့သည်။ မေမေကိုယ်တိုင်ပင် ပေါ်တီကိုရှေ့သို့ ထွက်ကာ သူငယ်ချင်းနှင့် ဖက်မွှေ့နမ်းလျက် ဖက်လှဲတကင်းပင် ကြိုဆိုနေသဖြင့် သူရော မေမေပါ တံခါးဝထိ လိုက်လာခဲ့ရသည်။

"ဒေါ်ရစ်(စ်)ရယ် . . . ကိုယ်တော့ ဘယ်လိုပျော်မှန်းကို မသိဘူး၊ မင်းနဲ့ ပြန်ဆုံချင်နေတာကြာပြီ၊ ကြည့်စမ်းပါဦး . . . ရန်ကုန်မြို့တစ်မြို့တည်းမှာနေပြီးတော့





ဘယ်လိုမှ အဆက်အသွယ်လုပ်လို့ မရကြဘူးနော်"

မေမေ့ကိုကြည့်ရသည်မှာ တကယ့်ကို ငယ်မူငယ်သွေးတွေ ကြွလျက်ရှိသည်။ အဲဒီနောက်တော့ ကား၏ ဟိုဘက်ခြမ်းကနေ ဆင်းလာသော နှစ်ယောက်ထဲက တစ်ယောက်ကို အမှတ်တမဲ့ လှမ်းကြည့်လိုက်မိစဉ် သူ့ရင်ထဲ လှပ်ခနဲ အေးစက်သွားခဲ့ခြင်းဖြစ်သည်။ သူမကလည်း သူ့ကို မြင်လိုက်ချိန်မှာ မျက်လုံးကလေးတွေ အဝိုင်းသားဖြစ်လျက် သူမ၏ မူပိုင်ဟန်ကလေးအတိုင်း အားပါးတရ ပြုံးရယ်ပြနေသည်။

"လာကြ . . . လာကြ . . . ဒါက သားတော်မောင်လေးဒေါ်ရစ်(စ်)ရဲ့၊ ကိုကို့ကိုတော့ သိတယ်မှလား"

"သိပ့် Audrie ရယ်၊ မင်းလက်ထပ်ပြီး ကိုယ်တို့ အဆက်အသွယ်မှ မပြတ်သေးဘဲ၊ သမီးလာ . . . ဒါလေးက ကိုယ့်သမီးလေး၊ သားနဲ့ မတိမ်းမယိမ်းပဲ ရှိမယ်"

"ဟုတ်ကဲ့ မေမေ . . . ညို့တို့ချင်း ခင်ပြီးသားပါ"



www.burmeseclassic.com

www.burmeseclassic.com



ညို့က ပြုံးပြုံးကလေးပင် ပြောလိုက်သောအခါ မိခင်နှစ်ယောက်ကဲ တအံ့တဩ သဘောကျသွားသလို ရယ်မောကြ၏။ ဖခင်နှစ်ယောက်ကလည်း ဟိုးအရင်ကတည်းက ဆုံဖူးပြီးသားမို့ တရင်းတနှီး ပြန်နှုတ်ဆက်ကာ သူငယ်ချင်းနှစ်ယောက်၏ Reunion ပွဲကလေးကို ပံ့ပိုးပေးကြသည်။ အံ့အားသင့်လွန်းသဖြင့် စကားလုံးတွေပင် ကင်းမဲ့နေရသူက သူကိုယ်တိုင်ဖြစ်သည်။

"တွေ့လား . . . ခေတ်ဆူငယ်တွေက အဲဒီလို သွက်ပြီးသား Audrie ရေ၊ ကိုယ်တို့တောင် မိတ်ဆက်ပေးဖို့ မလိုဘူး၊ သူတို့ချင်းက ရင်းနှီးပြီးသား"

"သားတို့ချင်း ဘယ်လိုဆုံကြတာလဲ သား . . . ."

"သား ခြံဝယ်ထားတဲ့ သုမင်္ဂလာအိမ်ရာထဲမှာ ညို့တို့က နေတာ မေမေ"

"အို . . . ကြည့်စမ်းပါဦး၊ လွဲချင်တော့ စကားကို မစပ်





မိခဲ့ကြဘူးနော်၊ ကောင်းလိုက်တာ သားရယ်၊ သမီးလေးကလည်း ဒေါရစ်(စ်) ငယ်ငယ်တုန်းက အတိုင်း တူထေရာတည်းပဲ ဆရာ၊ ကဲ . . . ဝိုက်ဆာကြပြီးလား၊ Spaghetti အရင်စားကြစို့၊ ပြီးမှ စကားပြောကြတာပေါ့"

ထမင်းစားခန်းထဲ ဝင်လာခဲ့ကြစဉ် လူကြီးတွေက ရှေ့ကနေ ဝင်သွားကြသည်မို့ သူတို့နှစ်ယောက် နောက်မှာကျန်ရစ်ခဲ့ချိန်မှာ သူ ညို့ကို စကားလှမ်းပြောလိုက်သည်။

"ဒါလည်း တိုက်ဆိုင်မှုသက်သက်ပဲလား၊ မင်းရဲ့ miracle တစ်ခုပဲလား ညို့"

ညို့က ပခုံးကလေးတွန့်လိုက်ကာ . . . .

"ရိုးရိုးသားသား တိုက်ဆိုင်မှုသက်သက်ပါ ကိုစွမ်းစရဲ့၊ ကျွန်မကိုယ်တိုင်တောင် အရမ်း အံ့ဩနေတာ၊ တကယ့်ကို ထင်မထားဘူး"

"ကိုယ်က ပိုပြီးတော့ ထင်မထားတာပါ၊ ဒီလိုပုံစံနဲ့ ပတ်



www.burmeseclassic.com

www.burmeseclassic.com



သက်လာမယ်လို့ကို မထင်တာ"

"ကိုစွမ်းစ စိတ်အနှောင့်အယှက် ဖြစ်နေတာလားဟင်"

"အဲဒီလိုတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ပဂေးသိရင်တော့ ကိုယ့်ကို အကြီးအကျယ် ကွိုင်မှာ အသေအချာပဲ"

"အဲဒီတော့ ညို့ ဘာလုပ်ပေးရလဲ . . ."

"ဘာမှ မလုပ်ပေးရပါဘူး ညို့ရယ် . . . ရပါတယ်၊ ဒီကိစ္စက ပြဿနာတစ်ခု မဟုတ်ပါဘူး၊ ကိုယ်က အေးဆေးပါ"

စားကြတော့လည်း မိခင်နှစ်ယောက်က သူ့ခေါင်းစဉ်နှင့်သူ၊ ဖခင်နှစ်ယောက်ကလည်း golf အကြောင်း ဇိတ်ပါလက်ပါ ဆွေးနွေးလျက်သားဆိုတော့ သူတို့နှစ်ယောက်ကလည်း သပ်သပ် တဖွဲ့ကွဲကာ ပြောနေရတော့သည်။ သူ့ရင်ထဲမှာ တစ်ခုခုကိုတော့ ကြိုပြီး အလိုလို ရိပ်မိခံစားနေရသလိုပင်။ ရုပ်ရှင်တွေ၊ ဝတ္ထုတွေထဲကလို သမားရိုးကျ ပုံစံမျိုး





တော့ မဖြစ်စေချင်ပါ။ သူ့စိတ်ထဲမှာတော့ နည်းနည်း လေးနေခဲ့သည်။ ညို့တို့ မိသားစု အေးအေးဆေးဆေး စကားလက်ဆုံကြနေခဲ့ကြသည်မှာ ညဆယ်နာရီခွဲမှပင် ပြန်သွားကြ၏။ ထိုညက သူ့အခန်းထဲမှာ ထားပစ်ခဲ့သော သူ့ရဲ့ mobile ထဲမှာ ပဂေးဆီကခေါ်သော missed calls တွေနှင့် ပြည့်နေခဲ့သည်။ messages တွေလည်း ချန်ထားခဲ့သည်။ ထိုတစ်ညကို ပဂေးကို အိပ်ရေးမပျက်စေချင်သော စေတနာဖြင့် သူ ပဂေးဆီ ဖုန်းပြန်ခေါ်တော့ ညို့တို့အကြောင်းကို မပြောပြဖြစ်ခဲ့ပါ။ နောက်မှပဲ အေးအေးဆေးဆေးဟု သူ စဉ်းစားထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မနက် breakfast ဝိုင်းမှာ မေမေက စကားစတော့ သူ အံ့ဩသွားပါသည်။

“သား ညှို့ကို ဘယ်လိုသဘောရသလဲ သား”

ဟူသော မေးခွန်းကြောင့် သူ မျက်နှာပင့်သွားသလို ဖေဖေကတော့ သဘောပေါက်သလို ပြုံးနေသည်။ သူ မျှော်လင့်ထားတဲ့ အတိုင်းပင်။

“ဘာကိုလဲ မေမေ . . .”

ဟု . . . သူ မသိချင်ဟန်ဆောင်ကာ ပြန်မေး





လိုက်သည်။ မေမေက ပြုံးနေသည်။

“သူ့ကလေးကို မေမေ သဘောကျတယ် သားရဲ့၊ အထူးသဖြင့် သူ့ရဲ့ personality ကလေးကို ချစ်တာ၊ doris နဲ့ တထေရာတည်းပဲ၊ ကြည်လင်ရှင်ပျပြီး သဘောကောင်း၊ မနောကောင်းမယ့် ရုပ်ကလေး၊ စိတ်ထဲမှာလဲ ဘာမှမရှိတဲ့ ပုံစံကလေး၊ မေမေက doris ကို သိပ်ချစ်တော့ သူ့ကိုပါ အလိုလို ချစ်သွားတာ၊ သား ဘယ်လို သဘောရသလဲ”

မေမေက ပွင့်ပွင့်လင်းလင်းပင် ပြောင်ဖွင့်မေး[illegible]ဖြင့် သူကလည်း ပွင့်ပွင့်လင်းလင်းပဲ အဖြေပေးဖို့ ဆုံးဖြတ်လိုက်ပါသည်။

“သားမှာ ချစ်သူရှိတယ်လေ မေမေ၊ ပဂေးကို မေမေ သိပြီးသားပဲ”

“အေး . . . မေမေ သိပါတယ်၊ ဒါပေမယ့် သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



မေမေ သဘောမကျပါဘူး၊ သားကို နိုင်စားလွန်းတယ်၊ မာန ကြီးလွန်းတယ်”

သူ မေမေ့ကို ဘာမှ အတိုက်အခံတွေ ပြန်မပြောဘဲ ငြိမ်သက်စွာပင် ငေးကြည့်နေလိုက်သည်။ မေမေနှင့် သူ့ကြားမှာ တစ်ခါမှ အတိုက်အခံ၊ ပဋိပက္ခ မဖြစ်ခဲ့ဖူးပါ၊ မေမေက ဒီလိုဖြစ်စေချင်တယ်ဆိုလျှင် သူက နှစ်ခါ မပြောင်းဘဲ လုပ်ပေးနေကျပင် ဖြစ်သည်။ ဒါဟာ ပထမဆုံးအကြိမ် ဖြစ်သည်။

“သား စဉ်းစားပါဦး၊ မေမေက ခုချက်ချင်းကြီး ဖြစ်ရမယ်လို့ ပြောနေတာတော့ မဟုတ်ပါဘူး၊ ဒီမိန်းကလေး ကို မေမေ ချစ်တယ်၊ သားနဲ့ သဘောတူတယ်၊ သားနဲ့ မေတ္တာမျှစေချင်တယ်၊ ဒါလောက်ပါပဲ၊ ဒေါရစ်(စ်)က လည်း ဒီအတိုင်းပဲ ဖြစ်စေချင်မှာပဲ၊ မေမေတို့ ငယ်ငယ် ကတည်းက နှစ်ယောက်သား ကြီးလာရင် သားပေး





သမီးယူလုပ်ပြီး ခမည်းခမက် တော်ကြမယ်လို့ ကတိ ထားခဲ့ဖူးတယ်၊ အဲဒါကို မေမေ မမေ့ရင် doris လည်း မေ့မှာ မဟုတ်ဘူး”

သူ မေမေ့ကို ဘာမှ ထပ်မပြောဖြစ်ပါ။ ရင်ထဲမှာတော့ ပို၍ လေးလာသည်။ စိတ်ထဲမှာလည်း ညှို့ကို သံသယ ဖြစ်လာသည်။ သူမဟာ တကယ်ပဲ ပဂေးပြောတဲ့အတိုင်း ညှို့ ကဝေ,မ ကလေးလား။ ထိုကိစ္စကို ပဂေးကို ပြောပြဖို့ သူ အတော်ပဲ စဉ်းစားယူရပါသည်။ ရိုးသားစွာလည်း သူ ပြောပြ ထားချင်သည်။ ပဂေးကို ဘာလျှို့ဝှက်ချက်မျိုးမှ သူ မထားချင်။ ပဂေးသိပြီးတဲ့နောက် ရင်ဆိုင်ရမည့် ပြဿနာ၏ နက်ရှိုင်းမှု ကိုလည်း သူ မှန်းဆ၍ရပြီးသား။ နောက်ဆုံးတော့ သူ စိတ် ကူးတစ်ခုရသည်။ ပဂေးမသိခင်မှာ သူနှင့် ညှို့တို့ ပွင့်ပွင့်လင်း လင်း တိုင်ပင်ပြီး ညှိနှိုင်းလိုက်ခြင်းသည် သူ့အတွက် ထွက် ပေါက်တစ်ခု ဖြစ်လာနိုင်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ညကတည်းက သူ ညို့ဆီ Message လှမ်းပို့ကာ မနက်စောစော ဆုံကြဖို့ ချိန်းထားလိုက်သည်။ တွေ့မည့်နေရာက သုမင်္ဂလာအိမ်ရာထိပ်ရှိ Cafe 3D မှာ ဖြစ်သည်။ ချိန်းထားသည့်အချိန်သည် စောနေသေးသောကြောင့် ဆိုင်ထဲမှာ လူပင် မရှိသေးပါ။ ကော်ဖီတစ်ခွက်မှာပြီး သူ စောင့်နေစဉ် သိပ်ကြာကြာ မစောင့်လိုက်ရဘဲ ဆိုင်ထဲသို့ ဝင်လာသော ညို့ကို တွေ့ရ၏။ သူမကို မြင်လိုက်ရတိုင်း အမြဲ ပြုံးရွှင်လန်းဆန်းကာ ချိုမြတက်ကြွနေသည်။ ခေါင်းဆွတ်ပါသော





ဆွယ်တာ မိုးပြာရောင်ကလေးနှင့် ဂျင်းပဲန်ကို ဝတ်ထားသည်။

"ညက message တွေ ဘာတွေ ပို့ပြီးချိန်းတော့ ဘာများ အရေးကြီးလို့လဲလို့ ရင်ကို ထိတ်သွားတာပဲ"

ဟု . . . စကားစကာ ဝင်ထိုင်ရင်း ကော်ဖီမှာသည်။ သူမကို ကြည့်ကာ သူ ဘယ်က စပြောရမှန်း မသိ။ ဒီလို အကြောင်းအရာမျိုးကို သူမနှင့် ခုလို မျက်နှာချင်းဆိုင် ထိုင်ပြီး ဆွေးနွေးနေရလိမ့်မည်ဟု သူ တွေးတောင် မတွေးမိပါ။ ဘယ်လိုမှ အဆက်အစပ် မရှိသော မိန်းကလေး တစ်ယောက်။

"ကိုယ် မင်းနဲ့ စောစောကတည်းကပဲ ကြိုပြီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးထားချင်လို့ပါ ညို့"

"ဟုတ်ကဲ့ . . . ပွင့်ပွင့်လင်းလင်းသာ ပြောပါ ကိုစွမ်း၊ ကျွန်မဘက်ကလည်း ပွင့်ပွင့်လင်းလင်းပဲ ပြောစရာရှိတာကို ပြောပြမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"OK! . . . ကောင်းပြီ၊ တစ်နေ့က dinner အပြီးမှာ မင်း မေမေ မင်းကို တစ်ခုခု ပြောခဲ့တာမျိုး ရှိသလား၊ ကိုယ်နဲ့ ပတ်သက်ပြီးတော့ပေါ့"

"ရှိတယ် . . . ကိုစွမ်းစ၊ ကိုစွမ်းစ ဘက်ကရော"

"အင်း . . . ရှိခဲ့တယ် ဆိုပါတော့၊ အဲဒီတော့ မင်းဘက်က မင်းမေမေကို ဘယ်လို ပြန်ပြောလိုက်သလဲ"

"အမှန်အတိုင်းပြောရရင် ကျွန်မဘက်က ငြင်းစရာမှ မရှိတာ၊ ကျွန်မ သဘောတူ ခေါင်းညိတ်လိုက်တယ် ကိုစွမ်းစ"

သူမဘက်က အဲဒီလောက် ပွင့်ပွင့်လင်းလင်း တုံ့ပြန်လိုက်သော အဖြေကြောင့် သူတောင် ဆွံ့အသွားရသည်။ ဒီမိန်းကလေး မလွယ်ပါလား။

"ကိုစွမ်းစဘက်ကရော . . ."

"မင်းသိပြီးသားပဲ ညို့၊ ကိုယ့်မှာ ချစ်သူရှိပြီးသားပဲ၊





ကိုယ် ပင်ဂေးကို သိပ်ချစ်တာ၊ သူကလွဲပြီး ဘယ်သူ့ကိုမှ ကိုယ် လက်မတွဲနိုင်ဘူး၊ သူဟာ ကိုယ့်ရဲ့ တစ်ယောက်တည်းသော လက်တွဲဖော်ပဲ၊ ကိုယ် သူ့ကိုပဲ မရ ရအောင် ယူမယ်လို့ ဆုံးဖြတ်ထားပြီးသား ညို့၊ ကိုယ် မင်းကို စိတ်ဝင်စားစရာကောင်းတဲ့ ခင်မင်စရာ မိတ်ဆွေ သူငယ်ချင်းတစ်ယောက်အဖြစ်ထက် ဘယ်လိုမှ မပိုနိုင်ဘူး၊ မိဘတွေ သဘောတူလို့ ယူလိုက်ရတဲ့ အဖြစ်မျိုးကို ကိုယ် ဘယ်တော့မှ အရောက်ခံမှာ မဟုတ်ဘူး၊ ပွင့်ပွင့်လင်းလင်း ပြောရရင် မိဘတွေဘက်က ရှေ့ဆက်တိုးလို့မရအောင် မင်းဘက်ကလည်း ပြတ်ပြတ်သားသား ငြင်းပေးပါ၊ ကိုယ်လည်း မေမေ့ကို အပြတ်ငြင်းလိုက်မယ်"

သူ ညို့ကို အားနာမိသော်လည်း မျက်စိမှိတ်ပြီး ယတိပြတ် ပြောပစ်လိုက်ခြင်းဖြစ်သည်။ သူမက သူ့ကို အငေး



www.burmeseclassic.com

www.burmeseclassic.com



သား ကြည့်နေသည်။ သူမ၏ မျက်နှာပေါ်မှာ ရှက်သွားသော၊ စိတ်ထိခိုက်သွားသော အရောင်တွေတော့ လွှမ်းသွားတာကို သူ တွေ့နေရသည်။ သူ စိတ်တော့ မကောင်းပါ။

"ကိုစွမ်းစဘက်က ငြင်းချင်ရင် ငြင်းလေ၊ မငြင်းပါနဲ့လို့ တားမြစ်ပိတ်ပင်ခွင့် ကျွန်မမှာ မရှိပါဘူး၊ အဲဒီလိုပဲ ကျွန်မကို ငြင်းလိုက်ပါလို့ အမိန့်ပေး ဆုံးဖြတ်ပေးခွင့် ကိုစွမ်းစဆီမှာ မရှိပါဘူး၊ ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ်ပါ"

ဟု . . . ဒေါသသံလည်း မပါ၊ တင်းမာရိပ်လည်း မစွက်သော ခပ်အေးအေး ငြိမ်သက်သော လေသံမျိုးဖြင့် ပြောလေသည်။ သူ့ဘက်က . . .

"ကိုယ် မင်းကို လုံးဝ စိတ်မဝင်စားဘူး၊ ချစ်လည်း ချစ်လာနိုင်မှာ မဟုတ်ဘူး"

ဟူသော . . . စကားကို ပြောဖို့သာ ကျန်တော့သည်။ သို့သော် . . . သူမကို အဲဒီလောက်ထိ တဖက်သတ်





ကြီး ထိခိုက်နာကျင်အောင် ပြောချင်စိတ် သူ့မှာ လုံးဝမရှိပါ။

"ကိုယ် မင်းကို ခေါ်ပြီး စိတ်ဆင်းရဲအောင်၊ နာကျင်အောင် ပြောမိခဲ့တယ်ဆိုရင်တော့ ဆောရီးပဲ ညို့၊ ကိုယ်မင်းကိုလည်း မထိခိုက်စေချင်ပါဘူး၊ ဒါပေမယ့် ကိုယ်ဆုံးဖြတ်ထားပြီးသားကို မင်း သိထားစေချင်လို့ပါ၊ ပဂေးကလွဲလို့ ကိုယ် ဘယ်မိန်းကလေးကိုမှ လက်မထပ်ဘူး၊ အဲဒါ ကိုယ့်ရဲ့ နောက်ဆုံးစကားပဲ"

"ခုလို ပွင့်ပွင့်လင်းလင်း ဖွင့်ပြောပြထားတဲ့အတွက် ကျေးဇူးတင်ပါတယ် ကိုစွမ်းစ၊ ကျွန်မဘက်ကလည်း တစ်ခု ပြောပြထားပါ့မယ်၊ ကျွန်မက လိုချင်တာတစ်ခုကို သူများ မကျေနပ် မကြည်ဖြူပဲ ဇွတ်လည်း လုမယူတတ်သလို၊ အောက်ကျခံပြီးတော့လည်း တောင်းမယူတတ်ပါဘူး၊ တစ်ခုပဲ ရှိပါတယ် . . . ကျွန်မက လိုချင်တာကို ဆုတောင်းပြီးတော့ပဲ ယူတတ်တာပါ၊ ဆုတောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြည့်တတ်တာက ကျွန်မရဲ့ ပါရမီတစ်ခုပါ၊ အဲဒီနည်းနဲ့ ရတဲ့ ဆုဟာလည်း တရားမျှတမှု ရှိလိမ့်မယ်လို့ ကျွန်မ ယုံကြည်ထားပါတယ်၊ ကဲ . . . ကိုစွမ်းစ ဘာပြောစရာ ကျန်သေးလဲ"

ညို့၏ စကားလုံးတွေက သူ့ရင်ဘတ်ဆီသို့ ခပ်ပြင်းပြင်း ထိမှန်သွားတာတော့ အမှန်ပဲဖြစ်သည်။ သူမ ဘာကို ဆိုလိုတာလဲ။ အဲဒီစကားဟာ ဘာအဓိပ္ပါယ်လဲ။ သူမဟာ သူ့ကို စိန်ခေါ်တဲ့ သဘောလား။ သူ့စိတ်ထဲ ခိုးလိုးခုလုတော့ ဖြစ်သွားသည်။ ပခုံးတစ်ချက် တွန့်ပြလိုက်ကာ . . .

"ဘာမှ ပြောစရာမကျန်တော့ဘူး ညို့၊ တစ်ခုတော့ မေးချင်တယ်၊ မင်း ကိုယ့်ကို စိန်ခေါ်နေတာလား"

ဟု . . . မေးဖြစ်အောင် ပြန်မေးလိုက်သည်။ သူမက အားရပါးရ ပြုံးလိုက်တာ . . .

"ကျွန်မ ဆုတောင်းကြည့်တာပါ၊ အဲဒီဆုဟာ ဘာလဲဆို





တာတော့ ရမှပဲ ပြောပြတော့မယ် . . . တာ့တာ . . . ကိုစွမ်းစ၊ ကျွန်မ သွားပြီ . . ."

သူမက လှည့်ထွက်သွားပြီးမှ ချာခနဲ ပြန်လှည့်လျှောက်လာကာ . . .

"သြော် . . . တစ်ခုပြောဖို့ ကျန်ခဲ့လို့၊ ဒီပွဲမှာ မရိုးသားမှု၊ မသမာမှု၊ ကောက်ကျစ်မှု၊ လှည့်စားမှုတွေ ဘာတစ်ခုမှ မပါဘူးနော်၊ အဲဒါကိုတော့ စိတ်ချလက်ချ ယုံထားပေးပါ"

ဟု ပြောပြီးမှ လက်ပြလျက် ပြန်ထွက်သွား၏။ သူမကို မယုံချင်လို့လည်း မရ။ သူမ ဘယ်လိုဆုတောင်းမျိုးတောင်းထားသလဲဆိုတာကိုလည်း သူ ရိပ်မိသလိုလို ရှိသည်။ သူ လုပ်နိုင်တာက သူမဆီကနေ ကိုယ်ရောင်ဖျောက်ထားနိုင်ဖို့ပဲ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com





## အခန်း . . . ၈

ပဂေး၏ မျက်နှာတ မယုံနိုင်မှုဖြင့် မျက်လုံးအဝိုင်းသား ဖြစ်နေသည်။ ပြီးတော့ စိတ်ဆိုးလာသလို အောက်နှုတ်ခမ်းကို ကိုက်လျက် . . .

"ကဲ . . . ပဂေးမပြောဘူးလား၊ ပဂေး စိုးရိမ်တဲ့အတိုင်းပဲ ဖြစ်လာတာပဲ၊ တွေ့တယ်မှလား . . . ဘယ်လောက် အံ့ဩဖို့ ကောင်းထားသလဲ၊ စွမ်းစ မယုံခဲ့ဘူးမှလား၊ အဲဒီ မိန်းမဟာ ညို့ကဝေပါလို့ တောက် . . . ပဂေး



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မုန်းလိုက်တာ"

"သူ့ကို မုန်းနေလို့ ပဂေး ဘာမှ မတတ်နိုင်ဘူး ပဂေးရယ်၊ ပဂေး ကိုယ့်ကို ယုံကြည်စိတ်ချထားဖို့ပဲ လိုတာပါ၊ ကိုယ် ပဂေးကို အရမ်းချစ်တယ်၊ ပဂေးကိုပဲ လက်ထပ်မှာ . . . OK!"

" OK . . . ဟုတ်လား၊ ဘယ်လိုလုပ်ပြီး ပဂေး အိုကေနိုင်ပါ့မလဲ စွမ်းစရဲ့၊ အခု စွမ်းစမေမေကလည်း သူ့ဘက်ကလူ ဖြစ်သွားပြီ၊ နဂိုကတည်းက စွမ်းစ မေမေက ပဂေးကို ကြည့်လို့ မရခဲ့ပါဘူး၊ အဲဒါကို ပဂေး သိပြီးသားပါ၊ ပဂေးဘက်မှာ စွမ်းစကလွဲပြီး ဘာသေချာပိုင်နိုင်မှုမှ မရှိဘူး"

ပဂေး ဘယ်လောက် မခံချိမခံသာ ဖြစ်နေသလဲဆိုတာ တဆတ်ဆတ်တုန်နေသော နှုတ်ခမ်းဒေါင့်စွန်းကလေးများက သက်သေပြလျက်ရှိသည်။ သူ ပဂေး၏ လက်ဖမိုးကလေး တစ်ဖက်ကို ခပ်တင်းတင်း ဆုပ်ညှစ်ထားလိုက်သည်။

"ကိုယ့်ကို လက်ထပ်မလား ပဂေး၊ ကိုယ်တို့နှစ်ယောက် နှစ်ဦးသဘောတူ လက်ထပ်ထားကြမယ်လေ"

"သေချာရဲ့လား စွမ်းစရယ်၊ မိခင်ရဲ့ စကားကို တသဝေမတိမ်း လိုက်နာတတ်တဲ့ စွမ်းစလို သားတစ်ယောက်က စွမ်းစမေမေနဲ့ အတိုက်အခံ၊ ပဋိပက္ခ ဖြစ်ဖို့ စွမ်းအင်သတ္တိ ရှိလို့လား"

"ကိုယ် မေမေ့ကို ရင်ဆိုင်ပါ့မယ်၊ ကိုယ့်ဘဝတစ်ခုလုံးအတွက် ကိုယ် ဘာလိုချင်တယ်ဆိုတာ ကိုယ်ပဲ သိတာပေါ့ ပဂေးရယ်၊ မေမေ့ကို ကိုယ် အလေးအနက် ထားတာမှန်ပါတယ်၊ မေမေ့စကားကို အမြဲ နားထောင်ခဲ့တာ မှန်ပေမယ့် ကိုယ့်ဘဝမှာ ဒါ ပထမဆုံးအကြိမ် မေမေ့ကို ရင်ဆိုင်ရမှာ၊ အတိုက်အခံ လုပ်ရမှာပါ"

ပဂေးက သူ့ကို တစ်ခုခုကို စဉ်းစားနေသော







www.burmeseclassic.com

www.burmeseclassic.com



အကြည့်မျိုးဖြင့် အကြာကြီးစိုက်ကြည့်နေသည်။

"စွမ်းစ စဉ်းစားကြည့် ... ပဂေးရဲ့ဘဝမှာ ယောကျ်ားလေးရှင်ဘက်က ကိုယ့်ကို အသိအမှတ်ပြုတာ မခံရတဲ့ အဖြစ်မျိုးကို ယောင်လို့တောင် မတွေးခဲ့ဖူးဘူး၊ ပဂေးဘက်မှာ အားလုံး အစစအရာရာ ပြည့်စုံထားပြီးသား၊ ကိုယ့်ကိုယ်ကိုယ်လည်း ယုံကြည်မှု အပြည့်ရှိတယ်၊ ပဂေးကို ဘယ်သူမဆို ရက်ရက်ရောရော ကြည်ဖြူလိုလားကြတာချည်းပဲ၊ ပဂေးမှာ ဘာချွတ်ယွင်းချက်မှ မရှိဘဲနဲ့ ဘာမဟုတ်တဲ့ မိန်းကလေးတစ်ယောက်နဲ့ ပတ်သက်ပြီးတော့မှ ပဂေးက ကိုယ့်ချစ်သူကို နိုးကြောင်နိုးဝှက် တိတ်တိတ်ပုန်း လက်ထပ်ထားရမယ့်အဖြစ်ဟာ ဘယ်လောက် အောက်ထားလဲ၊ ပဂေးရဲ့ ဂုဏ်သိက္ခာကို အရမ်းထိခိုက်တယ် ... သိလား၊ ပဂေး အဲဒီလို ဘယ်လိုမှ မဖြစ်စေချင်ဘူး၊ စွမ်းစ မေမေဘက်က





ပဂေးကို နှစ်လိုကြည်ဖြူစွာနဲ့ လာတောင်းရမ်းနားဖောက်တာကိုပဲ ပဂေး လိုချင်တာ ... ဖြစ်စေချင်တာ"

"ပဂေးရယ် ... ကိုယ် နားလည်ပါတယ်၊ ပဂေးရင်ထဲက ခံစားချက်ကို အကြွင်းမဲ့ နားလည်ခံစားလို့ ရပါတယ်ကွာ၊ ရုတ်တရက် ထင်မှတ်မထားတဲ့ ယောင့်ချိုးကနေ ဖြစ်လာတဲ့ အခြေအနေတစ်ခုကြောင့် ခဏလေးပဲ သည်းခံပေးပါနော်၊ ပဂေး ကိုယ့်ကို လက်ထပ်နိုင်မယ် မဟုတ်လားဟင်"

"ပဂေး စွမ်းစကို ဘယ်လောက်ချစ်သလဲ စွမ်းစ သိတယ်မှလား၊ ကိုယ်ချစ်တဲ့လူရဲ့ ခြေဖဝါးအောက်မှာ ကိုယ့်ရဲ့ဂုဏ်သိက္ခာကို ထိုးကျွေးပစ်လိုက်ချင်ပါတယ်၊ ပဂေးအတွက် သိပ်ကို ခွန့်စားရမှာ၊ ပဂေးဘက်က မိဘအသိုင်းအဝိုင်းက သိရင် ပဂေးအတွက် ရစရာ ရှိတော့



www.burmeseclassic.com

www.burmeseclassic.com



မှာ မဟုတ်ဘူး၊ အပြစ်တင်ခံရမှာ၊ ပဂေးကို အချိန် နည်းနည်းတော့ ပေးပါ စွမ်းစ၊ ပဂေး အလေးအနက် စဉ်းစားမယ်၊ နှလုံးသားနဲ့ ဦးနှောက်ထဲက နှလုံးသားရဲ့ နောက်ကို လိုက်မိတော့မယ်ဆိုရင်တော့ ပဂေး စွမ်းစ ကို အဖြေပေးမယ် . . . OK "

"ကျေးဇူးပဲ . . . ပဂေးရယ်၊ ကိုယ့်ကို နားလည်ပေးတဲ့ အတွက် ပိုပြီးတော့လည်း ချစ်တယ်၊ ရှေ့အပတ်ထဲ လောက်မှာ အဖြေပေးနော်၊ ကိုယ့်ဘက်က သေချာထား ချင်ပြီ"

ပဂေးက သူ့ကို မျက်စောင်းသဲ့သဲ့ ချီပါသည်။ သူ့နှလုံးသားက လာသော ခံစားမှုတစ်ခုဖြင့် ပဂေး၏ အဖြေ ကို ကြိုပြီး ရိပ်မိနေသလိုလို ရှိသည်။ ခုမှပဲ သူ အသက်ရှူရ နည်းနည်း ချောင်သွား၏။ မေမေနှင့် ရင်ဆိုင်ရမည့် အဖြစ် ကိုတော့ အခု ကြိုမတွေးချင်သေးပါ။ သေချာတာ တစ်ခုက





မေမေသည် သူ့ကြောင့် ဘယ်တုန်းကမှ စိတ်မဆိုးဖူးခဲ့ရ၊ စိတ် မထိခိုက်၊ မနာကျင်ဖူးခဲ့ရခြင်းပဲ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သား . . . မေမေတို့ ချောင်းသာ သွားကြမလို့၊ သား ကားလိုက်မောင်းပို့ပေးမယ်မှလား . . ."

ဟု . . . မေမေက မေးသည်။ ချောင်းသာ ခရီး လောက်ကတော့ သူတို့မိသားစု မကြာခဏဆိုသလို သွားနေကျမို့ သူက လွယ်လွယ်ကူကူပင် ခေါင်းညိတ်ပြလိုက်ကာ . . . (တကယ်တော့ မေမေ့စကားဆို ခေါင်းညိတ်နေကျ အကျင့် ပါနေတာကြောင့်လည်း ပါသည်)

"ဘယ်တော့လဲ မေမေ"





ဟု . . . မေးလိုက်သည်။

"ဒီသောကြာညနေထွက်မယ်လေ သား၊ စနေ၊ တနင်္ဂနွေ နှစ်ရက်နေပြီး တနင်္လာ ပြန်လာမှာပေါ့၊ သား ဘာအစီ အစဉ်မှ မရှိဘူးမှလား"

"ရှိတော့ မရှိပါဘူး မေမေ"

"OK! . . . ကောင်းတယ်သား၊ မေမေ Mini bus တစ်စင်း ငှားလိုက်မယ်"

ဟု . . . မေမေက စကားဆက်မှ သူ မျက်ခုံး ပင့်သွားရခြင်းဖြစ်သည်။ ခါတိုင်း အိမ်ကကားနှင့်ပဲ သွားနေ ကျလေ။

"ဘာဖြစ်လို့ ငှားမှာလဲ မေမေ၊ သား ကားနဲ့ပဲ သွား မယ်လေ"

ဟု . . , သူပြောတော့ မေမေက ပြုံးကာ . . .

"ဒီတစ်ခါ လူများမှာ သားရဲ့၊ doris တို့ မိသားစုပါ



www.burmeseclassic.com

www.burmeseclassic.com



လိုက်မှာလေ"

ဟု . . . ပွဲသိမ်းစကား ဆိုလိုက်တော့မှ သူ ဗျာများသွားရသည်။ ချက်ချင်းကြီး မေမေ့ကို ဘယ်လို ပြန်ငြင်းရမှန်း မသိ။ မေမေ့ကို တစ်ခါမှ ငြင်းလေ့မရှိခဲ့သည်မို့ ငြင်းဖို့ကိုလည်း ပါးစပ်က မထွက်။ စောစောကသာ ကြိုသိလိုက်လျှင်တော့ အကြောင်းတစ်ခုခုပြကာ အသေအချာကို ငြင်းမှာပင်။ မေမေက သူ့စိတ်ကို ခံစားမိနေသလို သူ့ခေါင်းကို တစ်ချက်နမ်းကာ ဘာစကားမှ ထပ်ပြောဖို့ အခွင့်အရေး မပေးတော့ဘဲ အပိုင်ချည်နှောင်ပြီး ထထွက်သွားတော့သည်။

"သား . . . အဆင်သင့်သာ ပြင်ထားလိုက်တော့နော်"

တဲ့ . . .။ သူ တော်တော် စိတ်ဓါတ်ကျသွားသည်။ ဘယ်သူ့ကို အပြစ်တင်ရမှန်းမသိ။ အာရုံထဲမှာ ထင်းခနဲ ပေါ်လာသော ညို့ကိုသာ ကျိတ်ပြီးတော့ ကျိန်ဆဲပစ်လိုက်မိသည်။ မိခင်နှစ်ယောက်က တမင်သက်သက် သူတို့





လူငယ်နှစ်ယောက်ကို နီးစပ်အောင် လမ်းရှာကြသည်မှာ အထင်းသားကြီးဖြစ်နေသည်။ ခက်သည်က သူ သဘောတူ ခေါင်းညိတ်ပြီးကာမှ ဘယ်လိုမှ ပြန်ပြင်ဆင်ငြင်း၍ မကောင်းတော့ခြင်းပင်ဖြစ်သည်။ တစ်ခုပဲ သူ ဆုံးဖြတ်ရမှာက ပဂေးကို ကြိုပြီး အသိပေးသင့်၊ မပေးသင့် ဖြစ်သည်။ ပဂေး သိလျှင် အကြီးအကျယ် ပေါက်ကွဲမည့် ပြဿနာဖြစ်သည်။ သူ စိတ်ကို လျှော့ချပစ်လိုက်သည်။ တော်ပြီ . . .။ ဒီကိစ္စ ပဂေးကို နောက်ကျတော့မှပဲ အေးအေးဆေးဆေး အချိန်ယူကာ ရှင်းပြတော့မည်။ အဲဒီအချိန်ဟာ ပဂေးနှင့် နှစ်ဦးသဘောတူ လက်ထပ်ပြီးချိန်ကျမှလည်း ဖြစ်ကောင်းဖြစ်လိမ့်မည်။ ခုချိန်မှာတော့ သူ့ စိတ်ထဲမှာ ညို့ကို မုန်းချင်ချင်တောင် ဖြစ်လာသည်။ ဘာကြောင့်များ သူမဟာ သူ့ဆီသို့ ရှောင်တိမ်းလို့မရနိုင်လောက်အောင် တည့်တည့်ကြီး ဝင်လာခဲ့ပါသလဲ။

www.burmeseclassic.com

သောကြာနေ့ညမှာ မိသားစုနှင့်အတူ ချောင်းသာသို့ သွားမည်ဟုသာ ပဂေးကို ဖုန်းဆက်အသိပေးထားခဲ့သည်။ ထုံးစံအတိုင်း ခရီးသွားခါနီး ညများမှာ သူနှင့်ပဂေး ညလုံးပေါက်နီးပါး ဖုန်းပြောဖြစ်ကြသည့်တိုင် ညို့နှင့် ပတ်သက်ပြီး သူ တစ်ခွန်းတလေမှ မဟခဲ့။ ပဂေးကလည်း မိသားစုခရီးဟုဆိုသောကြောင့် ဘာမှ ဆက်မမေး။ ခါတိုင်းလည်း သူတို့သွားနေကျဆိုတာကို ပဂေး သိပြီးသားဖြစ်သည်။ ဖုန်းချခါနီးမှာ . . .





"ချောင်းသာက ပြန်လာရင် ပဂေးအဖြေပေးမယ် . . . သိလား"

ဟု . . . ချိုချိုကလေး ပြောသွားခဲ့သည်။ သူ စိတ်တောင် မကောင်းချေ။ ပဂေးကို သူ ဘယ်တုန်းကမှ ခုလို ထကူးတက လျှို့ဝှက်မထားဖူးခဲ့သောကြောင့် သူ့စိတ်ထဲလည်း မလုံခြုံ။

မေမေ့ အစီအစဉ်အတိုင်း ညို့တို့မိသားစုကို သူ့မတို့အိမ်မှာ သွားကြိုရသည်။ မေမေက အန်တီ ဒေါ်ရစ်(စ်)နှင့် အေးအေးဆေးဆေး စကားပြောချင်လို့ဟု ဆိုကာ နောက်ဆုံးခုံတန်းမှာ သွားထိုင်သည်။ ဖခင်နှစ်ယောက်က တစ်ကန်း ထိုင်ကြသည်။ ညို့က ခပ်တည်တည်ပင် သူ့ဘေးက ခုံမှာ ဝင်ထိုင်ကာ သူ့ကို ပြုံးပြသည်။ နောက်မှာ သွားထိုင်ဟု သူ ပြောလို့မဖြစ်။ ညို့ကို စိတ်ထဲကနေ တင်းနေသည်မှန်သော်လည်း သူက ယဉ်ကျေးချင်သူပီပီ အပြုံးမပျက်ပင် ဆက်ဆံရ

www.burmeseclassic.com



သည်။

"ကိုစွမ်းစ ညောင်းရင် ကျွန်မ တစ်လှည့်မောင်းပေးမယ် . . . သိလား"

"ရပါတယ် . . . ကိုယ် မောင်းနေကျပါ"

"သီချင်းဖွင့်မယ်နော်၊ တိုးတိုးပဲ ဖွင့်မှာပါ။ စိတ် အနှောင့်အယှက် မဖြစ်ဘူးမှလားဟင်"

"ဖွင့်ပါ . . . ဘာသီချင်းဖွင့်မလို့လဲ"

"ကျွန်မ CD တွေ ထည့်ယူလာတယ်၊ ခရီးသွားရင် အဲဒီလို သီချင်းလေးဖွင့်ပြီး နားထောင်သွားရတာ သိပ်ဖိမ်ရှိတာပဲ . . . သိလား"

"i pod နဲ့ နားထောင်ပါလား"

"i pod က ကျွန်မတစ်ယောက်တည်း ကြားရတာလေ၊ ကျွန်မက ကိုစွမ်းစကိုပါ နားထောင်စေချင်လို့ပါ၊ ကားမောင်းရင်း သီချင်းလေးနဲ့ဆိုတော့ Relax ဖြစ်တာပေါ့"





သူ ဘာမှ မပြောတော့။ ညှို့က CD Player ထဲ ခွေတစ်ချပ် ထည့်ဖွင့်လိုက်သည်။ ပထမဆုံးထွက်လာသော သီချင်းက ဘာသီချင်း ထင်ပါသနည်း။ ရိုးရိုးသားသား တိုက်ဆိုင်တာတော့ မဖြစ်နိုင်ပါ။ သူမ တမင်သက်သက် ရည်ရွယ်တာပဲ ဖြစ်သည်။ Rihanna ၏ "I hate that I Love You" သီချင်း ဖြစ်သည်။ အခုမှပဲ barbecue ညနေခင်းတုန်းက သူမ ထိုသီချင်းကို တမင်ရည်ရွယ်ချက်နှင့် ဆိုခဲ့မှန်း သူ ရိပ်မိတော့သည်။ ဘာရယ်မဟုတ် သူမကို ဖျတ်ခနဲ ကြည့်မိတော့ သူမက သူမ မဟုတ်သလိုပင် ချိုချိုမြမြကလေး ပြုံးပြနေသည်။ ပြီးတော့ ပေါင်ပေါ်တင်ထားသော ကြွပ်ကြွပ်အိတ်ကို ဖွင့်ကာ . . .

"ကိုစွမ်းစ . . . အာလူးကြော် ဝါးမလား"

ဟု . . . မေးသည်။ သူ အာလူးကြော်တော့ ကြိုက်ပေမယ့် သူမကို ငြင်းဆန်ချင်သောစိတ်သက်သက်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းခါပြလိုက်သည်။

"ဒါဖြင့် အချဉ်ထုပ်ရော၊ မရမ်းပေါင်း၊ စလေဖီးချို"

"No thanks . . ."

သူ စွတ်ငြင်းပစ်နေရပေမယ့် အဲဒါတွေအားလုံး သူ့အကြိုက်တွေချည်းမို့ ပါးစပ်ထဲတောင် စိုလာသည်။ စားချင်ရက်နှင့် ငြင်းရသည့် ဖီလင်လောက် အောက်တာမရှိတော့ချေ။

"OK . . ."

ဟု . . . ဆိုကာ သူမက အာလူးကြော်ကို တကြွပ်ကြွပ်မြည်အောင် ဝါးနေတော့သည်။ တကြွပ်ကြွပ်အသံကကို သွားရည်ယိုစရာ။ သူ မျက်လုံးစွေကာ လှမ်းအကြည့်မှာ သူမက ဖျတ်ခနဲ လှည့်ကြည့်ပြီး သူ့ရှေ့သို့ အာလူးကြော်အိတ် လှမ်းထိုးပေးလိုက်သည်။ သူ မငြင်းမိတော့။ အာလူးကြော်၏ အရသာက သူ့လျှာထဲမှာ စွဲကျန်ရစ်ခဲ့သည်။ Rihanna ၏ သီချင်းတွေချည်း ဆက်လာနေသည်။ ပြီးတော့ . . . Umbrella သီချင်း။ ထို MTV ကို သူ တော်တော် သဘောကျမိသည်။ အာလူးကြော်ပြီးတော့ အချဉ်ထုပ်တွေ တစ်မျိုးပြီးတစ်မျိုး သူမ ကျွေးတာစားရင်း သူမကို မကြည်လင်သော စိတ်၊ အမြင်ကပ်သော စိတ်တွေ တဖြည်းဖြည်း လွင့်ပါးသွားသည်။ သူမဟာ ခင်မင်စရာ ကောင်းသော မိန်းကလေးတစ်ယောက် ဖြစ်တာကိုတော့ ငြင်း၍ မရချေ။ နောက်ဘက်ဆီမှ မေမေနှင့် အန်တီဒေါရစ်(စ်)တို့၏ ရယ်မောသံက တစ်ချက်တစ်ချက် လွင့်လာသည်။ သူ့ဖေဖေနှင့် သူမဖေဖေလည်း စကားလက်ဆုံ ကျလျက်။ သူမနှင့် သူလည်း မရည်ရွယ်ဘဲ အစားလက်ဆုံကျလျက် စကားလက်ဆုံပါ ကျလျက်ရှိလေသည်။ ထိုအဖြစ်ကို သူ ချက်ချင်းတောင် မရိပ်မိချေ။

❀❀❀





www.burmeseclassic.com

www.burmeseclassic.com



ချောင်းသာရောက်တော့ မေမေ ကြိုတင်ပြီး Reservation လုပ်ထားသည်က တဆက်တည်း တွဲရက် ဘန်ဂလို နှစ်လုံးမှာ ဖြစ်သည်။ မေမေနှင့် အန်တီဒေါရစ်(စ်) က တပူးတွဲတွဲ မခွဲမခွာ အလွမ်းသယ်၍ကောင်းဆဲ။ အဖေနှစ် ယောက်ကလည်း ဘယ်ရောက်သွားမှန်း မသိအောင်ပင် အတော် အတွဲညီနေကြသည်။ သူတစ်ယောက်တည်း ဝေါင် နေမယ့်အတူတူတော့ ညို့နှင့် အဖော်လုပ်ကာ စကားပြောရင်း ကမ်းခြေဘက် လမ်းလျှောက်ထွက်လာခဲ့သည်။ ညို့သည် ကမ်း ခြေနှင့် လိုက်ဖက်စွာ အဖြူရောင် ချည်သားဂါဝန်ရှည်ကလေး





နှင့် ဆံပင်တွေက ဖရိုဖရဲ လွင့်လျက်ရှိသည်။ သူက ပင်ေးကို သတိရမိသည်။ ပင်ေးနှင့်သူ တစ်ခါမှ ချောင်းသာသို့ အတူ မလာဖူးသေး။

"ကိုစွမ်းစ ... ရေကူးတတ်လားဟင်"

"ကူးတတ်တာပေါ့ ... ညို့လည်း ကူးတတ်တယ် မှလား"

သူမက ကလေးမလေးတစ်ယောက်လို အပြစ် ကင်းစွာ ရယ်မောလျက် ခေါင်းခါပြသည်။

"ဟင့်အင်း ... မကူးတတ်ပါဘူး ကိုစွမ်းစရဲ့၊ ဒါပေ မယ့် swiming suit တော့ လှလှလေး ဝယ်ထားတယ်၊ ခဏနေရင် ကျွန်မ ရေထဲဆင်းမလို့၊ ကိုစွမ်းစ ကျွန်မကို ရေကူးသင်ပေးနိုင်မလားဟင်"

သူမက ရိုးရိုးသားသား မျက်နှာကလေးနှင့် မေး ခြင်းဖြစ်သည်။ ကြာတွေ၊ အထာတွေ ပါပုံမရချေ။



www.burmeseclassic.com

www.burmeseclassic.com



"သင်ပေးတာပေါ့၊ ရေကူးတာ မခက်ပါဘူး၊ ပဂေးဆို ရေအရမ်းကူးတာပဲ၊ gym သွား‌သွားပြီး ကူးတယ်"

"အြော် . . . ဒါကြောင့် သူ့ body ကလေးက အရမ်းလှတာ"

ညို့၏မျက်နှာပေါ်မှာ ပဂေးအပေါ် မလိုတမာရိပ်၊ ပြိုင်ဆိုင်ရိပ်လည်း မတွေ့ရ။ သူငယ်ချင်းတစ်ယောက်အကြောင်း ပြောနေသလိုပင် ခပ်ပြုံးပြုံး။ ပဂေးကတော့ ညို့အကြောင်းပြောတိုင်း စိတ်ဆိုးမာန်ဆိုး ဖြစ်နေတတ်ကာ မျက်နှာထားကလေးပင် တင်းမာနေတတ်၏။

"ညို့ကို ကိုယ် တစ်ခုမေးမလို့၊ ပဂေးအပေါ် ညို့ ဘယ်လိုသဘောထားသလဲ၊ ကိုယ့်ရဲ့ ချစ်သူတစ်ယောက်အနေနဲ့ပေါ့"

"အမှန်အတိုင်းပြောရရင် ကျွန်မ သူ့ကို သဘောကျပါတယ်၊ ရုပ်ကလေးက အရမ်းချောပြီး body ကလည်း





အမိုက်စားကလေး၊ ကိုစွမ်းစွဲ သိပ်ချစ်မယ်ဆိုရင်လည်း ချစ်စရာပေါ့၊ ပဂေးက အရမ်းချစ်ဖို့ကောင်းတယ်"

ဟု . . . ပြန်ပြောလေသည်။ သူက သူမ တမင်များ ပြောနေသလားဟု အကဲခတ်မိတော့ သူမ၏ မျက်နှာကလေးက ကြည်ကြည်လင်လင်ကလေးပင်။ လမ်းဆက်လျှောက်လာခဲ့ကြသည်။ သူက သူနှင့်ညို့ကို မိခင်နှစ်ယောက်က သဘောတူကြည်ဖြူထားသော အဖြစ်ကို ခဏမေ့ထားလိုက်ကာ ဟိုးအရင်က ခင်မင်ခဲ့သော ညို့အဖြစ်သာ ဆက်ဆံသည်။ သူ ညို့ကို စိတ်ဆိုးနေလို့၊ မကျေမနပ်ဖြစ်နေလို့ ဘာမှ ထူးခြားလာမှာ မဟုတ်။ ညို့က အေးအေးဆေးဆေးပဲ ဖြစ်သောကြောင့် သူ့ဘက်က တစ်ယောက်တည်း ရန်ဖြစ်ချင်နေလို့ မဖြစ်။ ချောင်းသာက ပြန်လျှင် ပဂေးဆီက အဖြေရပြီးတာနှင့် နှစ်ဦးသဘောတူ လက်ထပ်လိုက်ပြီးလျှင် ပြဿနာက အလိုလို ပြီးဆုံးသွားလိမ့်မည်ဟု သူ မျှော်လင့်ထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ညို့ကို ရေကူးသင်ပေးရသော အဖြစ်သည် တော်တော် ရယ်စရာကောင်းသည်။ ညို့ ကိုရှို့ကားရားတွေ လုပ်နေသမျှကို သူမှာ ရယ်လို့ချည်း နေရသည်။ ရေကူးဝတ်စုံ ကတော့ အပျံစား။ ရေကူးဝတ်စုံဝတ်ထားပြီး ရေလုံးဝ မကူး တတ်ဘဲ ပင်လယ်ထဲ ဆင်းချင်နေသော ထိုမိန်းကလေးသည် ရှက်လည်း မရှက်ချေ။ သူ တော်တော် စိတ်ရှည်ရှည်ထားပြီး သင်ပေးရသည်။ ဆိုးတော့ မဆိုးပါ။ သိပ်အကြာကြီး မသင်ရ ဘဲ သူမ တော်တော်ကလေး ဟုတ်လာသည်။ ဟိုနားဒီနား





စတင်၍ ကူးခပ်တတ်စ ပြုလာသည်။ သူမက သွက်လည်း သွက်ကာ အတင့်လည်း ရဲသေး၏။ ရေကူးတတ်သွားသည်နှင့် ပြောမရ၊ တားမရတော့။

"ညို့ . . . သိပ်အဝေးကြီးတော့ ကူးမသွားနဲ့နော်၊ ဒီဘက်ကို ပြန်ပြန်လှည့်လာခဲ့၊ မင်း သိပ်ကူးတတ်သေး တာ မဟုတ်ဘူး"

"စိတ်ချပါ ကိုစွမ်းစရဲ့ . . . ရေကူးရတာ ဒီလောက် ပျော်စရာကောင်းမှန်းသိရင် အစောကြီးကတည်းက ရေကူးသင်ထားပါတယ် ကိုစွမ်းစရယ်"

သူမက ပြောရင်း ကူးသွားသည်။ သူလည်း ကိုယ့် ဘာသာ ကူးရင်း တစ်ချက်တစ်ချက် သူမကိုလည်း စိတ်မချ စွာ လှည့်လှည့်ရှာရသေးသည်။ ပင်လယ်ထဲမှာတ ကူးရင်း ကူးရင်းနှင့် တစ်ခါတစ်ခါ ဘယ်ဘက်ရောက်လို့ ရောက်နေ မှန်းမသိ ဖြစ်တတ်တာကို သူက သိထားသည်။ ကူးနေရင်း



www.burmeseclassic.com

www.burmeseclassic.com



သူ ညို့ကို မျက်ချည်ပြတ်သွားခဲ့သည်။ ထိတ်ခနဲ စိုးရိမ်စိတ် ဝင်သွားပြီး ညို့ ရှိနိုင်မည့် နေရာဆီ မှန်းဆပြီး ကူးခပ်သွားကာ လိုက်ရှာကြည့်သော်လည်း မတွေ့။ သူမ ဘယ်ရောက်သွားမှန်းမသိ။ ချက်ချင်း ဖျာသွားပြီး ရေငုပ်ကာ လိုက်ရှာရလေသည်။ သူမကို ချက်ချင်းရှာ၍ မတွေ့။ ပြန်တွေ့ချိန်တွင် သူမက ရေနစ်နေပြီ။ သူမ၏ ကိုယ်ကလေးကို လက်တစ်ဖက်က ပွေ့ယူလျက် သူ ကမ်းစပ်ဆီ ပြန်ကူးလာခဲ့သည်။ ထင်သည့်အတိုင်းပင် သူမ အကြောက်အလန့် မရှိ ကူးကောင်းကောင်းနှင့် ကူးသွားခဲ့သည်မှာ ကမ်းစပ်နှင့် တော်တော်ဝေးဝေးထိ ရောက်သွားခြင်းဖြစ်၏။

ကမ်းစပ်ရောက်တော့ သတိလစ်နေသော သူမကို ပခုံးပေါ်ထမ်းလျက် ရေတွေ အန်ထွက်သွားအောင် အရင် လုပ်ရသည်။ ပြီးတော့မှ သဲပြင်ပေါ်မှာ ပက်လက်ကလေး ချထားလိုက်ကာ သူမကို mouth to mouth respiration





လုပ်ပေးရသည်။ ပထမတော့ ကိုယ့်ဇာနှင့်ကိုယ်မို့ သတိမထားမိခဲ့။ သူမ သတိရပြီး ထထိုင်လိုက်ချိန်မှာ သူ့ကို လှမ်းကြည့်လိုက်သော သူမ၏ မျက်ဝန်းများနှင့် ဆုံမိခိုက်မှာ သူမ၏ နှုတ်ခမ်းကလေးဆီ အမှတ်မထင် လှမ်းကြည့်လိုက်မိစဉ်မှာ သူ့ရင်ထဲသို့ တစ်ခုခု စီးဝင်လာသလို ခံစားလိုက်ရခြင်းဖြစ်သည်။ ရှိန်းမြလူးလွန့်သော နူးညံ့သိမ်မွေ့သော ဓာတ်စီးကြောင်းတစ်ခု ဖြတ်စီးသွားသလိုပင်။

"ကျေးဇူးတင်ပါတယ် ကိုစွမ်း၊ ကျွန်မ ရေနစ်သွားမှန်းသိလိုက်တယ်၊ ဘာဖြစ်သွားမှန်းကို မသိတော့ဘူး၊ ဘာလုပ်ရမှန်းလည်း မသိတော့ဘူး၊ ကြောက်လိုက်တာလည်း အရမ်းပဲ"

ညို့၏ မျက်နှာကလေးက တစ်ခုခု ဖြစ်နေသည်။ ပန်းသွေးကလေး ပြေးနေကာ နှုတ်ခမ်းကလေးက ပြုံးလိုက်တော့မယောင် တစ်မျိုးလေးဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက အတင့်ရဲလွန်းတာကိုး ညှို့ရဲ့၊ အခုမှ ကူးတတ်ကာစ ရှိသေးတယ်၊ စွတ်ကူးသွားတာကိုး၊ ကိုယ်လည်း ပျာသွားတာပဲ၊ မင်း တစ်ခုခု ဖြစ်သွားရင် မင်း မေမေကို ကိုယ် ပြန်လျော်ပေးနိုင်မှာ မဟုတ်ဘူးကွ"

ညှို့က ပြုံးရုံသာ ပြုံးနေသည်။

"ကဲ မင်းလမ်းလျှောက်နိုင်ရဲ့လား၊ ပြန်နားလိုက်တော့နော်၊ ကိုယ်လည်း ပြန်တော့မှာ"

"ဟုတ်ကဲ့ ကိုစွမ်းစ . . ."

သူတို့နှစ်ယောက် ဘန်ဂလိုဆီသို့ ပြန်လျှောက်လာခဲ့ကြသည်။ ညှို့က ထူးထူးခြားခြားငြိမ်သက်နေသည်။ သူလည်း ဘာမှမပြောမိ။ နူးညံ့ချိုမြသော သူမ၏ နှုတ်ခမ်းကလေး၏ အထိအတွေ့ကို ဖျတ်ခနဲ စဉ်းစားလိုက်မိတော့ သူ့ရင်ထဲ ပူနွေးသွားလေသည်။ ဟင့်အင်း။ မတွေးနဲ့တော့။ အဲဒီအကြောင်းထပ်တွေးစရာကိုအကြောင်းမရှိတော့ဘူးဟု သူ့ကိုယ်





သူ စိတ်တိုစွာ တွေးမိသည်။ ထိုညက မိသားစုနှစ်စုညစာစားကြစဉ်မှာ သူမက သူမရေနစ်သည့်အကြောင်း ပြောပြလိုက်သည်။ လူကြီးတွေစိုးရိမ်စိတ်ပူကာ တစ်ယောက်တစ်ခွန်းဘာတွေပြောကြမှန်းမသိ ဆူညံသွားလေသည်။ ဘာမှမပြောဖြစ်သူဆိုလို့ သူတစ်ယောက်တည်းသာရှိ၏။

www.burmeseclassic.com



ညက တော်တော် ညည့်နက်နေပြီ။ သူအိပ်လို့ မပျော်နိုင်သေး။ ပဂေးဆီသို့လည်း ဖုန်းဆက်ပြီးပြီ။ ပဂေးက တော့ သူတို့မိသားစုသုံးယောက်တည်းဟု ထင်နေသည်။ သူက လည်း ညို့အကြောင်းကို မပြောမိ။ တမင်သက်သက်ကို လျှို့ ဝှက်ထားခြင်းဖြစ်သောကြောင့် သူ့စိတ်ကပို၍ မလုံခြုံ။ ဒီနေ့ အဖြစ်အပျက်ကြောင့် လိပ်ပြာလည်းမသန့်ချေ။ ထိုအကြောင်း တွေးဆဲ ဂစ်တာသံသဲ့သဲ့က သူ့နားထဲသို့ တိုးဝင်လာခဲ့သည်။ အဲဒါ ညို့ရဲ့ ဂစ်တာသံပဲဆိုတာ အငြင်းပွါးစရာ မလို။ ကိုယ့်





လိုပဲ အိပ်မပျော်နိုင်သူတစ်ယောက် ရှိနေပါလားဟု အားတက် သွားကာ အိပ်ရာကနေ ဖျတ်ခနဲ ထလာခဲ့သည်။ မသွားသင့် ဘူးဟု ဆင်ခြင်စိတ်က ဖျတ်ခနဲ ဝင်လာသေးသော်လည်း ခြေလှမ်းများက အလိုအလျောက် လှမ်းနေမိရက်သား ဖြစ် သည်။

ထင်သည့်အတိုင်း ညို့က သူမတို့ ဘန်ဂလို၏ လသာဆောင်ကလေးမှာထိုင်ရင်း ဂစ်တာတီးနေခြင်းဖြစ် သည်။ သီချင်းတော့ မဆိုပါ . . .။ သို့သော် သံစဉ်ကို နား ထောင်လိုက်ရုံဖြင့် အဲဒါဟာ Rihanna ၏ I hate that I love you သီချင်းမှန်း သူ သိသည်။

"အိပ်လို့မပျော်ဘူးလား ကိုစွမ်းစ . . . လာလေ . . . ထိုင်"

သူ့ကိုမြင်တော့ သူမက လှမ်းခေါ်သည်။ သူမ ဘေးမှာ သူ ဝင်ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လေတွေ အရမ်းတိုက်နေတယ်၊ မအေးဘူးလား ညို့"

"အနွေးထည် ဝတ်ထားသားပဲ၊ မအေးပါဘူး ... ကိုစွမ်းစ ဂစ်တာတီးတတ်လားဟင်၊ တစ်ပုဒ်လောက် တီးပြီး ဆိုပြပါလား၊ ကျွန်မ နားထောင်ချင်လို့"

သူမက ဂစ်တာလှမ်းထိုးပေးနေသဖြင့် သူ လှမ်းယူလိုက်ရသည်။ ဘာသီချင်းဆိုရမှန်းမသိ။ နောက်တော့ သူ သီချင်းတစ်ပုဒ်ကို ဖျတ်ခနဲ သတိရသွားသည်။ WESTLIFE ၏ "Flying Without Wings" ဆိုသော သီချင်းကလေး ဖြစ်သည်။ ခုအချိန်မှာ ထိုသီချင်းကလေးကို သူ ဘာကြောင့် ဆိုချင်နေမိမှန်း မသိချေ။

*Everybody's looking for that something*

*One thing that makes it all complete*

*You'll find it in the strangest places*

*Places you never knew it could be*





*Some find it in the face of their children*

*Some find it in that their lover's eyes*

*Who can deny the joy it brings*

*When you've found that special thing*

*You're flying without wings*

*Some find it sharing every morning*

*Some in their solitary lives*

*You'll find it in the words of others*

*Some in their solitary lives*

*You'll find it in the words of others*

*A simple line can make you laugh or cry*

*You'll find it in the deepest friendship*

*The kind you cherish all your life*

*And when you know how much that means*



www.burmeseclassic.com

www.burmeseclassic.com



*You've found that special thing*

*You're flying without wings*

သီချင်းကလေးထဲမှာ သူ စိတ်ပါလက်ပါပင် စီးမျောရှာန်ဝင်စားစွာ သူ ဆိုဖြစ်သွားသလို ညို့ဆီကလည်း အသက်ရှူသံပင် မကြားရလောက်အောင် တိတ်ဆိတ်ခြင်းမျိုးဖြင့် သူ့ကို ငေးကြည့်နားထောင်နေခဲ့လေသည်။ သီချင်းဆုံးသွားချိန်မှာ ညို့က လက်ခုပ်ဖွဖွတီးကာ . . .

"အရမ်းကောင်းတာပဲ ကိုစွမ်းစရယ် . . . ကျေးဇူးတင်ပါတယ်၊ ဒီသီချင်းကလေးနဲ့ ဒီ moment ကလေးကို ကျွန်မ အမြဲ သတိရနေတော့မှာ"

ဟု . . . တိုးတိုးကလေး ပြောသည်။

"ကိုယ် မင်းနဲ့ အမြဲတမ်း သူငယ်ချင်းတွေပဲ ဖြစ်ချင်တယ် ညို့ရယ်၊ ကိုယ် မပေးနိုင်တဲ့ အရာတစ်ခုခုကို မင်း ဆုတောင်းမိရင် မင်းပဲ စိတ်မချမ်းမသာ ဖြစ်ရလိမ့်





မယ်၊ ကိုယ် ပင်ဂေးကို အရမ်းချစ်တယ်ဆိုတာကို မင်း ဘယ်တော့မှ မမေ့စေချင်ဘူး"

"ဟုတ်ကဲ့အင်း . . . ကျွန်မ ဘယ်တော့မှ မမေ့ပါဘူး၊ အချစ်အကြောင်း မဆွေးနွေးချင်သေးဘူး ကိုစွမ်းစရယ်၊ ကောင်းသောညပါ . . . ကျွန်မ သွားအိပ်တော့မယ်၊ ကျွန်မရဲ့ အသက်ကို ကယ်ပေးခဲ့တဲ့အတွက်ရယ်၊ အခု ဆိုပြတဲ့ သီချင်းကလေးအတွက်ရယ် နောက်တော့မှပဲ ကိုစွမ်းစကို ကျေးဇူးပြန်ဆပ်တော့မယ်နော်၊ good night"

"good night . . . ညို့"

သူ ပြန်ထွက်လာခဲ့သည်အထိ ညို့ဘက်မှ လှုပ်ရှားသံ မကြားရတာမို့ သူ ဖျတ်ခနဲ ပြန်လှည့်ကြည့်လိုက်မိသည်။ ခပ်နွဲ့နွဲ့ မတ်တပ်ရပ်လျက်သားကလေးဖြင့် သူ့ကို ငေးကြည့်နေခဲ့သော ညို့၏ အရိပ်ကလေးကို အမှောင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



သူ မြင်လိုက်ရပါသည်။ သူမ ညှို့တတ်တယ်ဆိုတာကို သူ ဘာဖြစ်လို့ မေ့လျော့သွားခဲ့မိမှန်း မသိပါ။

❖❖❖



## အခန်း ... ၉

ခေါင်းသာက ပြန်ရောက်ရောက်ချင်း သူ အပြေးအလွှား သွားမိသည်မှာ ပဂေးဆီသို့ဖြစ်သည်။ ပဂေးကို လွမ်းလည်းလွမ်းသည်၊ တဆက်တည်းမှာလည်း သူ့ကိုယ်သူ အပြစ်ရှိသူတစ်ယောက်လို ခံစားနေရသည်။

"စွမ်းစရယ် ... ပဂေး လွမ်းလိုက်တာ၊ အဲဒီ စနေဟာနက်ခွေနှစ်ရက်မှာ ပဂေး ကိုယ့်ကိုယ်ကို ပိုသိသွားတယ်၊ စွမ်းစမရှိဘဲ ပဂေး မနေနိုင်ဘူး၊ မနေတတ်ဘူး သိလား ...၊ စွမ်းစမပါတဲ့ ခရီးရှည်ကြီးကို ပဂေးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်း ဘယ်လိုမှ လျှောက်နိုင်မှာ မဟုတ်ဘူးဆိုတာ ဒီနှစ်ရက်မှာ သေချာသွားတယ်၊ စွမ်းစကို ပဂေး လက်ထပ်မယ် . . . သီလား၊ သာတာတွေ၊ နာဟာတွေ၊ ရှုံးတာတွေ၊ နိုင်တာတွေ ပဂေး မတွေးချင်တော့ဘူး၊ စွမ်းစကို အဆုံးရှုံး မခံနိုင်တော့ဘူး၊ ကျွန်မကို လက်ထပ်ထားရအောင်"

ပဂေးသည် ထိုစကားတွေကို အသက်မရှူစတမ်းပင် မရပ်မနား ပြောနေလေသည်။ သူ့ ဝမ်းသာတက်ကြွစွာ ရင်တွေ တအားခုန်လာသည်။ ပဂေး၏ လက်ကလေးနှစ်ဖက်ကို ခပ်တင်းတင်း ဆုပ်ကာ သူ့ရင်ဘတ်ဆီမှာ အပ်ထားလိုက်ရင်း . . .

"ကိုယ် ပျော်လိုက်တာ ပဂေးရယ်၊ မနက်ဖြန် ကိုယ်တို့ တရားရုံးမှာ သွားလက်ထပ်ကြမယ်နော် ပဂေး၊ ပဂေးဘက်က လိုအပ်တာတွေ အဆင်သင့် ပြင်ထားလိုက်၊





ကိုယ် ပဂေးကို လာခေါ်မယ်"

ဟု . . . တက်ကြွထက်သန်နေသော အသံဖြင့် ဖြေလိုက်သည်။ ပဂေးက ပြုံးလျက်ရှိသည်။ သူမ၏ အပြုံးက သေချာသော ဆုံးဖြတ်ချက်တစ်ခု ချထားပြီးသော အပြုံးဖြစ်သည်။ သူက အိတ်ထဲမှာ အဆင်သင့်ထည့်ယူလာခဲ့သော ကတ္တီပါဗူး ပြာပြာကလေးကို ပဂေး၏လက်ထဲသို့ လှမ်းထည့်ပေးလိုက်သည်။ ပဂေးက ပြုံး၍ ခေါင်းခါပြရင်း သူမ၏ လက်ဖမိုးကလေးကို သူ့ရှေ့မှာ ဆန့်တန်းပေးလိုက်သည်။ သူက ဗူးထဲမှ စိန်လက်စွပ်ကလေးကို သူမ၏ လက်သူကြွယ်ကလေးမှာ အသာအယာ စွပ်ပေးလိုက်လေသည်။

"မနက်ဖြန် ကိုယ်လာခေါ်မယ်နော် . . . ပဝေး"

"ပဂေး အဆင်သင့် စောင့်နေမယ် စွမ်းစ . . . စိတ်ချ၊ ဘာအကြောင်းနဲ့မှ ပဂေး စိတ်မပြောင်းတော့ပါဘူး"

အခုမှပဲ သူ့ရင်ထဲ ရှင်းလင်းကြည်လင်စွာ စီပြ



www.burmeseclassic.com

www.burmeseclassic.com



ချလက်ချ ပျော်ရွှင်နိုင်တော့သည်။ မေမေ့ကိုတော့ ရင်ဆိုင်ရလိမ့်မည်။ မေမေနှင့် ဘယ်တုန်းကမှ အတိုက်အခံ မဖြစ်ခဲ့ဖူးသောကြောင့် မေမေ စိတ်အနှောင့်အယှက် ဖြစ်သွားမှာ၊ စိတ်ဆင်းရဲ ထိခိုက်သွားမှာ၊ သူ့ကို စိတ်ဆိုးသွားမှာ . . . အဲဒါတွေကိုတော့ သူ တွေးပြီး ကြောက်မိသေးသည်။ မေမေ့ကို ဘယ်လိုစကားမျိုးနှင့် အညင်သာဆုံး ဆန့်ကျင်ရမှာပါလိမ့်။ ခု လောလောဆယ် သူ စဉ်းစားမိသောစကားကတော့ ရိုးရိုးကလေးပဲဖြစ်သည်။ အတတ်နိုင်ဆုံးတော့ မေမေ့ရဲ့ နာကျင်မှုကို ပေါ့နိုင်သ၍ ပေါ့စေအောင်ပေါ့။

"သားချစ်သူနဲ့ သား နှစ်ဦးသဘောတူ လက်ထပ်ပြီးကြပြီ မေမေ . . ."

ဟူ၍ ဖြစ်သည်။



သူက တစ်ခါမှ မဝတ်စဖူး စတစ်ကော်လာ ရှပ်လက်ရှည်နှံ့သာရောင်ဖျော့ဖျော့ကို ရှားညိုရောင် ပိုးဖျော့ပုဆိုးဖြင့် တွဲဝတ်ခဲ့သည်။ ပဂေးက ခရင်(မ်)ရောင် ဇာရင်ဖုံးလက်ပြတ်ကလေးနှင့် ထမီဝမ်းဆက်ကို ဝတ်ထားသည်။ သွယ်လျကျော့ရှင်းသော လည်တိုင်မှာ ပုလဲလည်ဆွဲကလေး တစ်တန်းတည်း ခပ်ရှင်းရှင်း ဆွဲထားသည်။ သူတို့နှစ်ယောက် လက်ထပ်ဖို့ သွားမည်ဆိုတာကို ဘယ်သူမှ မရိပ်မိကြ။

"အရမ်းလှတယ် ပဂေးရယ် . . ."



www.burmeseclassic.com

www.burmeseclassic.com



သူက ပဂေးကို ကားတံခါးဖွင့်ပေးရင်း မြတ်နိုးနှစ်သိမ့်စွာ ပြောမိသည်။ ပဂေးက ပြုံးကာ . . .

"နောက်တစ်နာရီလောက်ဆို အဲဒီ အလှပဂေးလေးကို မောင်ပိုင်ပြီရှင့် . . ."

ဟု . . . ကြည်နူးရွှင်ပျသံကလေးနှင့် ပြန်ဖြေသည်။

"တရားရုံးကိုပဲ တန်းမောင်းမယ်နော် ပဂေး"

"အင်းလေ . . . ၊ ပဂေး ရင်တွေ အရမ်းခုန်နေတယ် သိလား၊ ညက တစ်ရေးမှ အိပ်လို့မပျော်ဘူး၊ ရင်တွေခုန်နေတာ"

"ကိုယ်ရောပဲ . . . ဒီနေ့အကြောင်းကို ကြိုတွေးပြီး စိတ်ကူးယဉ်နေတာ၊ လက်ထပ်ပြီးရင် ပဂေးရဲ့ သူငယ်ချင်းတွေနဲ့ ကိုယ့်သူငယ်ချင်းတွေကို Kandawgyi Palace မှာ လိုက်ကျွေးမယ်လေ၊ သူတို့ကို ကြိုပြော





မထားနဲ့၊ Surprise ပေါ့ . . ."

သူက ကားမောင်းရင်း CD-Player ထဲမှ ခွေကလေး ဒီအတိုင်းပဲ အမှတ်တမဲ့ လှမ်းဖွင့်လိုက်သည်။ ဘယ်လောက်ပဲ တိုက်ဆိုင်နိုင်လွန်းသည်မသိ။ Rihanna ၏ I hate that I love you သီချင်းပဲ ဆိုက်ဆိုက်မြိုက်မြိုက် ထွက်ပေါ်လာသည်။ ပဂေးက ချက်ချင်းပဲ လှမ်းပိတ်ပစ်လိုက်၏။ ဘာမှတော့ မပြောပါ။ ဒီလိုအချိန်မျိုးမှာ ပဂေးကို သူ ဘယ်လိုအကြောင်းနှင့်မှ စိတ်အနှောင့်အယှက် မဖြစ်စေလိုပါ။ ခဏနေတော့ ပဂေး၏ clutch အိတ်ရှည်ရှည်ကလေးထဲမှ ဖုန်းမြည်သံကလေး ထွက်လာသည်။ ပဂေးက သူ့ကို လှည့်ပြုံးပြရင်း ဖုန်းဖြေလိုက်သည်။

"ဟယ်လို . . . အေး . . . အိ . . . ပြော"

ပဂေး၏ အသံကလေးက ချိုနေသည်။ တစ်ဖက်က ပဂေး၏ သူငယ်ချင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပဂေး ရှင့်ကို ပြောစရာရှိတယ် . . ."

"အေး . . . အိ . . . ပြော"

ပဂေး ဒီနေ့လက်ထပ်မည့်အကြောင်းကို အနီးကပ်ဆုံး သူငယ်ချင်းတွေကိုပင် ပြောမထားခဲ့။

"ရှင့်လူအကြောင်း ရှင် ဘာတွေသိထားသလဲ ပဂေး"

"ဘာကို သိရမှာလဲ အိရဲ့ . . ."

"သူ ရှင့်ကို လိမ်နေတယ် ပဂေး၊ ရှင့်နောက်ကွယ်မှာ သူ ဒိုင်လျှိုကလေး လှုပ်ရှားနေတာ ရှင် မသိဘူးမှလား"

ပဂေး မျက်မှောင်ကလေးကြုတ်သွားသည်။

"ဘာတွေ လှုပ်ရှားနေတာလဲ . . ."

"ဒီ weekend မှာ ကျွန်မတို့မောင်နှမတွေ အစီအစဉ်မရှိဘဲ ဖြုန်းစားကြီး ချောင်းသာရောက်သွားကြတယ်၊ အဲဒီမှာ ဘယ်သူနဲ့ တွေ့ခဲ့တယ်မှတ်လဲ"

"အဲဒါ ကျွန်မ သိပြီးသား အိ၊ သူ သွားမယ်ဆိုတာ





ကျွန်မကို ပြောတယ်"

"သေချာရဲ့လား ပဂေး၊ ဘယ်သူနဲ့လို့ ပြောသလား"

"အင်း . . . သူ့မိသားစုနဲ့လေ"

"နိုးဝေး . . . အဲဒါ ရှင့်ကို လှလှပပလေး လှည့်စားထားတာ၊ သူတို့မိသားစုနဲ့အတူ ညို့ကဝေတို့ မိသားစုလဲ ပါတယ်၊ သူက ကျွန်မကို မမြင်ပါဘူး၊ သတိလည်းမထားမိဘူး၊ ဘယ် သတိထားမိမလဲ၊ ညို့ကဝေနဲ့ အပြတ်ကို အီနေတာ၊ တကယ့်ကို Love scene ရိုက်နေတဲ့အတိုင်းပဲ၊ ကျွန်မလေ စိတ်ဆိုးလိုက်တာ . . . သူ့ကို ပြေးပြီးတော့ ရန်တွေ့ပစ်လိုက်ချင်တာ အရမ်းပဲ၊ သူတို့ ပုံစံက အရမ်း ရင်းနှီးနေသလိုပဲ ပဂေး၊ သူက ညို့ကဝေကို ရေးကူးတွေဘာတွေ သင်ပေးနေတာ တကယ့် သမီးရည်းစားတွေအတိုင်းပဲ၊ နောက်တော့ အဲဒီ ညို့ကဝေ ရေနစ်တယ်လေ၊ ကျွန်မ သူတို့ကို



www.burmeseclassic.com

www.burmeseclassic.com



mobile နဲ့ video ခိုးရိုက်ထားတယ်၊ ရှင့်ဆီ အခု လှမ်းပို့လိုက်မယ်"

ပဂေးရင်ထဲမှာ ဘယ်လိုဖြစ်သွားမှန်းကို မသိ။ ထုံကျဉ်ပြီး စူးစူးရှရှကို နာကျင်သွားခြင်းဖြစ်သည်။ ခဏနေတော့ အဲ လှမ်းပို့လိုက်သည့် ပုံတွေ ပဂေး၏ mobile ထဲ ရောက်လာသည်။ ထိုပုံတွေကို အမြင်မှာ ပဂေးမျက်လုံးထဲ ဘာမှ မမြင်တော့။ ဒေါသတွေ အလုံးအရင်းနှင့် ဆောင့်ဝင်လာကာ ပြာနှမ်းသွားတော့သည်။

"လက်စသတ်တော့ ရှင်က လေ့နှစ်စင်းကို တပြိုင်နက်တည်း လှော်နေတာကိုး စွမ်းစရဲ့ . . . ဟင်၊ ရှင်ကျွန်မကို ဘာတွေ လှည့်စားထားသလဲ၊ ဘာဖြစ်လို့ လိမ်ခဲ့တာလဲ . . . ဟမ်"

ပဂေးသည် လက်ထဲက ဖုန်းဖြင့် သူ့ခေါင်းဆီ လှမ်းပစ်ပေါက်လိုက်မိသည်။ ဖုန်းက သူ့နားထင်စောင်း တည့်





တည့်ဆီ သွား၍မှန်သည်။

"ဘာတွေဖြစ်လို့လဲ ပဂေးရယ်၊ ဘယ်သူက ဘာပြောလိုက်လို့လဲ"

"ခုချက်ချင်း ကားကိုရပ် . . . တော်ပြီ၊ ရှင့်လောက် လိမ်တတ် ညာတတ်တဲ့ လူစားမျိုးကို ဘယ်လိုမှ လက်ထပ်စရာအကြောင်း မရှိတော့ဘူး၊ ခုကတည်းက လိမ်နေတဲ့လူ၊ တစ်သက်လုံးလည်း လိမ်နေမှာပဲ . . . တောက် . . . ပြောနေတာ မကြားဘူးလား . . . ကားကို အခုရပ်"

ပဂေးသည် မျက်ရည်များဖြင့် ဒေါသတကြီး ပေါက်ကွဲစွာ အော်ဟစ်ပစ်လိုက်သည်။

"ပဂေးရယ် . . . ပလိ(စ်)၊ စိတ်ကို လျှော့လိုက်စမ်းပါ၊ ကိုယ် ဘာလိမ်မိလို့လဲ၊ အဲဒါကို ကိုယ် အေးအေးဆေးဆေး ဖြေရှင်းပြလို့ရပါတယ်၊ အဲဒီလောက် ဒေါသ



www.burmeseclassic.com

www.burmeseclassic.com



မကြီးနဲ့ကွာ၊ နော် . . . "

"မလိုချင်ဘူး . . . ရပ်ဆို အခုရပ်၊ ရှင့်မျက်နှာကို ကြည့်ကို မကြည့်ချင်တော့တာ၊ ယုတ်မာလိုက်တာ၊ ဟို မိန်းမနဲ့ honey moon ထွက်ပြီးတော့မှ ကျွန်မကို အလိမ်အညာ မုသားတွေနဲ့ လက်ထပ်ဖို့ ကြိုးစားသေးတယ်၊ ရှင့်ကို ကျွန်မ မုန်းတယ် . . . သီလား စွမ်းစ၊ သစ္စာမရှိတဲ့လူ၊ ရှေ့တစ်မျိုး ကွယ်ရာတစ်မျိုး မာယာတွေများတဲ့လူ၊ ရပ် . . . ကားကို၊ ဘာတရားရုံးမှ မသွားတော့ဘူး၊ ရှင်နဲ့ကျွန်မ ပြတ်ပြီ"

ပဂေးသည် အော်ဟစ်ရင်း သူ့ကိုလည်း ထုရိုက်ကုတ်ဖဲ့ပစ်မိသည်။ သူ ကားမောင်းနေတယ်ဆိုတာကို သတိမရတော့။ လှည်းတန်းမီးပွိုင့်ကို အရောက်မှာ သူက မီးနီကို မရပ်မိဘဲ ဆက်မောင်းထွက်ခဲ့သည်။ ဖွန်းသံတွေ ဆူညံသွားကာ တစ်ဖက်ကနေ ထွက်လာပြီဖြစ်သော ကားတစ်စီးက ပဂေး





ဘက်ခြမ်းဆီသို့ အရှိန်ပြင်းစွာ ဝင်လာသည်။ ပဂေးသည် မျက်လုံးစုံမှိတ်ကာ ကြောက်လန့်တကြားအော်ဟစ်လိုက်မိသည်။ ကားချင်းတိုက်မိသံသည် နားထဲမှာ ကျယ်လောင်စွာ မြည်ဟည်းသွားလျက် ပဂေး တစ်ကိုယ်လုံးလည်း နာကျင်မှုတို့ဖြင့် ဖုံးအုပ်သွားသည်။ နောက်ဆုံးသတိရနေချိန်အထိ ပဂေး သူ့ကို မုန်းတီးစိတ်ဆိုးနေဆဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအဖြစ်ကို သူ ဘယ်လိုမှ မမျှော်လင့်ခဲ့ပါ။ ကား accident ကြောင့် သူက ဘာမှ သိပ်ဒဏ်ရာမရလိုက်ဘဲ ပဂေးကသာ အပြင်းအထန်ထိခိုက်နာကျင်ကာ ဆေးရုံသို့တန်း၍ပို့လိုက်ရသည်။ ကျောရိုးရှိ နှာဗ်ကြောကလေးတချို့ ထိခိုက်မိသွားသည် ဟု ဆရာဝန်ပြောပြသမျှကိုသာ သူ သိခွင့်ရသည်။ ပဂေးကသူ့ကို လုံးဝအတွေ့မခံပါ။ ဤမျှ မြန်ဆန်သောအပြောင်းအလဲအတွက်သာ သူ့မှာ မယုံနိုင်လောက်အောင် နာကျင်တုန်လှုပ်စွာအံ့သြရသည်။ ပဂေးနှင့် တွေ့ခွင့်ရဖို့ သူ အကြိမ်များစွာ၊ ပုံသဏ္ဍာန်များစွာဖြင့် ကြိုးစားခဲ့သည့်တိုင် မအောင်မြင်ပါ။ နောက်ဆုံးကြားရသော သတင်း





အရ ပဂေးသည်နှာဗ်ကြောကလေးများထိခိုက်သွားမှုကြောင့် ကိုယ်အောက်ပိုင်းမလှုပ်နိုင်တော့ဘဲ wheel chair ဖြင့်သာ သွားလာနိုင်တော့သည်ဟု ဆိုပါသည်။

တစ်ရက်မှာတော့ ပဂေး၏အိမ်ကို သူ မရအရ တွေ့ဖို့ ကြိုးစားခဲ့သည်။ သူ့ကိုမြင်တော့ ပဂေးသည် နာနာကြည်းကြည်း စိုက်ကြည့်ကာ . . .

"နောက်တစ်ခါရှင် ကျွန်မကိုထပ်တွေ့ဖို့ကြိုးစားရင် ကျွန်မ ကိုယ့်ကိုယ်ကို အဆုံးစီရင်ပစ်လိုက်မယ် စွမ်းစ၊ ကျွန်မကို မလုပ်ဘူးလို့မထင်နဲ့၊ ရှင်စမ်းကြည့်လိုက်လေ၊ ကျွန်မဘဝက ရှင်ရက်နဲ့သေသွားခဲ့ပြီ၊ အဲဒါရှင့်ကြောင့်ပဲ၊ ရှင် ကျွန်မရဲ့ဘဝကို အရှင်လတ်လတ်သတ်ပစ်ခဲ့တာ၊ သိလား၊ ရှင့်ကို ကျွန်မ မျက်နှာမကြည့်ချင်လောက်အောင်ကို မုန်းတယ်၊ ရှင့်အသံလည်း မကြားချင်ဘူး၊ ကျွန်မ ဘဝတစ်ခုလုံးထဲကနေ ရှင် အပြီးအပိုင်ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားပေးပါ၊ ရှင်မထွက်လည်း ကျွန်မကာ အပြီးအပိုင် ထုတ်ပစ်လိုက်ပြီးသား၊ ကျွန်မဘဝမှာ စွမ်းစဆိုတဲ့ လူတစ်ယောက် ဘယ်တော့မှ မရှိတော့ဘူး၊ ရှင့်ကို နောက်တစ်ကြိမ် ထပ်တွေ့ရရင် ကျွန်မ ကိုယ့်ကိုယ်ကို အသတ်ပဲ"

ဟု ပြတ်သားအေးခဲစွာပြောခဲ့လေသည်။ သူ့ကို စကားတစ်ခွန်းမှပြောခွင့်မပေး။ ရှင်းပြခွင့်လည်းမပေးခဲ့။ အရာရာသည် သူမျှော်လင့်မထားခဲ့တာတွေဖြင့် အဆုံးသတ်သွားခဲ့သည်။ ပဂေးအတွက် သူမှာ အပြစ်ရှိသလို စိတ်မလုံခြုံစွာခံစားရသည်။ သူ့ရဲ့ ထိုအဖြစ်ကို ပဂေးကလည်း ခွင့်မလွှတ်ခဲ့ပါ။



အခန်း ... ၁၀

ညို့သည် သူ့ရဲ့ ဒဏ်ရာဖြင့် နာကျင်နေသော မျက်နှာကို ရင်နင့်မောလျစွာငေးကြည့်နေမိခဲ့သည်။ ဖြစ်ပျက်သွားခဲ့သောအဖြစ်အပျက်တွေကို ညို့လည်း ပြန်ကြားရပါသည်။ လှပဂေးတစ်ယောက် ကျောင်းဆက်မတက်တော့ဘဲ အဝေးသင် ပြောင်းယူလိုက်တာကိုလည်းသိ၏။ ညို့တို့ သူမကို သတင်းသွားမေးကြပါသေးသည်။ ပဂေးဆီက ရင့်သီးပြတ်သားသော အငြင်းကိုသာရခဲ့သည်။ ညို့နာမည်ကိုတောင် မကြားချင်ပါတဲ့။ ဘာကြောင့် အဲဒီလောက်နာကျည်းသွားမှုန်း



www.burmeseclassic.com

www.burmeseclassic.com



ကို ညို့ ချက်ချင်းမသိခဲ့။ နောက်တော့မှ စွမ်းစဆီကနေ သိခွင့်ရခဲ့ခြင်း ဖြစ်သည်။ တကယ်တော့ သူ့မှာလည်း အပြစ်မရှိသလို ညို့လည်း ဘာအပြစ်မှ မကျူးလွန်ခဲ့မိပါ။ အဲ့ဒီအတွက် ပဂေးဆီက နာကြည်းမှုနှင့် ခွင့်မလွှတ်နိုင်မှုကို ရလိုက်ခြင်းသည် သိပ်တော့ မတရားလှဟုထင်သည်။ အဲဒါ ထက်ပိုပြီးတော့ မတရားသည်က သူ့ရဲ့ ဆုံးဖြတ်ချက်ဖြစ်သည်။ သူက ထိုဆုံးဖြတ်ချက်ကို ညို့ဆီမှာလည်း ပြတ်ပြတ်သားသားပင် ဖွင့်ပြောခဲ့သည်။

"ကိုယ့်မေမေကို ပြတ်ပြတ်သားသားပဲ ငြင်းပစ်လိုက်တယ် ညို့၊ ကမ္ဘာပေါ်မှာရှိတဲ့မိန်းကလေးတွေထဲက ကြိုက်တာနဲ့ပေးစားပါ . . . သားယူပါ့မယ်၊ ညို့ တစ်ယောက်တည်းကိုပဲ သား လက်မခံနိုင်တာပါလို့"

ဟူသော စကားကို ကြားလိုက်ရစဉ်က ညို့နားထဲ ခါးသက်သွားကာ ထိုအခါးဓာတ်က နှလုံးသားဆီအထိ ထုတ်





ချင်းခတ်ကူးစက်သွားလေသည်။

"ကိုစွမ်းစ ကျွန်မကိုတော်တော်မုန်းနေတာပေါ့နော်"

ဟု ခါးသက်စွာပြန်မေးမိသည်။

"သူ့ဆီက အမုန်းစကားကို မကြားရပါစေနဲ့ကွယ်"

ဟု ကျိတ်ပြီးဆုတောင်းလိုက်မိဆဲ သူက နှုတ်ခမ်းတင်းတင်းစေ့ကာ ညို့ကို ကြည့်နေသည်။ စွမ်းအင်တစ်ခုခုကို တွန်းကန်ဖို့အတွက် အရှိန်ယူအားယူနေသလိုမျိုးဟုထင်ရပါသည်။

"အင်း . . . မုန်းတယ်၊ ညို့ကြောင့် ကိုယ့်ဘဝမှာ သိပ်ဆိုးတဲ့ အပြောင်းအလဲတွေ ဖြစ်သွားခဲ့ရတယ်၊ ကိုယ့်ချစ်သူ ကို ဆုံးရှုံးလိုက်ရတယ်၊ ကိုယ့်တစ်သက်မှာ မေမေ့ရဲ့ ဆန္ဒကို ငြင်းဘူးတာ ဒါ ပထမဆုံးအကြိမ်ပဲ၊ မေမေ ကိုယ့်ကြောင့် စိတ်မကျေမချမ်း ဖြစ်ရတာ၊ စိတ်ထိခိုက် နာကျင်ရတာလဲ ဒါ ပထမဆုံးပဲ၊ မေမေ့



www.burmeseclassic.com

www.burmeseclassic.com



စကားကို ကိုယ် အမြဲတမ်း အလေးအနက်ထားခဲ့တယ်၊ မေမေ့စကား မှန်သမျှ ကိုယ့်အတွက် အမိန့်တစ်ခုလိုပဲ တသဝေမ တိမ်းလိုက်နာစရာလို့ မှတ်ယူနာခံခဲ့တာ၊ မေမေ ကိုယ့်ကြောင့် စိတ်မချမ်းမသာ ဖြစ်အောင် ကိုယ် ဘယ်တုန်းကမှ မလုပ်ခဲ့ဖူးဘူး၊ မင်းနဲ့ ပတ်သက်လို့ပဲ မေမေ့ကို ကိုယ် အမုန်းခံပြီး ငြင်းပစ်ခဲ့တာ မင်းကို မုန်းလို့က လွဲလို့ ဘာများ ဖြစ်နိုင်ဦးမလဲ"

သူက လုံးဝ မပြုံးရယ်သော၊ မချိုမြိန်သော မျက်နှာထားတည်တည်ဖြင့် ထိုစကားတွေကို ရက်ရက်စက်စက် ပြောနိုင်ခဲ့ခြင်းဖြစ်သည်။ သူ အဲဒီလောက် ပြောနိုင်ရက်လိမ့်မယ်လို့တောင် မထင်ခဲ့။ ညို့သည် သူ့မျက်လုံးတွေကို ရင်ဆိုင်ဖို့ သိပ်ဝန်လေးသွားခဲ့သောကြောင့် မျက်လုံးအကြည့်ကို လွှဲပစ်လိုက်ကာ . . .

"ခုလို ပွင့်ပွင့်လင်းလင်း သိခွင့်ရတာအတွက် ကျေးဇူး





တင်ပါတယ် ကိုစွမ်း၈၊ ကျွန်မကတော့ ရှင့်ကို မမုန်းပါဘူး၊ မေမေ့ကိုလည်း မငြင်းပါဘူး၊ တစ်ခုတော့ ရှိတယ်၊ ကျွန်မတောင်းတဲ့ဆု တစ်ဆု ပြည့်ဖို့အတွက် တစ်ခါတစ်ခါ ချက်ချင်းလည်း ဖြစ်နိုင်သလို၊ တစ်ခါတလေကျတော့လည်း ရက်နဲ့လနဲ့ချီပြီးတော့ ကြာတတ်ပါတယ်၊ တချို့ဆုတွေဆိုရင် နှစ်နဲ့ချီပြီးတော့ ကျွန်မတောင်မေ့လောက်ရှိမှ ပြည့်တတ်တာမျိုးလေ"

"ဪ . . . မင်းက ခုချိန်ထိ မလျှော့သေးဘူးပေါ့၊ ကောင်းပြီ . . . ကိုယ် အပြတ်သားဆုံး ပြောခဲ့မယ် နော်၊ မင်း ကိုယ့်ကို ဘယ်တော့မှ မျှော်လင့်မနေနဲ့တော့၊ မင်း တောင်းတဲ့ဆုဟာ ကိုယ် ဖြစ်ခဲ့မယ်ဆိုရင် အဲဒီဆုဟာ မင်းအတွက် ဘယ်တော့မှ မပြည့်တော့မယ့်ဆုပဲလို့ မှတ်ထားလိုက်တော့"

သူ အဲဘယ်ကြောင့် ညို့အပေါ် ဒီလောက် အငြိုး



www.burmeseclassic.com

www.burmeseclassic.com



တကြီး ဖြစ်နေမှန်း ညို့ တွေးလို့ပင် မရပါ။ ညို့ သူ့ကို ချစ်နေမိမှန်း သူ နည်းနည်းတော့ ရိပ်မိမှာပါ။ ဘာကြောင့်များ ညို့၏ အချစ်တွေကို ခုလောက် ပစ္စလက်ခတ် ဥပေက္ခာ ပြုရက်မှန်း ညို့ နားမလည်ပါ။ တစ်ချိန်ချိန်မှာ သူ့ရဲ့အချစ်ကို သူကိုယ်တိုင် ရက်ရောကြည်ဖြူစွာ ပေးလာတာကိုသာ ညို့လိုချင်ပါသည်။ ညို့ ဆုတောင်းပဲ တကယ် မပြည့်နိုင်တော့တာလား၊ သူကပဲ ကိုယ်ရောင်ဖျောက် ရှောင်တိမ်းသွားတာလား ညို့ မသိတော့နိုင်။ အဲဒီတစ်ကြိမ်သည် နောက်ဆုံး တွေ့ဖြစ်ခဲ့ခြင်း ဖြစ်ပြီး သူ့ကို နောက်ထပ် တွေ့ခွင့်မရတော့ပါ။ တကယ်တော့ သူ ညို့ဆီက ထွက်ပြေးသွားခဲ့ခြင်းဖြစ်ပါသည်။



မေမေနှင့် သူ့မေမေ အန်တီ Audric က အမြဲလိုလို ချိန်းချက်တွေ့ဆုံနေကျဖြစ်သောကြောင့် ညို့သည် သူ့အိမ်သို့ တစ်ပတ်တစ်ခါတော့ အမြဲလိုလို ပုံမှန် ရောက်ဖြစ်လေသည်။ သူကတော့ အိမ်မှာ မရှိတော့။ ညို့ကို ပြတ်ပြတ်သားသား ငြင်းပြီးနောက် သိပ်မကြာခင်မှာပဲ စင်္ကာပူသို့ ထွက်သွားခဲ့ခြင်းဖြစ်သည်။ သူ့မေမေက ပြော၍မဆုံး။ ညို့ကို မျက်နှာပူ အားနာ၍မဆုံး။ ညို့ကတော့ ထုံးစံအတိုင်း ရင်ထဲက ခံစားချက်တွေကို လျှို့ဝှက်ဖုံးကွယ်ထားလျက် ပြုံးပြီး



www.burmeseclassic.com

www.burmeseclassic.com



ကလေးသာ နေခဲ့ပါသည်။ သူ့ရဲ့ အငြင်းဟာ မေမေနှင့် အန်တီ audric ကြားက ချစ်ခင်နွေးထွေးရင်းနှီးသော ဆက်ဆံရေးကိုတော့ မထိခိုက်စေခဲ့ပါ။

"သမီးရယ် . . . အန်တီဖြင့် အံ့ဩလို့ မဆုံးနိုင်ဘူး၊ သားရဲ့ ပုံစံဟာ အဲဒီလိုကို မဟုတ်ဘူး၊ အန်တီ့ကို သိပ်ချစ်လွန်းတဲ့သား၊ မအေ မျက်နှာတစ်ချက်ညိုရင် နေစရာ မရှိအောင် ပျာနေတတ်တဲ့ သားပါ။ အန်တီ သူ့ကို စံနစ်တကျ ပုံသွင်းလာခဲ့တာပါ။ ဒီတစ်ကြိမ်ပဲ အန်တီ့မျက်နှာကို သူ မကြည့်ဘဲ ကလန်ကဆန် လုပ်သွားခဲ့တာ၊ အသေချာဆုံးကတော့ သူ့ချစ်သူ မိန်းကလေးကြောင့်ပဲ ဖြစ်မှာပါ။ အန်တီကတော့ သဘောမကျပါဘူး၊ စက်ဘီး ထွက်သွားတာလည်း သားတို့ accident ဖြစ်ပြီး သူ့ကောင်မလေး ကိုယ်အောက်ပိုင်း သေသွားတာကြောင့် အများကြီးပါတယ်ဆိုတာ အန်တီ ရိပ်





မိပြီးသားပါ၊ ဒါကြောင့် သိပ်မတားပါဘူး၊ သူ့ ဝေဒနာတွေ သက်သာလာတဲ့ တစ်နေ့ သူ ပြန်လာလိမ့်မယ်၊ သူ အန်တီနဲ့ခွဲပြီး အကြာကြီး မနေနိုင်ပါဘူး၊ အန်တီကလည်း သူ့ကို ပြောထားပြီးသား၊ ညို့ကလွဲပြီး နောက်ထပ် ဘယ်မိန်းကလေးနဲ့မှ မကြည်ဖြူနိုင်ဘူးလို့"

အန်တီ Audrie ကတော့ ညို့ရင်ထဲက တိတ်တိတ်နိုး တွယ်တာမှုတွေကို ရိပ်မိတယ် ထင်ပါရဲ့။ နွေးထွေးနားလည်စွာ နှစ်သိမ့်ရှာပါသည်။ ညို့ကတော့ ရင်ထဲမှာ ယုံကြည်မှုကလေးတစ်ခု တိတ်ဆိတ်စွာ ရှင်သန်ခိုအောင်းနေခဲ့ပြီးသား။ သူ့ရဲ့ အချစ်ဆိုသော အရာသည် ညို့တောင်းသော ဆုတစ်ဆုဖြစ်သည်မို့ တစ်ချိန်ချိန်မှာ ပြည့်စေချင်ပါသေးသည်။ ထိုအချိန်သည် တစ်နှစ်ပဲ ဖြစ်ဖြစ်၊ နှစ်နှစ်ပဲ ဖြစ်ဖြစ်၊ ငါးနှစ်ပဲ ဖြစ်ဖြစ် ညို့ စိတ်ရှည်သည်းခံစွာပင် စောင့်ဆိုင်းနေပါမည်။ စောင့်ဆိုင်းခြင်းသည် ညို့အချစ်၏ သက်သေတစ်ခုဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီနှစ်ပိုင်းတွေထဲမှာတော့ ညို့သည် တစ်ခုခုကို လိုချင်တောင့်တမိတာရှိလျှင် ခါတိုင်းလို ပြင်းပြထက်သန်စွာ ဆုတောင်းခြင်းမျိုးကို တမင်သက်သက်ပင် စိတ်ကိုထိန်း၍ ရှောင်ကြဉ်မိခဲ့ပါသည်။ ဘာကြောင့်လဲဆိုတော့ ကိုယ့်ဆုတောင်းက သိပ်ပြည့်တတ်လွန်းနေလျှင် ကိုယ့်ဆုတောင်းပြည့်ဖို့အတွက် တစ်ဖက်သားတွေမှာ ရာကြိမ် ထိခိုက်နစ်နာပေးဆပ်လိုက်ရမည့် အဖြစ်မျိုးကို မလိုလားမိသောကြောင့် ဖြစ်သည်။ ညို့အတွက် အကောင်းဆုံးသော သက်သေတွေက စွမ်းစနှင့် လှပဝေးကို့ပဲဖြစ်သည်။ ထိုပုံသဏ္ဌာန်နည်းလမ်းမျိုးဖြင့် သူတို့နှစ်ယောက် ခွဲခွါလိုက်ရမည့် အဖြစ်မျိုးကို ညို့ မလိုလားခဲ့သည်မှာ အမှန်ပါ။ အခုတော့ သူတို့ ဝေးသွားခဲ့ကြပြီ။ ညို့နှင့်





စွမ်းစ နီးသွားခဲ့သလား ဆိုတော့လည်း အဝေးကြီးပင်။

ညို့သည် လှပဝေးကို အမှတ်မထင် ပြန်မဆုံခင်အချိန်အထိ ကိုယ့်ကိုယ်ကို အပြစ်မတင်သူတစ်ယောက်လို အမြဲပဲ စိတ်မလုံခြုံစွာ ခံစားနေခဲ့ရခြင်းဖြစ်သည်။ အဲဒီနေ့ကတော့ တကယ့်ကို တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ မေမေနှင့် အန်တီAudrieတို့က Capital Hypermarket သို့ သွားရအောင်ဆိုသဖြင့် ကားလိုက်မောင်းရင်း လိုက်သွားခဲ့ခြင်းဖြစ်၏။ စပျစ်သီးရောင် ဆံနွယ်ခွေလိပ်များနှင့် အမိုက်စား မိန်းကလေးတစ်ယောက်ကို လှလိုက်တာဟု ငေးကြည့်မိသွားရင်းကနေ သူမကို ပြန်းခနဲ မှတ်မိသွားခဲ့သည်။ အို . . . အဲဒါ လှပဝေးပဲ။ အနက်ရောင် ခပ်ဆန်းဆန်း အကျီကိုယ်ကြပ်ကလေးနှင့် ဂျင်း(န်)ပဲန်(န်)မိုးပြာရောင် ဖျော့လွလွ ခြေသလုံးတစ်ဝက်လောက်ကလေးကို တွဲဖက်ဝတ်ထားကာ ခြေသလုံးမှာ ကြိုးကလေးတွေ ရစ်ပတ်ချည်နှောင်ရှုပ်ထွေးသော ငွေမင်ရောင် ဟိုက်ဟီး(လ်)ကလေးနှင့် လှပကြော့မော့နေ



www.burmeseclassic.com

www.burmeseclassic.com



သော လှပဂေးကို မြင်သူတိုင်းကလည်း လည်ပြန်ငေးမောရလျက်။ ညို့ရင်ထဲ လှိုက်ခနဲ ပျော်သွားမိသော ခံစားချက်မှာ လှပဂေး အောက်ပိုင်းသေသွားသော ဝေဒနာ ပြန်လည်သက်သာကောင်းမွန်သွားပြီဆိုသော အသိကြောင့် ဖြစ်သည်။ ပြီးတော့ တဆက်တည်းမှာ ကိုစွမ်းစသာ သိလျှင်ဆိုသော အတွေးကလည်း အလျဉ်မပြတ် ဝင်လာသည်။

"လှပဂေး . . . လှပဂေးနော် . . . တို့ မေညို့မယ်လေ"

ညို့သည် ဘယ်လိုမှ မသိချင်ဟန်ဆောင် ရှောင်ယွဲ့မသွားနိုင်သောကြောင့် ခပ်သွက်သွက်ပင် သွား၍ နှုတ်ဆက်လိုက်သည်။ သူမက ချာခနဲ လှည့်ကြည့်တာ ချက်ချင်းမှတ်မိစွာ . . .

"ကြည့်စမ်း . . . ညို့ တစ်ယောက်တည်းလား"

ဟု . . . အာယာတတွေ မရှိတော့သလို ပြန်နှုတ်ဆက်ရင်း မျက်လုံးတွေက တစ်စုံတစ်ယောက်ကို အသည်း





အသန် လိုက်ရှာနေသလို ဝေ့ဝဲလှုပ်ရှားလျက်ရှိသည်။

"ကျွန်မ မေမေနဲ့ အန်တီ Audrie ပါတယ်၊ သူတို့ဟိုဘက် ဆက်လျှောက်သွားကြတယ်၊ ကျွန်မက ပဂေးကို မြင်လို့ ဝမ်းသာအားရ လာနှုတ်ဆက်တာ၊ ပဂေး နေကောင်းသွားပြီနော်"

ညို့က ခြေထောက်တွေကို တစ်ချက်ငုံ့ကြည့်ရင်း မေးလိုက်သည်။

"အင်း . . . ဆိုပါတော့ ညို့ရယ်၊ ဘာလိုလိုနဲ့ သုံးနှစ်တောင် ကျော်သွားပြီ ဥစ္စာ၊ ကျွန်မ စက်ဘီးမှာ သွားကုခဲ့တာလေ၊ ဟောဒါ ကျွန်မရဲ့ ဒေါက်တာပေါ့"

အနားသို့ ရောက်လာသော အရပ်မြင့်မြင့်၊ သန့်ပြန့်သားနားသော လူချောတစ်ယောက်၏ လက်ကို လှမ်းဆွဲလိုက်ရင်း ကန္တဲ့ကလျ ပြောလိုက်သော ပဂေးကိုကြည့်ပြီး ညို့ရင်ထဲ ဝမ်းနည်းသွားသလို ဟာခနဲ ဖြစ်သွား၏။ ထိုလူကတော်တော့်ကို သားနားပါသည်။ မျက်နှာထားက နူးညံ့ရည်မွန်



www.burmeseclassic.com

www.burmeseclassic.com



ကာ ကြင်နာတတ်မယ့်ပုံ၊ ကရုဏာကြီးမယ့် ပုံစံမျိုးဖြစ်သည်။

"ကို . . . ဒါ ပင်ေး ရဲ့ ကျောင်းတုန်းက သူငယ်ချင်း ဆိုပါတော့၊ မေညို့မယ်တဲ့ . . . ၊ ကျွန်မတို့ ဒီမှာ လက်ထပ်ပြီးရင် စက်ာပူသွားကြတော့မလို့ ညို့ရဲ့၊ ကိုက စက်ာပူမှာ ဆရာဝန်လုပ်နေတယ်လေ၊ ကျွန်မ ဆေးသွားကုရင်း တွေ့ကြတာ ဆိုပါတော့"

ပင်ေးကို ကြည့်ရသည်မှာ ပျော်ရွှင်စိတ်ချမ်းသာနေပုံပင်။ ဖြစ်ခဲ့ပြီးသော အတိတ်က ပြဿနာတွေနှင့် ကိုစွမ်းစကိုလည်း မေ့မေ့ပျောက်ပျောက် ရှိနေဟန်ပင်။

"စက်ာပူမှာ ကိုစွမ်းစနဲ့ မဆုံကြဘူးလားဟင် ပင်ေး။ သူလည်း စက်ာပူရောက်နေတယ်၊ သူ ထွက်သွားတာ သုံးနှစ်လောက်ရှိပြီ"

ညို့သည် မနေနိုင်စွာပဲ ကိုစွမ်းစအကြောင်းကို အလိမ္မာကလေးနှင့် သတိတရ ပြောမိတော့ ပင်ေးက သူမနှင့်ဘာမှ မသက်ဆိုင်သူတစ်ယောက်အကြောင်း ကြားရသလိုပင်





မျက်နှာလှလှကလေးပေါ်မှာ ဘာအပြောင်းအလဲမှ ပေါ်မလာဘဲ . . . .

"ဟုတ်လား . . . မတွေ့ဖြစ်ဘူး ညို့၊ ညို့တို့ရော လက်ထပ်ဖြစ်ကြလား"

ဟု . . . ညို့နှင့်သာ သက်ဆိုင်သူလို ပြန်မေးလေသည်။ ဆရာဝန်ကတော့ ပင်ေး၏ မျက်နှာကလေးကိုသာ ဂရုတစိုက် အလှကြည့်နေလျက် လက်ကလေးတစ်ဖက်ကို လှမ်း၍ ဆုပ်ကိုင်ထားပုံမှာ တမြတ်တနိုး ရှိပုံပင်။ ပင်ေးကပဲ ကံကောင်းတာလား . . . ကိုစွမ်းစကပဲ ကံဆိုးတာလား ညို့မဝေခွဲတတ်တော့ပါ။ ညို့သည် ပင်ေး၏ အမေးကို ခေါင်းကလေးပဲ ခါရမ်းပြလိုက်သည်။ ပင်ေးဟာ ညို့တို့ကို ဘယ်လောက်ထိတောင် အထင်တွေ လွဲနေခဲ့တာပါလိမ့်။

"ကဲ . . . သွားဦးမယ် ညို့ရယ်၊ ဪ . . . ကျွန်မရဲ့ ဖုန်းနံပါတ် ယူထားလိုက်နော်၊ ပြီးတော့ ညို့ရဲ့လိပ်စာလေး message ပို့ပေးပါဦး၊ ကျွန်မတို့ မင်္ဂလာဆောင်



www.burmeseclassic.com

www.burmeseclassic.com



ဖိတ်ချင်လို့ပါ၊ ဆက်ဆက်လာခဲ့နော်"

ဟု . . . ဆိုပြီး ပဂေးက သူမ၏ ကဒ်ကလေး တစ်ကဒ် ညို့လက်ထဲသို့ ထည့်ပေးသွားလေသည်။ ပြီးတော့ ကြော့ကြော့မော့မော့ကလေးပဲ လက်ချင်းတွဲလျက်သား ဆက်လျှောက်သွားကြသည်။ ဒို . . . လောကကြီးတစ်ခုလုံး ဘာတွေ ဖြစ်ကုန်ပြီမသိ။ ပြောင်းလဲသွားလိုက်တာ။ သုံးနှစ်ဆိုတဲ့ အချိန်ကာတစ်ခုဟာ လူတွေကို တကယ်ပဲ ပြောင်းလဲသွားစေသလားကွယ်။ ပြီးတော့ ချစ်တတ်တဲ့ ချစ်သူတွေကိုလည်း ပြောင်းလဲစေသလား။ နှလုံးသားတွေကိုရော . . .။ အဲဒီအချိန်မှာ ညို့ရင်ထဲ ပြင်းပြင်းထန်ထန် သတိရမိသူဟာ တစ်ဦးတည်းသာ ရှိပါသည်။ စွမ်းစရေ . . .။ ရှင်ရော ဘယ်တော့မှ မပြောင်းလဲတော့ဘူးလားဟင်။

❀❀❀



## အခန်း . . . ၁၁

ဒီနှစ်ဆောင်းသည် ဟိုးအရင်နှစ်တွေကထက် ပိုပြီးတော့ လွမ်းစရာကောင်းတာ အမှန်ပင်။ ဘာကြောင့်မှန်းတော့ မသိ။ အအေးလည်း ပိုသည်းသည်။ မြူတွေလည်း ပို၍ဆိုင်းသည်။ ညို့ရင်ထဲက အလွမ်းတွေကလည်း ပို၍ သိပ်သည်းလှလေသည်။ မှတ်မှတ်ရရ အခုလို မနက်စောစော ထ၍ ပြေးတိုင်း သူ့ခြံကလေးရှေ့ရောက်တိုင်း ရင်ထဲမှာ နင့်နင့်နဲနဲ ဝေဒနာတစ်မျိုးဖြင့် အပြေးတို့ရပ်ကာ စောင့်၍ ကြည့်မိမြဲ။ သူ ထွက်လာပါစေဟုတော့ ဆုမတောင်းမိပါ။ သူ့ခြံကလေးသည် အခုထက်ထိ မရောင်းရသေး။ ခြံစောင့်တွေနှင့် ခွေးနှစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



လည်း ဟိုးအရင်ကအတိုင်း မပြောင်းလဲချေ။ သူ မရှိတာ တစ်ခုတည်းပါပဲ။ ဒီလို ပြေးတိုင်း အလွမ်းတွေ တနင့်တပိုး သယ်ဆောင်လာခဲ့ရတာ သုံးနှစ်တောင် ကျော်ခဲ့ပြီ။ သူ့ အိမ်ကလေးထဲ ဝင်ကြည့်မလားဟု အကြိမ်ကြိမ် စိတ်လှုပ်ရှား ရင်ဖိုစွာ ကိုယ့်ကိုယ်ကိုယ် မေးခွန်းထုတ်ခဲ့ဖူးသည့် အကြိမ်ပေါင်းမှာ မရေတွက်နိုင်ခဲ့။ သို့သော်လည်း မအောင်မြင်ခဲ့ပါ။ ညို့ အံ့ဩ၍ မဆုံး။ လူတစ်ယောက်ကို ဒီလောက် ကာလကြာရှည်စွာ ရင်ထဲမှာ စွဲမြဲနှစ်တွယ်နေလျက် တစ်နေ့မှ မေ့မရလောက်အောင် စွဲမြဲတွယ်တာနေသော သံယောဇဉ်မျိုး ညို့ရင်ထဲမှာ ခိုအောင်းနေနိုင်တာကိုလေ။ သုံးနှစ်ကျော် အချိန်ကာလ တစ်ခုလုံး တစ်နေ့ကို အနည်းဆုံး တစ်ကြိမ်တော့ သတိရမိ၊ သူ့အကြောင်း တွေးမိလိုက်တာချည်းပင်။ အနည်းဆုံးတော့ ခုလို မနက်စောစော မြူတွေကြားထဲကနေ ဘွားခနဲ ပေါ်လာတတ်သော လူရိပ်တစ်ရိပ်တစ်လေကို တွေ့မိသည့်အခါတိုင်း သူ





များလားဟု ထိတ်ခနဲ ရင်ခုန်မိသွားတတ်မြဲတည်း။ တစ်ခါတစ်ရံ ...

"ဟေ့ ... ညို့"

ဟု ... နောက်နားတစ်နေရာရာကနေ လှမ်းခေါ်လိုက်သော သူ့အသံကို ကြားမိသလိုလို ရှိစွာ နောက်သို့ ဖျတ်ခနဲ ပြန်ပြန်လှည့်ကြည့်မိတတ်တာတွေလည်း ရှိလေသည်။

"ညို့ ..."

အခုလည်း ထိုအသံမျိုး ခပ်ဆင်ဆင်ကို ကြားလိုက်ရသလို ရှိပြန်ပြီ။ ပြေးနေသော ခြေလှမ်းများကို ဖျတ်ခနဲ ရပ်တန့်လိုက်ကာ ချာခနဲ လှည့်ကြည့်လိုက်မိတော့ မြူတွေကြားထဲမှာ ရပ်နေသော အရိပ်တစ်ခုကို မပီဝိုးတဝါး တွေ့လိုက်ရသည်။ ဘယ်သူဘယ်ဝါဆိုတာ မသဲကွဲလှပေမယ့် ထိုအရိပ်နှင့်အတူ ခွေးနှစ်ကောင်၏ အရိပ်သဏ္ဌာန်ကိုပါ ယှဉ်တွဲ၍ မြင်လိုက်ရခြင်းကြောင့် ရင်တော့ တော်တော် ခုန်သွားရလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ကိုစွမ်းစလားဟင် . . ."

ဟု . . . မျှော်လင့်တကြီး မဝံ့ရဲစွာ လှမ်းမေးနေခိုက်မှာပဲ ထိုသဏ္ဌာန်သည် ပီပြင်ပြတ်သားစွာ ရှင်းလင်းလာခဲ့သည်။ အိုး . . . လွမ်းမောဖွယ် ကောင်းလိုက်တဲ့ မျက်နှာတစ်ခုပါလား။ သူမှ သူပါပဲ။ ဟိုးအရင်ကလို နှစ်လိုနွေးထွေးသည့် အပြုံးတစ်စဖြင့် ခွေးနှစ်ကောင် ဆွဲထားသော ကြိုးကိုလက်ထဲမှာ ခပ်တင်းတင်း ဆုပ်ကိုင်ထားလျက် တရွေ့ရွေ့ချဉ်းကပ်လာသည်။ ညို့သည် ရင်ခုန်လွန်းသောကြောင့် ဒူးမျှားပင် ညွတ်ခွေမတတ် ယိုင်နွဲ့လာသည်။

"ဘယ်တုန်းက ပြန်ရောက်နေတာလဲ ဟင်"

ဟု . . . မေးလိုက်သောအသံမှာ လွမ်းဆွတ်တမ်းတမှုတွေ ပါချင်ပါနေနိုင်သည်။ သူ ရိပ်မိလည်း ညို့ဂရုမစိုက်နိုင်တော့ပါ။





"မနေ့ကပဲ ပြန်ရောက်တာ၊ ကိုယ် မေမေနဲ့တောင် မတွေ့ရသေးဘူး၊ မေမေ့ကို Surprise လုပ်မလို့လေ၊ မနက်ဖြန် မေမေ မွေးနေ့ အမှီ ကိုယ်ပြန်ရောက်နေတာ"

"ဩော် ဩော် . . . မတွေ့ရတာတောင် ကြာပြီနော်"

"မင်း အကြောင်းတွေတော့ မေမေ့ဆီကနေ အမြဲ ကြားရပါတယ်၊ မေမေ အမြဲပြောပြလွန်းလို့ အလွတ်တောင် ရချင်နေပြီ"

"အိုး . . ."

ညို့ သဘောကျစွာ ရယ်မောမိမတတ် ဖြစ်သွားပါသည်။

"မင်းဆုတောင်းသေးလား ညို့"

"ဘာကိုလဲ ကိုစွမ်း၊ ဘာကို ဆုတောင်းရမှာလဲ"

ညို့သည် သူ့မေးခွန်းကို အနည်းငယ် နားလည်



www.burmeseclassic.com

www.burmeseclassic.com



ရိပ်မိသလိုလိုရှိသော်လည်း သူပြောတာကို ကြားချင်သောကြောင့် ပြန်၍ မေးလိုက်မိသည်။

"ဒီနှစ်ကောင်က ကိုယ့်ကို လွှမ်းနေတာကွ၊ သူတို့ လမ်းလျှောက်ချင်နေပြီ၊ လာလေ . . . လမ်းလျှောက်ရင်း စကားပြောတာပေါ့၊ မင်းကတော့ အရင်အတိုင်းပဲ မပြောင်းလဲပါဘူး"

သူ တမင်သက်သက်များ စကားလမ်းကြောင်း လွှဲလိုက်တာလား။ ညို့က မနေနိုင်စွာ . . .

"ခုနက စကားကို ဆက်ပြောဦးလေ ကိုစွမ်းစ၊ ကျွန်မက ဘာကို ဆုတောင်းရမှာလဲလို့"

ဟု . . . ထပ်၍မေးလိုက်တော့ သူက မဖြေပါ။ ပြုံးရုံသာ ပြုံးနေသည်။ သူ့အပြုံးက အသည်းယားဖို့ ကောင်းလိုက်တာနော်။

"ဪ . . . မင်းရဲ့ဆုတောင်းကို မင်းကလွှဲပြီး ဘယ်





သူက သိနိုင်ရမှာလဲ၊ ကိုယ့်ကို လာပြန်မေးနေသေးတယ် . . . ဒုက္ခပဲ"

"မဟုတ်ဘူးလေ . . . ဘာကို ရည်ရွယ်ပြီး မေးတာလဲ ဆိုတာကို သိချင်တာပါ၊ ဒါပေမယ့် ကျွန်မ ဆုမတောင်း ဖြစ်ခဲ့တာ ကြာပါပြီ။ မှတ်မှတ်ရရ ပြောရရင် သုံးနှစ် ကျော်ခဲ့ပြီ"

သူက ပခုံးတစ်ချက်တွန့်သည်။ ကဲ . . . ဘာ ဆက်ပြောရမလဲ။ ညို့သည် သူနှင့် အခုလို ယှဉ်တွဲလျှောက်နေရခြင်းအပေါ် သာယာယစ်မူးလာမိတာကိုတော့ ဘာနဲ့မှ တားဆီးချုပ်ထိန်းထားလို့မရ။ ဒီလို တဒင်္ဂကလေး ပေါင်းများစွာကို တကယ်ပဲ ပိုင်ဆိုင်ဖူးချင်လှပါသည်။

"ကိုစွမ်းစ ခဏပြန်လာခဲ့တာလားဟင်"

"ဆိုပါတော့ . . . ကိုယ် မေမေ့ကို လက်ဆောင်တစ်ခု လာပေးတာ၊ မေမေ လုံးဝ မျှော်လင့်မထားတဲ့ လက်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်တစ်ခုပေါ့ . . .”

“သြော် . . . ကောင်းပါတယ် ကိုစွမ်းစရယ်၊ အန်တီက ကိုစွမ်းစကို အရမ်း လွမ်းနေတာ၊ စကားပြောတိုင်း ကိုစွမ်းစအကြောင်း မပါရင် မပြီးဘူး”

“မေမေ့အကြောင်း ကိုယ်သိတာပေါ့၊ ကိုယ်လည်း မေမေ့ကို လွမ်းတာပေါ့”

စကားပြောနေရင်း ညို့သည် လှပဂေးကို ပြုန်းခနဲ သတိရလာသည်။ သူ လှပဂေးအကြောင်း သိချင်မှာပဲ။ သူတို့ ဆုံများ ဆုံခဲ့ပြီးပြီလား။ ဒီအကြောင်းကို ညို့ ပြောသင့်သလား၊ မပြောသင့်ဘူးလား။

“မင်း ဘာတွေးနေသလဲဆိုတာ ကိုယ် ခံစားလို့ရသလိုပဲ ညို့၊ ပဂေးအကြောင်းဆိုရင် မပြောပါနဲ့တော့၊ အားလုံး ပြီးသွားခဲ့ပါပြီ”

“ကိုစွမ်းစတို့ တွေ့ဖြစ်သေးလားဟင်”





“ကိုယ် အားလုံးသိပါတယ်၊ သူ ကိုယ့်ဆီ ဖိတ်စာ လှမ်းပို့တယ်၊ ကိုယ့်ရဲ့လိပ်စာကို မေမေ့ဆီ လှမ်းတောင်းပြီးတော့ကို ပို့ခဲ့တာ”

“မင်္ဂလာပွဲတော့ ကျွန်မကိုလည်း ဖိတ်လို့ သွားလိုက်သေးတယ်”

“ကောင်းပါတယ် . . . သူ့ခြေထောက်တွေ ပြန်ကောင်းသွားတာအတွက်ပဲ ကိုယ် ဝမ်းသာတယ်၊ ကျေနပ်ပါတယ်၊ သူ့ဘဝအတွက် သူနဲ့ အထိုက်တန်ဆုံးလို့ သူယူဆတဲ့ လူတစ်ယောက်ကို ရွေးချယ်သွားတဲ့အပေါ် ကိုယ် လက်ခုပ်တီးပေးလိုက်ပါတယ်၊ သူ့ ကိုယ့်ကို တော်တော်နာကြည်းသွားတာ၊ ထားလိုက်ပါတော့လေ၊ ကဲ မင်း ကိုယ့်ကို miracle ကလေးတစ်ခုလောက် လုပ်မပြချင်ဘူးလား”

“ဟင် . . . ဘာလဲ၊ ကျွန်မ miracle တွေ၊ ဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



မလုပ်ဖြစ်တာ တော်တော်ကြာပြီ ကိုစွမ်းစရဲ့၊ ကိုစွမ်းစ က ဘာလုပ်စေချင်လို့လဲ"

"ကိုယ် အခု ကောက်ညှင်းပေါင်း ပူပူနွေးနွေးနဲ့ ပဲပြုတ် အငွေ့တထောင်းထောင်းလေး စားချင်စိတ် အရမ်းဖြစ်နေတယ်ကွာ၊ မင်း ရအောင် လုပ်ပြပေး"

"ဘုရားရေ . . ."

ညို့သည် ရင်ဘတ်ကလေးဖိကာ ဘုရားတလိုက်မိရင်း သူ့ရဲ့ မပြောင်းလဲသေးသော ကျီစယ်နောက်ပြောင်တတ်သော စရိုက်ကလေးကို အလွမ်းပြေ၍ သွားလေသည်။

"ကျွန်မက ဘယ်လိုလုပ်ပြပေးရမှာတုန်း ကိုစွမ်းစရဲ့၊ ကျွန်မဖြင့် ဆုမတောင်းဖြစ်တာတောင် တော်တော်ကြာပြီ၊ ဒါပေမယ့် ကိုစွမ်းစ ပြန်လာတဲ့ အထိမ်းအမှတ်နဲ့ ပထမဆုံးအကြိမ် ဆုပြန်တောင်းကြည့်မယ်လေ"





ညို့သည် ပြုံးပြုံးကလေးပြောရင်း စိတ်ထဲကနေ လှိုက်လှိုက်လှဲလှဲကလေး ဆုတောင်းလိုက်သည်။

"ကဲ . . . ကောက်ညှင်းပေါင်း ပဲပြုတ်သည်ကြီးရယ်၊ ကျွန်မချစ်တဲ့ လူငယ်ကလေး စိတ်ချမ်းသာ ပျော်ရွှင်စေဖို့အတွက် surprise ကလေးအနေနဲ့ ဒီဝင်းထဲကို လာခဲ့ပေးပါဦးနော်၊ ကျွန်မရဲ့ ဆုတောင်းလေး ပြည့်ပါရစေကွယ်"

အဲဒီနောက်တော့ ညို့တို့နှစ်ယောက် လမ်းဆက်လျှောက်လာခဲ့ကြသည်။ ညို့ရင်ထဲမှာတော့ တဒိတ်ဒိတ် ခုန်၍ နေလေသည်။ မကြာပါ . . .။ တကယ်ကို မကြာလိုက်ပါ။ ညို့တို့ သုမင်္ဂလာဝင်းထိပ်နားသို့ ရောက်ခါနီးတွင် ပဲပြုတ်တောင်းကြီး ခေါင်းမှာရွက်ထားလျက် . . .

"ကောက်ညှင်းပေါင်း၊ ပဲပြုတ်၊ နံပြား"

ဟူသော အခေါ်ကြီး၏ အသံက ညို့တို့နှ



www.burmeseclassic.com

www.burmeseclassic.com



ယောက်လုံး၏ ခြေလှမ်းတွေကို တုန့်ခနဲ ရပ်တန့်ပစ်လိုက်တော့၏။ သူ့မျက်နှာသည် အားပါးတရပြုံးလျက် လင်းဖြာသွားကာ ညို့ဘက်သို့ တစ်ချက်လှည့်ကြည့်သည်။ ပြီးတော့ . . . ပြောလိုက်သော လေသံမှာ တကယ့်ကို တိုးတိုးဖွဖွကလေး။ သို့သော် ညို့ရင်ထဲသို့ ကျယ်လောင်စွာ ဖြတ်စီးဝင်ရောက်လာခဲ့သည်။

"အဲဒါတွေကြောင့် မင်းကို ကိုယ် တစ်ရက်မှ မမေ့နိုင်ခဲ့တာ ညို့၊ မင်းက တကယ့် miracle ပဲ၊ ကိုယ့်ဘဝမှာ တစ်ယောက်မှ ထပ်မတွေ့ဖူးသေးတဲ့ မိန်းကလေးပဲ၊ မင်းအကြောင်း ကိုယ် နေ့တိုင်းနီးပါး တွေးဖြစ်တယ်၊ မတွေးဖြစ်ရင်လည်း မေမေနဲ့ စကားပြောတိုင်း မင်းအကြောင်း ပါတယ်၊ တကယ်တမ်းပြောရရင် ကိုယ် စက်ာပူကို ထွက်သွားခဲ့တာဟာ မင်းဆီကနေ ကိုယ် ရှောင်ဖျောက် ထွက်ပြေးခဲ့တာ သက်သက်ပဲ၊ မင်းက ညို့တတ်တယ်လေ၊ မင်း ကိုယ့်ကို ညို့ယူလိုက်မှာ ကိုယ်





တကယ်ပဲ ကြောက်ခဲ့တာ"

သူ့စကားကြောင့် ညို့သည် ပခုံးကလေး ကျုံ့မိလျက် ရယ်မောမိလေသည်။ ဖြစ်ရလေ . . .။ ပြောရက်လေခြင်းနော်ဟု . . . ညို့ရင်ထဲ ဆစ်ခနဲ မျက်သွားမိပေမယ့် နှလုံးသားမှာ ခုခံဖုံးလွှမ်းထားသော အချစ်ကဗွလာပြင်ထုကသိပ်သည်းထူထပ်လှသဖြင့် ထိုအနာကလေးလောက်က ထိုးဖောက်နိုင်စွမ်း မရှိချေ။ နာကျင်တတ်ဖို့ဆိုတာကတော့ ပြောမနေပါနဲ့တော့။ အချစ်ဆိုတာ ထုံဆေးတစ်မျိုးပဲလားတော့ မသိ။

"ကျွန်မကို အဲဒီလောက်တောင် ကြောက်ခဲ့သလား ကိုစွမ်းစရယ်"

ဟူ၍ မချိတရိကလေးသာ ညည်းမိရက်သားဖြစ်သွားလေသည်။ သူက ရယ်ရယ်မောမော ခေါင်းညိတ်လျက် ဖပြုတ်ကောက်ညှင်းပေါင်းသည်ကြီးကို လမ်းဘေးမှာ



www.burmeseclassic.com

www.burmeseclassic.com



ချစေကာ အငွေ့တထောင်းထောင်း ထနေသော ကောက်ညှင်းပေါင်း ပူပူတွေကို ထိုင်၍ ဝယ်နေလေသည်။ ညို့က သူ့ အပြုအမူမှန်သမျှကို သိမ်မွေ့ညင်သာသော ရင်ခုန်သံဖွဖွဖြင့် ဝေးကြည့်လို့နေမိသည်။ ကောက်ညှင်းပေါင်းဝယ်ပြီးချိန်တွင် သူက ထရပ်ကာ. . .

"ကဲ . . . ကိုယ် အိမ်ပြန်ပြီး ကောက်ညှင်းပေါင်းသွားစားဦးမယ်၊ ညို့ လိုက်ဦးမလား"

ဟု . . . ဖိတ်ခေါ်လျှင် ညို့သည် ငြင်းရကောင်းနိုး လိုက်သွားရကောင်းနိုး ဇဝေဇဝါဖြစ်လျက်ရှိစဉ် သူက ရှေ့ကနေ သွားနှင့်သည်။ ညို့သည် မျက်နှာပြောင်ပြောင်နှင့် လိုက်သွားရမှာကိုလည်း တွန့်ဆုတ်တွေဝေနေမိသေးသည်။ အခြေအနေတွေက ဟိုးအရင်ကလို မဟုတ်တော့ဘူးလေ။ သူနှင့်ကိုယ်ဟာ ဘာမှ မပတ်သက်သေးသော အဖြူရောင် မိတ်ဆွေတွေ ပုံစံမျိုးမဟုတ်။ မိခင်ချင်း သဘောတူ ကြည်ဖြူထားခြင်း





ကို ပြတ်ပြတ်သားသား ငြင်းဆန်ကျောခိုင်းထွက်ခွါသွားခဲ့သူလေ။ တစ်နည်းအားဖြင့် ညို့၏ ချစ်ခြင်းမေတ္တာကို ညို့ယူသူအဖြစ် သံသယ ထားတတ်သူ။ ထိုသူဆီက ညို့ ဘာကိုမျှော်လင့်ရဦးမှာပါလဲ။ အို . . .။ သူ့ကို တစ်ယောက်တည်း လွတ်လွတ်လပ်လပ် သွားခွင့်ပေးလိုက်တာ ကောင်းပါတယ် ဟူသော အတွေးဖြင့် ညို့သည် သူ့ကို ကျောခိုင်းကာ လမ်းထိပ်ရှိ လ္ဘက်ရည်ဆိုင်နားသို့ ရောက်ခါနီးမှာ ညို့ အောင်းဘိထဲ ထည့်ထားသော mobile ကလေး ထမြည်လာသည်။ နံပါတ်ကြည့်လိုက်တော့ သူ့နံပါတ်။

"ဟယ်လို . . ."

"မင်း ဘယ်မှာလဲ ညို့"

"လ္ဘက်ရည်ဆိုင်မှာ . . . ရောက်တော့ မရောက်သေးဘူး၊ ရောက်တော့မယ် . . . ဘာဖြစ်လို့လဲ ကိုစွမ်းစ"

"ကိုယ်က မင်းလိုက်လာမယ်မှတ်လို့ ကောက်ညှင်း



www.burmeseclassic.com

www.burmeseclassic.com



ပေါင်း၊ ပဲပြုတ်တွေ အများကြီး ဝယ်လိုက်တာ၊ ကဲ . . . ကိုယ် မင်းကို ကော်ဖီပါ ဖျော်တိုက်မယ်ဆိုရင်ရော မင်း လာမှာလား ညို့၊ StarbucksCoffce လေ"

သူ့အသံကမှ ညို့ကို ညို့မြှူခေါ်ယူနေသော အသံမျိုး ပေါက်နေတယ်ဆိုတာ သူကိုယ်တိုင်တောင် ရိပ်မိပုံ မရ။

"ကျွန်မက ကိုစွမ်းစကို အနှောင့်အယှက် မပေးချင်လို့ပါ၊ အေးအေးဆေးဆေး တစ်ယောက်တည်း စားပါ"

သို့သော် . . . ညို့၏ ခြေလှမ်းတွေကတော့ဖြင့် လှုက်ရည်ဆိုင်ဆီမှ ပြန်ထွက်လျက်ရှိကာ သူ့ခြံကလေးရှိရာဆီသို့ ဦးတည်လျက်သား ဖြစ်နေပြီ။

"မင်း ကိုယ့်ကို စိမ်းနေသလိုပဲနော်၊ ကိုယ့်ကို စိတ်များ ဆိုးနေသလားဟင်"

"ဆိုးစရာတော့ မရှိပါဘူး . . . ကိုစွမ်းစကို ကျွန်မ





နားလည်ခံစားပေးလို့ ရပါတယ်"

"ကိုယ် မင်းကို လာစေချင်တယ်ဆိုရင်ရော . . ."

ညို့ ပြုံးလိုက်မိသည်။

"ဘာဖြစ်လို့ လာစေချင်တာလဲဟင် . . ."

"ဩော် . . . ကောက်ညှင်းပေါင်းနဲ့ ပဲပြုတ်ဆိုတာ တစ်ယောက်တည်း စားရတာ ပျင်းစရာကြီးကွာ၊ အဖော်လေးနဲ့ စကားလေးပြောရင်း စားမှ အရသာ ပိုရှိတာ၊ လာခဲ့ပါကွာ . . .၊ ကိုယ် ပြန်လာခဲ့တာ မင်းနဲ့ တွေ့ချင်လို့လည်း ပါပါတယ်"

သူ ဝန်ခံဖော်ရလာသဖြင့် ညို့ သာယာယစ်မူး စွာပင် ရယ်မောမိလေသည်။ နောက် ငါးမိနစ်အကြာတွင် ညို့ သူ့ခြံရှေ့က ဘဲလ်ကို တီးနေမိပြီ။

www.burmeseclassic.com

www.burmeseclassic.com



သူ့အိမ်ကလေးက ဟိုးအရင်ကလိုပင် လှပသပ်ရပ် မွေးပျံ့စွာ ညို့ကို ဖမ်းစားနိုင်ဆဲ။ သူ့ ဘုမင်းစားခန်းကလေးထဲမှာ သူ ဖျော်ပေးသော Starbucks ကော်ဖီရယ်၊ ကောက်ညှင်းပေါင်းနဲ့ ပဲပြုတ်ရယ်ကို သူနှင့် နှစ်ယောက်အတူ မျက်နှာချင်းဆိုင်ကာ စားမိကြစဉ် ညို့ရင်ထဲက သံယောဇဉ် တွယ်တာမှုနှင့် အချစ်တို့သည် တရိပ်ရိပ် မြင့်တက်လာကာ ရင်နှင့်မဆန့်တော့ဘဲ လျှံကျမတတ် ပြည့်ဝေလာခဲ့သည်။ အို သူ့ကို ချစ်လိုက်တာ။ သူ့ဆီက ချစ်ခြင်းစကားကိုလည်း ကြား





ချင့် ရချင်လိုက်တာ။ ညို့သည် ဝိုင်မသောက်ဘဲ ယစ်ယစ်မူးမူး ရှိလာသည်။

“ညို့ . . .”

“အင်. ဟင် . . .”

“ကိုယ် မေမေ့ကို ပေးမယ့် လက်ဆောင်ကို မင်း မသိချင်ဘူးလားဟင်”

အလို . . .။ သူ့အသံက ရိုဝေနွေးလှလို့ပါလား။ ပြီးတော့ ညို့ကို ပြုံး၍ ကြည့်နေသော သူ့မျက်ဝန်းတို့ကလည်း ကြည်နူးသိမ်မွေ့ရိပ် မကင်း။ ရာသီဥတုသည် ချက်ချင်းပင် သာသာယာယာ ရှိလာသလို ပတ်ဝန်းကျင် တစ်ခုလုံး ကြည်လင်ပျံ့သင်းလာသလိုပင်။

“သိချင်တာပေါ့ ကိုစွမ်းစရယ် . . . ဘာများလဲဟင်”

“ကိုယ်ရဲ့လက်ဆောင်က ကတိစကားတစ်ခွန်းပါ”

“ဟုတ်လား . . .”

ညို့ ပို၍ စိတ်ဝင်စားသွားကာ သူ့ကို တလက်



www.burmeseclassic.com

www.burmeseclassic.com



လက် ဖြာနေသော မျက်ဝန်းတို့ဖြင့် လှမ်း၍ကြည့်လိုက်မိသည်။ သူကလည်း ရှောင်လွှဲမသွားခဲ့ဘဲ ညို့ကို ပြန်၍ စိုက်ငေးကြည့်လျက်သား ရှိပါသည်။

"မေမေက ကိုယ့်ထက်ပိုပြီး ဖွဲ့ကောင်းတယ်ဆိုတာကို ကိုယ် မေ့သွားခဲ့တယ် ညို့ရဲ့၊ မေမေက ကိုယ့်ကို ပြောတယ်၊ သူ့ကို လက်ဆောင်ပေးချင်ရင် ဘာတန်ဖိုးကြီးတာတွေမှ မလိုချင်ပါဘူးတဲ့၊ သားဆီက ကဗျာတိစကား တစ်ခွန်းဟာ မေမေ့အတွက် တစ်သက်စာတန်ဖိုး မဖြတ်နိုင်မယ့် လက်ဆောင်ပဲတဲ့၊ အဲဒီ ကတိဟာ ဘာလို့ မင်းထင်သလဲ ညို့"

"အလို . . .၊ ကျွန်မက ဘယ်လိုလုပ်ပြီး ထင်ရမှာလဲ ကိုစွမ်းစရဲ့၊ မသိပါဘူး . . ."

သို့သော် . . . ညို့ရင်တွေတော့ ခုန်လာပြီ။ ထိုကတိစကားဟာ ညို့နှင့်များ ပတ်သက်မှု ရှိနေမလားဟု ပြင်းပြင်းပြပြကလေး မျှော်လင့်မိနေပြီ။ သူ့မျက်ဝန်းတွေက





လည်း ညို့ကို မျှော်လင့်စေချင်စရာပင်။

"မေမေချစ်တဲ့ မိန်းကလေးနဲ့ပဲ သား လက်ထပ်ပါ့မယ်ဆိုတဲ့ ကတိပါ ညို့၊ အဲဒီ ကတိကို မပေးခင်ကတည်းက ကိုယ် အထပ်ထပ် အပြန်အလှန် အဖြေရှာပြီးသားပါ။ မင်းကို ကိုယ် ကိုယ်ရောင်ဖျောက်ဖို့ ကြိုးစားရင်းကပဲ မင်းဆီမှာ ကိုယ် ပျော်ဝင်နေခဲ့တာကို ကိုယ် မသိခဲ့ဘူးလေ၊ ပဂေးကို သိပ်ချစ်နေတဲ့ အချိန်ဆိုတော့ မင်းရဲ့ ဆွဲငင်မှုဆီကနေ တွန်းကန်ထွက်ပြေးဖို့ကပဲ ကိုယ့်ရဲ့ စွမ်းအင်လို ဖြစ်နေတယ်။ မေမေ့ကိုတောင် ဆန့်ကျင်ပြီး ကိုယ်ပြေးခဲ့တာပါ၊ ဒါပေမယ့် ကိုယ် လွတ်မြောက်ခဲ့တယ်ထင်သလား ညို့ . . . ဟင်"

သူ့မေးခွန်းကို ညို့ မဖြေပါ။ သူ့ကိုသာ တမေ့တမော ငေးရီကြည့်နေမိလျက်သား ရှိသည်။ အဲဒီအချိန်မှာ ရိုးသားစွာ ဝန်ခံရလျှင်တော့ ဆုတောင်းကလေးတစ်ခုကို တိတ်တိတ်ကလေး ကျိတ်၍ ဆုတောင်းနေခဲ့မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် မင်းဆီကနေ မလွတ်မြောက်ခဲ့ဘူး ညို့၊ မင်းအကြောင်း အမြဲတွေးမိတယ်၊ မင်းကို သတိရတယ်၊ မင်းကို မမေ့ဘူး၊ နောက်ဆုံး ပဂေးကိုတောင် မေ့လို့ရသွားခဲ့ချိန်မှာ မင်းကို မေ့လို့မရဘူး၊ မင်းရဲ့ miracles ကလေးတွေကို ကိုယ်လွမ်းတယ်၊ ဆာတယ်၊ နောက်တော့ မင်းနဲ့ တွေ့ချင်လာတယ်၊ အဲဒါတွေဟာ မင်းကိုယ့်ကို ညို့နေသလား၊ ဆုတွေ တောင်းနေသလားနဲ့ မဆိုင်ပါဘူး၊ ကိုယ်နဲ့ပဲ ဆိုင်တယ်၊ ကိုယ် မင်းကို သူ့အလိုလိုကို ချစ်မိသွားခဲ့တာပါ၊ အဲဒါကိုလည်း မင်းဆီမှာ အရင်ဆုံး ဝန်ခံချင်တာလည်း ပါပါတယ် ညို့"

ဘုရားရေ ဟု . . . ညို့ မ,တလိုက်မိတော့ပါ။ အံ့ဩမင်သက်လွှန်းစွာ၊ ကြည်နူးဝမ်းမြောက်လွန်းစွာ၊ ရင်ခုန်ကျေနပ်လွန်းစွာဖြင့်ပင် ညို့တစ်ကိုယ်လုံး ဆွံ့အတုန်ရီလျက်ရှိလေသည်။ သူ ညို့ကို ချစ်တယ်တဲ့။ ထိုအသိကလေးဆီမှာပဲ လူက မျောလျက်ရှိကာ ကျန်သော ခံစားမှု အသိတွေအားလုံး





တဒင်္ဂ ဝေလွင့်ပျောက်ကွယ်လျက်ရှိသည်။ ညို့အတွက် ဆုတောင်းတွေမှန်သမျှ ပြည့်ခဲ့ဖူးပါရဲ့။ တချို့ ဆုတွေက ခဏကလေး အချိန်တိုတိုအတွင်းမှာ ပြည့်တတ်ပြီး တချို့သောဆုတွေကတော့ နှစ်ရှည်လများ စိတ်ရှည်ရှည် ဖွဲ့ကောင်းကောင်းနှင့် စောင့်ဆိုင်းရတတ်ပြီးမှ ပြည့်ဝတတ်ပါသည်။ ဒီဆုကတော့ ညို့ မျှော်လည်း မျှော်လင့်လွန်းခဲ့သလောက် မျှော်လည်း မမျှော်လင့်ရဲခဲ့သော ညို့ လိုချင်မက်မောဆုံးသော ဆုလာဘ်တစ်ခုဖြစ်သည်။ သူ့ကို စကားတစ်ခွန်းခွန်းတော့ ပြန်ပြောချင်သည်။ သို့သော် ဘာမှကို ပြောလို့မရလောက်အောင် နှုတ်ခမ်းတို့က ဆွံ့အ,တုန်ရင်နေသည်။ သူကလည်း စကားများများ ဆက်မပြောပါ။ ညို့ကိုသာ တိတ်ဆိတ်ညို့ငင်စွာဖြင့် ငေးကြည့်နေသည်။ ညို့သည် သူနှင့် မျက်ဝန်းချင်း ဆုံစည်းကာ အသံတိတ် စကားတွေပဲ မရပ်မနား ပြောနေမိသည်။ သူ နားလည်ရဲ့လားတော့ မသိ။ သူ နားမလည်မှာကိုတော့ မစိုးရိမ်ပါ။ နှလုံးသားချင်း စကားပြော၊ နှလုံးသားချင်း နှုတ်ဆက်တောင်

www.burmeseclassic.com



နားလည်ခံစားနိုင်စွမ်းရှိဖို့ဆိုတာ ချစ်တတ်သူချင်းသာ တတ်နိုင်သောကိစ္စ ဖြစ်သည်လေ။ စကားလုံးတွေလည်း သိပ်များများစားစား မလိုလှပါ။ 'ချစ်တယ်' ဆိုရင် ပြီးပြီပေါ့။

သို့သော် . . . ညို့ရင်ထဲက နည်းနည်းကလေး ပို၍ ကွန့်ချင်လာသည်မှာ သူ့ရဲ့စိတ်ကို စမ်းချင်လာခဲ့ခြင်းဖြစ်သည်။ လူတွေဟာ လိုချင်တာကို ရလာပြန်တဲ့အခါမှာလည်း နည်းနည်း ပိုပြီး လောဘတက်လာတတ်သော သဘောထင်ပါရဲ့။

"ကျွန်မ တစ်ခုမေးချင်သေးတယ် ကိုစွမ်း၊ အခု ကိုစွမ်းစ ဆိုလိုတဲ့ အဓိပ္ပာယ်က ကိုစွမ်းစ မေမေအတွက် လက်ဆောင်ဆိုတဲ့ အဓိပ္ပာယ်နဲ့ အန့်တီ သဘောတူကြည်ဖြူတဲ့ ကျွန်မကို လက်ထပ်ပါ့မယ်ဆိုတဲ့ ကတိကို ပေးတဲ့သဘောပေါ့နော် . . . ဟုတ်လား"

သူက ညို့၏စိတ်ကို ချက်ချင်းပဲ နားလည်သဘောပေါက်လိုက်သလို နှုတ်ခမ်းကလေး ဖျတ်ခနဲကွေး



BURMESE CLASSIC .com



လျက် . . .

"နိုး . . . အဲဒီ အဓိပ္ပာယ် လုံးဝ မသက်ရောက်ဘူး ညို့၊ မင်း နည်းနည်း လွဲသွားပြီ၊ ကိုယ်က မေမေ သဘောတူတဲ့ မိန်းကလေးကို ချစ်နေပြီဆိုတာ သေချာသွားမှ ကတိဆိုတဲ့ လက်ဆောင်ကို လာပေးတာပါ၊ တလွဲ မတွေးပါနဲ့ ညို့ရယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ် မင်းနဲ့ ထပ်ပြီး မလွဲချင်တော့လို့ပါ၊ သုံးနှစ်ဆိုတဲ့ အချိန်ဟာ ကိုယ့်ရဲ့နှလုံးသားမှာ အချစ်သစ်တစ်ခု နုပျိုလန်းဆန်းစွာနဲ့ ပြန်ရှင်သန်လာဖို့အတွက် သိပ်ကို လုံလောက်တဲ့ အချိန်ပါ"

သူက လေးလေးနက်နက် ပြောနေခြင်းဖြစ်သည်။ အိုကေ . . . ဒီလောက်ဆို ညို့အတွက် ကျေနပ်စိတ်ချရပါပြီ။ ညို့ သူ့ကို အားပါးတရ ပြုံးပြလိုက်မိသည်။

"အဲဒီ သုံးနှစ်လုံးလုံး ကျွန်မ အလိုချင်ဆုံး ဆုတစ်ခုအတွက် ကျွန်မ မျှော်လင့်တကြီး စောင့်နေခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



ကိုစွမ်းစ၊ ဒီနေ့ပဲ အဲဒီဆု ပြည့်တယ်၊ ကိုစွမ်းစကို ကျွန်မ ပြောခဲ့ဖူးပါတယ်၊ မှတ်မိသေးလား . . . "

"သိပ်မှတ်မိတာပေါ့ ညို့၊ ကိုယ် ရှုံးသွားတယ်လေ၊ ကိုယ်က မင်းကို ပြောခဲ့တာကိုး၊ မင်း တောင်းတဲ့ဆုဟာ ကိုယ်ဖြစ်ခဲ့မယ်ဆိုရင် အဲဒီဆုဟာ မင်းအတွက် ဘယ်တော့မှ မပြည့်တော့မယ့် ဆုပဲလို့ မှတ်ထားလိုက်တော့လို့ ကိုယ်ပြောခဲ့တာကို ကိုယ် ပြန်မှတ်မိနေသေးတယ်၊ တော်တော်ရင့်တဲ့ ကိုယ်ပဲနော်၊ အဲဒီစကားအတွက် ကိုယ် ပြန်တွေးလိုက်တိုင်း နောင်တရတယ်"

"ထားလိုက်ပါတော့ ကိုစွမ်းစရယ်၊ ကျွန်မ နားလည်ထားပြီးသားပါ၊ ကျွန်မ တောင်းခဲ့တဲ့ဆုဟာ ကိုယ်စွမ်းစမှ မဟုတ်တာ"

"ဘာလဲဟင် . . . "

သူက စိတ်ဝင်တစား မျက်ခုံးတွေ ပင့်ကာ မေးသည်ကို ညို့သည် အနည်းငယ် ရှက်ကိုးရှက်ကန်းနိုင်စွာဖြင့်





လေသံဖွဖွကလေးနှင့် အဖြေပေးလိုက်သည်။

"ကျွန်မ ချစ်တဲ့သူဆီက ကျွန်မကို ပြန်ပေးမယ့် အချစ်ပေါ့"

သူ့မျက်နှာဆီမှာ ကျေနပ်နှစ်သိမ့်ခြင်း၊ သာယာကြည်နူးခြင်း၊ ရင်ခုန်ပီတိတို့သည် ရောင်စဉ်တန်းကလေးများလို လင်းဖြာလာခဲ့သည်။ ပြီးတော့ ညို့ကို လေးနက်မြတ်နိုးစွာ ငေးရီကြည့်လျက် . . .

"I'm flying without wings"

ဟု . . . ခပ်တိုးတိုး ဆိုညည်းလေသည်။

www.burmeseclassic.com


www.burmeseclassic.com



စိတ္တသုခ၊ ကာယသုခဖြင့် ပြည့်စုံနိုင်ကြပါစေ . . .

မေတ္တာအားဖြင့် . . .





လွှန်းထားထား (ဆေးတက္ကသိုလ်)

25th JUNE '08

# လွှန်းထားထား
(ဆေးတက္ကသိုလ်)

ထုတ်ဝေပြီးသုံးချင်းဝတ္ထုများ



BURMESE CLASSIC .com

www.burmeseclassic.com